# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ ကဆုန်လဆန်း (၁၃)ရက် ၊ အင်္ဂါနေ့ ၊ (28-4-2026) ၊ အတွဲ (၃၄) ၊ အမှတ် (၃၅၇)


ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**အရှေ့အလယ်ပိုင်းဒေသတွင် ဖြစ်ပွားလျက်ရှိသော ပဋိပက္ခများကြောင့် အာဆီယံ ဒေသတွင်း စွမ်းအင် ဖူလုံမှုအပေါ် အကျိုး သက်ရောက်မည့် နောက်ဆုံး အခြေအနေများနှင့် စပ်လျဉ်း၍ အာဆီယံ စွမ်းအင်ဝန်ကြီးများ အထူးအစည်းအဝေး ကျင်းပ**

စာမျက်နှာ - ၁၉

**သဘာဝပတ်ဝန်းကျင်သာယာဖို့ ပျားမွေးမြူရေးကို အားပေးစို့**

ဆောင်းပါး

စာမျက်နှာ - ၁၀

## ၂၀၂၆ ခုနှစ် နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသား၊ ကျောင်းသူလူငယ်များအတွက် ရေကြောင်းနှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများ စတင်ဖွင့်လှစ်

**နေပြည်တော် ဧပြီ ၂၇**

ကျောင်းသား၊ကျောင်းသူမျိုးဆက်သစ်လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများတိုးပွားစေရန်၊အားလပ်ရက်များကို အကျိုးရှိစွာအသုံးချနိုင်စေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန် ခေတ်မီနိုင်ငံတော်တည်ဆောက်ရေးတွင် ရေကြောင်းပို့ဆောင်ရေးကဏ္ဍ အရေးပါကြောင်း လူငယ်များသိရှိနားလည်စေရန်၊ လေ့လေ့ာ်အားကစားနည်း၊ ရွက်တိုက်အားကစားနည်းများအတွက် ထူးချွန်သည့် အားကစားသမားများ မွေးထုတ်ပေးရန် စသည့်ရည်ရွယ်ချက်များဖြင့် တပ်မတော်(ရေ)က ကျောင်းသား၊ ကျောင်းသူလူငယ်မောင်မယ်များအတွက်ရေကြောင်းလူငယ်အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၂၆)နှင့် ရေကြောင်းလူငယ်တန်းမြင့်သင်တန်း

စာမျက်နှာ ၁၆ ကော်လံ ၁



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်း အမှတ်စဉ်(၁/၂၀၂၆)အတွက် သင်ထောက်ကူပစ္စည်းများခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုစဉ်။



## ကမ္ဘာ့ရှားပါးမျိုးစိတ် မြန်မာ့မျိုးရင်း ကြယ်လိပ်နှင့် တိုက်လိပ်များကို မျိုးရင်းဇီဝရတနာများအဖြစ် ထိန်းသိမ်းကာကွယ်ထား

**ရန်ကုန် ဧပြီ ၂၇**

မြန်မာနိုင်ငံ၌သာတွေ့ရသော ကမ္ဘာ့ရှားပါးမျိုးစိတ်ဖြစ်သည့် ကြယ်လိပ်နှင့် တိုက်လိပ်ကို မြန်မာ့မျိုးရင်းဇီဝရတနာများအဖြစ် ထိန်းသိမ်းကာကွယ်ထားကြောင်း သိရသည်။

ဇီဝမျိုးစုံမျိုးကွဲကြွယ်ဝသော မြန်မာနိုင်ငံသည် မြစ်၊ချောင်း၊အင်း၊အိုင် ပေါများမှုကြောင့် ကုန်းနေရေနေသတ္တဝါများ ကျက်စားလျက်ရှိရာ ရှားပါးမျိုးစိတ်ဖြစ်သည့် ကြယ်လိပ်ကို မန္တလေး၊ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် အများဆုံး ထိန်းသိမ်းကာကွယ်ထားသည်။ ကြယ်လိပ်သည် မေလမှ စက်တင်ဘာလအတွင်း ဥဥလေ့ရှိပြီး တစ်နှစ်လျှင် လေးကြိမ်၊ တစ်ကြိမ်လျှင် ၁၅ လုံးကျော် ဥလေ့ရှိကြောင်းနှင့် ရှင်သန်နေထိုင်ရာသဘာဝ စားကျက်ပေါ် မူတည်၍ နှစ် ၅၀ ကျော် ရှင်သန်လေ့ရှိကြောင်း သိရသည်။

၁၉၉၉ ခုနှစ်မတိုင်မီက မျိုးသုဉ်းပျောက်ကွယ်လုနီးပါးဖြစ်နေသည့် မြန်မာ့ကြယ်လိပ်ကို မျိုးရင်းပျောက်ကွယ်မှုမရှိစေရန်နှင့် ဆက်လက်မျိုးပွားနိုင်စေရန် လောကနန္ဒာဥယျာဉ်၊ ရွှေစက်တော် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် မင်းစုံတောင် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း

စာမျက်နှာ ၂၀ ကော်လံ ၁




ရတနာပုံ
၂၀၂၆ ခုနှစ် မေ ၂၈ ရက်

အယ်ဒီတာ့အာဘော်

# ဘက်စုံထူးချွန်မောင်မယ် ရေကြောင်းနှင့်လေကြောင်းလူငယ်

ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သဖြင့် နည်းပညာခေတ်တွင် ကမ္ဘာကြီး၌ အသစ်အသစ်သောနည်းပညာများကို အချိန်နှင့်အမျှ တီထွင်ဖန်တီးလျက်ရှိကြသကဲ့သို့ နည်းပညာသစ်များကိုလည်း စဉ်ဆက်မပြတ်ဆည်းပူးရန် လိုအပ်သည်။ နည်းပညာသစ်များကို တွေးတောတီထွင်ဖန်တီးရာတွင် အရည်အချင်း၊ အရည်အသွေးပြည့်ဝသော လူသားအရင်းမြစ်များသည် အဓိကကျသည်။

ယခုကာလသည် နွေရာသီကျောင်းပိတ်ရက်ကာလဖြစ်သဖြင့် အနာဂတ်နိုင်ငံတော်တည်ဆောက်ရေးကို ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့် မျိုးဆက်သစ်လူငယ်မောင်မယ်များအနေဖြင့် အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များ အကျိုးရှိစွာအသုံးချနိုင်ရန်၊ မိမိဝါသနာပါသည့်ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ တပ်မတော်(ရေ)မှ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)မှ အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းများကို ယခုနှစ် ဧပြီ ၂၇ ရက်က သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်းစတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

နိုင်ငံတော်အတွက် ရေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များပေါ်ထွန်းလာစေရန် တပ်မတော်(ရေ)မှ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများကို နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတို့ရှိ ရေကြောင်းလူငယ်စခန်းများ၌ စုစုပေါင်း သင်တန်းသား၊ သင်တန်းသူဦးရေ ၈၀၀ တို့ဖြင့် အသီးသီးဖွင့်လှစ်သင်ကြားလျက်ရှိသည်။ ထို့အတူ အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ် (၁၀) ကို သင်တန်းစခန်း ၁၈ ခုမှ သင်တန်းသား ၉၂၈ ဦး ဖြင့်လည်းကောင်း၊ တန်းမြင့်လေကြောင်းသင်တန်းအမှတ်စဉ် (၉) ကို သင်တန်းစခန်းနှစ်ခု သင်တန်းသား ၁၁၆ ဦးတို့ဖြင့်လည်းကောင်း ဖွင့်လှစ်သင်ကြားပို့ချလျက်ရှိသည်။ အဆိုပါရေကြောင်းလူငယ်နှင့် လေကြောင်းလူငယ်သင်တန်းများကို ဧပြီ ၂၇ ရက်နေ့မှ မေ ၂၉ ရက်ထိ ရက်သတ္တပတ် ငါးပတ်ကြာ သင်ကြားပို့ချသွားမည်ဖြစ်သည်။

လူငယ်များသည် အနာဂတ်နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို ပခုံးပြောင်းထမ်းဆောင်ကြရမည့်သူများဖြစ်သောကြောင့် လူငယ်များကို ဘက်စုံ၊ ထောင့်စုံ၊ ကဏ္ဍစုံတွင် လေ့လာသိရှိနေစေရန်အပြင် ပညာရည်ထူးချွန်သူ၊ ခေတ်နှင့်အညီ အသိပညာ၊ အတတ်ပညာများ တတ်မြောက်ကြသူ၊ ကျန်းမာသန်စွမ်းသူ၊ အကျင့်စာရိတ္တကောင်းမွန်သူ၊ လိမ္မာယဉ်ကျေး၍ မျိုးချစ်စိတ်ရှိသူများအဖြစ် လေ့ကျင့်ပျိုးထောင်ပေးခြင်းသည် အနာဂတ်နိုင်ငံတော်ကို လူ့စွမ်းအားအရင်းအမြစ် နိုင်ငံ့သားကောင်းရတနာများဖြင့် အုတ်မြစ်ချခြင်းပင်ဖြစ်သည်။

သို့ဖြစ်ပါ၍ နိုင်ငံအတွက် ရေကြောင်းပညာရပ်များ၊ လေကြောင်းပညာရပ်များမှာ စဉ်ဆက်မပြတ်လေ့လာသိရှိနေရမည့် ပညာရပ်များဖြစ်သည်။ ထို့ကြောင့် ကျောင်းသား၊ ကျောင်းသူ လူငယ်မောင်မယ်များအနေဖြင့် နွေရာသီ ကျောင်းပိတ်ရက်ကို အကျိုးရှိစွာ၊ တန်ဖိုးရှိစွာအသုံးပြု၍ ယုံကြည်ချက်၊ ခံယူချက်မြင့်မားမှန်ကန်ပြီး အနာဂတ်နိုင်ငံတော်တည်ဆောက်နိုင်ရေးတွင် တန်ဖိုးရှိသော အနာဂတ်လူ့စွမ်းအားအရင်းအမြစ်များ၊ ဘက်စုံထူးချွန်မောင်မယ်များအဖြစ် ကြိုးစားလေ့လာသင်ယူဆည်းပူးသွားကြပါရန် တိုက်တွန်းရေးသားအပ်ပါသည်။

# မန္တလေး စီချွမ်နှင့် ချုံချင့်ကုန်သည်ကြီးများအသင်း ဖွင့်လှစ်ပွဲနှင့် မော်ကွန်းတင်ကမ္ပည်းထိုးခြင်းအခမ်းအနားကျင်းပ



မန္တလေး ဧပြီ ၂၇

မန္တလေး စီချွမ်နှင့် ချုံချင့်ကုန်သည်ကြီးများအသင်း ဖွင့်လှစ်ပွဲနှင့် မော်ကွန်းတင်ကမ္ပည်းထိုးခြင်း အခမ်းအနားကို ဧပြီ ၂၆ ရက် ညနေပိုင်းက မဟာအောင်မြေမြို့နယ်ရှိ ရတနာပုံခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့ အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများ၊ မန္တလေး စီချွမ်နှင့် ချုံချင့်ကုန်သည်ကြီးများအသင်း၊ မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ်၊ ချွမ်ယုကုန်သည်များအသင်းချုပ်မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး တရုတ်ရိုးရာခြင်္သေ့အကတို့ဖြင့် ကပြတင်ဆက်၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ယခုလိုဖွင့်လှစ်နိုင်ခြင်းဖြင့် ဒေသနှစ်ခုကြား အတတ်ပညာဆိုင်ရာများ ပူးပေါင်းဆောင်ရွက်မှုများ၊ စက်မှုလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့် စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုနက်ရှိုင်းစွာ ဆောင်ရွက်နိုင်တော့မည်ဟု မျှော်လင့်ပါကြောင်း၊ အပြန်အလှန်အကျိုးရှိစေသော ဖွံ့ဖြိုးတိုးတက်မှုများကို အတူတကွ ရရှိနိုင်တော့မည် ဖြစ်ပါကြောင်း စသဖြင့် ပြောကြားခဲ့ကြသည်။

ဆက်လက်၍ မန္တလေး စီချွမ်နှင့် ချုံချင့် ကုန်သည်ကြီးများအသင်း၊ ညီနောင်အသင်းများမှ ဥက္ကဋ္ဌများနှင့် မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံရှိ စီချွမ်နှင့် ချုံချင့်ဒေသခံများကြား အတွေ့အကြုံအပြန်အလှန်ဖလှယ်နိုင်စေမည့် ပလက်ဖောင်းတစ်ခုတည်ဆောက်ရန်၊ စည်းလုံးညီညွတ်စေရန်နှင့် သမဝါယမ ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန်အတွက် မန္တလေး စီချွမ်နှင့် ချုံချင့် ကုန်သည်ကြီးများ အသင်းကို ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များနှင့် ဖွင့်ပွဲအမှတ်တရစကားများ ပြောကြားခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မန္တလေး စီချွမ်နှင့် ချုံချင့်ကုန်သည်ကြီးများအသင်း ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းကျောက်စာ ဖွင့်လှစ်ခြင်းကို LED Touch Screen ကို အတူတကွနှိပ်၍ ဖွင့်လှစ်ပေးခဲ့ကြကြောင်း၊ အထိမ်းအမှတ် အမှတ်တရပစ္စည်းများ အပြန်အလှန်ပေးအပ်ခြင်း၊ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခြင်း၊ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခြင်းနှင့် နှစ်နိုင်ငံ ရိုးရာယဉ်ကျေးမှု အကအလှများဖြင့် ဖျော်ဖြေတင်ဆက်မှုများကို အစီအစဉ်အတိုင်း ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# မလှိုင်မြို့နယ် ကြိုးကြာဥကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

မလှိုင် ဧပြီ ၂၇

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြိုးကြာဥကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဧပြီ ၂၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်အဆင့်ဆင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အကြောင်းအရာများနှင့် နှစ်အလိုက် ဦးစားပေးလုပ်ငန်းများ ရွေးချယ်နိုင်ရန် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဦးစီးအရာရှိ ဒေါ်ဇင်မျိုးဦးက စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီဝင်များ ရွေးချယ်ရာတွင် လိုက်နာရမည့်အချက်များ၊ ကော်မတီဝင်များ၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းဆွေးနွေးပြောကြားကာ အစည်းအဝေး တက်ရောက်လာသည့် ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

ကြိုးကြာဥကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းကို စီမံကိန်းရန်ပုံငွေ ကျပ်သိန်း၁၅၀၊ ပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်ထံမှ သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

# အိမ်မဲမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မတ်ပဲကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

မြောင်းမြ ဧပြီ ၂၇

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မတ်ပဲကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

အိမ်မဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မတ်ပဲ ကေ ၃၄၈၂၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သော မတ်ပဲစိုက်ခင်းများကို ယခုနှစ် မတ်လပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင်၂၅ဒသမ ၁၂ တင်းထိ ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ အိမ်မဲမြို့နယ်မှာ မတ်ပဲကေ ၃၄၈၀၀ ထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာတော့ မတ်ပဲကေအားလုံး ပြန်လည် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲတွေ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာန အနေနဲ့ လိုအပ်တာတွေကို စနစ်တကျ စီမံဆောင်ရွက်ခဲ့ပါတယ်။ စိုက်ပျိုးပြီးသီးနှံတွေ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေဖို့ ကိုလဲ ဆက်လက်ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မတ်ပဲကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဧရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မိုးကောင်းမြို့နယ် ညောင်တောကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**မိုးကောင်း ဧပြီ ၂၇**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကညောင်တောကျေးရွာအုပ်စု ညောင်တောကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဧပြီ ၂၆ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မိုးကောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေဝင်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ( VDP) အကောင်အထည်ဖော်ဆောင်ရွက်ပုံအဆင့်ဆင့်နှင့် စီမံကိန်းလုပ်ငန်း ဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရမည့် အချက်များနှင့် ရှောင်ကြဉ်ရမည့် အချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မိုးကောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေဝင်းနှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင် ခုနစ်ဦးကို တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ညောင်တောကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀ နှင့် ကျေးရွာပြည်သူလူထု ထည့်ဝင်ငွေများအသုံးပြု၍ အဆိုပါ ဦးစီးဌာနဝန်ထမ်းများက နည်းပညာပံ့ပိုးမှု၊ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**နွဲ့ယဉ်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် စစ်ကိုင်းမြို့နေ မိဘရိပ်မိသားစုက ဆေးပဒေသာပင်အတွက် ငွေကျပ် ၂၀၀၀၀၀၊ ဆွမ်းပဒေသာပင်အတွက် ငွေကျပ် ၁၀၀၀၀၀ စုစုပေါင်း ငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးမြတ်ကျော်က လက်ခံရယူစဉ်။

# ဒီပဲယင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ကုလားပဲကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ရေဦး ဧပြီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောကုလားပဲ ကေအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းထံမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၄၉၈၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊အဆိုပါစိုက်ပျိုးထားသော ကုလားပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင်ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၂၂ ဒသမ ၅၉ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီပဲယင်းမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကုလားပဲ ၄၉၈၅ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ကုလားပဲစိုက်ခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဒီပဲယင်းမြို့နယ်၌ ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း (၈) နှင့်ရေဆင်း (၁၁) မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲတစ်ဧကစိုက်ပျိုးပါက ငွေကျပ် သုံးသိန်းကျော်ကုန်ကြကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ကုလားပဲကို ပိုမိုစိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# မုဒုံမြို့နယ် ဘလောက်ကျေးရွာ၌ မြေသားရေကန်ခြံစည်းရိုး ကာရံခြင်းလုပ်ငန်း စစ်ဆေး

**မုဒုံ ဧပြီ ၂၇**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် မုဒုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဘလောက်ကျေးရွာ၌ မြေသားရေကန် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ ကြောင်းသိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်နိုင်ဦးနှင့်ဝန်ထမ်းများကဘလောက်ကျေးရွာ၌ မြေသားရေကန်ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးမှ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

ဘလောက်ကျေးရွာ၌ အရှည်ပေ ၁၄၂၀ ရှိ မြေသားရေကန်ခြံစည်းရိုး ကာရံခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းကို ပြည်ထောင်စုခွင့်ပြု ရန်ပုံငွေကျပ် ၃၈ ဒသမ ၃၄ သန်းဖြင့် မုဒုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆ ခုနှစ် ဧပြီလဒုတိယပတ်မှ စတင်၍ တာဝန်ယူ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၂၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မော်လမြိုင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်နိုင်ဦးထံမှ သိရသည်။

**သုတ**

# ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ထိုင်းဘောကျားဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ညောင်တုန်း ဧပြီ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မတ်လအတွင်း ထိုင်းဘောကျားဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စန်းစန်းဝင်းက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းက ထိုင်းဘောကျားဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ်လအတွင်း ထိုင်းဘောကျားဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ တစ်လအတွင်းက ထိုင်းဘောကျားဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ထိုင်းဘောကျား အမျိုးအစားက ဆန်ကြမ်းအုပ်စုထဲမှာပါတဲ့ ဆန်အမျိုးအစားဖြစ်ပါတယ်။ အဲ့ဒီဆန်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများနေလို့ အရောင်းအဝယ်ကောင်းခဲ့တာ ဖြစ်ပါတယ်။ ပြည်တွင်းဆန်စပါးဈေးကွက်မှာကိုထိုင်းဘောကျားဆန်က အဝယ်လိုက်နေပါတယ်"ဟု ညောင်တုန်းမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စန်းစန်းဝင်းက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန် ဈေးကွက်သို့ ပြီးခဲ့သည့် တစ်လအတွင်းက တင်ပို့ရောင်းချခဲ့သည့် ထိုင်းဘောကျား ဆန် ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၈၄၅၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဆန်များ အရောင်းအဝယ်ကောင်း လာသည့်အတွက် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်များ အလုပ်အကိုင် အခွင့်အလမ်းများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# အရှေ့တောင်အာရှဒေသများ၌ အများပြည်သူသယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများပြောင်းလဲလာခြင်း အပိုင်း(၅)




**ဖိလစ်ပိုင်နိုင်ငံ**

ဖိလစ်ပိုင်နိုင်ငံ၏ သယ်ယူပို့ဆောင်ရေးစနစ်ကို လေ့လာကြည့်လျှင် ကိုလိုနီခေတ်ဦးကာလမှစ၍ ရာစုနှစ်ကျော်ကြာ ဖွံ့ဖြိုးတိုးတက်လာမှုနှင့် အသွင်ကူးပြောင်းလာမှုကို မြင်တွေ့ရသည်။

ဖိလစ်ပိုင်နိုင်ငံ၏ ကုန်းလမ်းပို့ဆောင်ရေးစနစ်သည် ရိုးရှင်းသော ဥပဒေများဖြင့် တိရစ္ဆာန်များကို အသုံးပြုသည့်ခေတ်မှ ယနေ့ခေတ်ကွန်ပျူတာစနစ်သုံးယာဉ်မှတ်ပုံတင်ရေးစနစ်များထိတိုင် ခရီးရှည်ကြီးကို ဖြတ်သန်းလာခဲ့သည်။

၁၉၁၀ ပြည့်နှစ်က မနီလာမြို့ ဆင်ခြေဖုံးတွင် မော်တော်ယာဉ်တချို့ စတင်ပြေးဆွဲခဲ့ပြီး ၁၉၁၂ ခုနှစ်အရောက်တွင် မော်တော်ယာဉ်များကို စတင်ထိန်းချုပ်သည့် ပထမဦးဆုံးဥပဒေ Act No. 2159 ကို ပြဋ္ဌာန်းခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးနှင့် ယာဉ်ကြောဆိုင်ရာကျင့်ထုံးဥပဒေ R.A. 4136 အရ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးကော်မရှင်ကို ဖွဲ့ခဲ့သည်။

၁၉၈၇ ခုနှစ် ဇွန် ၁၉ ရက်က အဆိုပါ ကော်မရှင်ကို ဖျက်သိမ်းကာ ယနေ့ထိတိုင် တည်ရှိသည့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးရုံး(Land Transportation Office –LTO) နှင့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ပိုင်ခွင့်အပ်နှင်းမှုနှင့် စည်းမျဉ်းဘုတ်အဖွဲ့ (Land Transportation Franchising and Regulatory Board – LTFRB) ဟူ၍ အေဂျင်စီနှစ်ခုခွဲခြားကာ ဖိလစ်ပိုင်သယ်ယူပို့ဆောင်ရေးဌာန (Department of Transportation – DOTr) ၏ လက်အောက်၌ Executive Order No.202 ဖြင့် ဖွဲ့စည်းခဲ့သည်။

LTO သည် ဝန်ဆောင်မှုများ မြန်ဆန်စေရန်အတွက် ၁၉၉၈ ခုနှစ်တွင် ကွန်ပျူတာစနစ်ကို စတင်အသုံးပြုခဲ့သည်။ သို့ရာတွင် ဆယ်စုနှစ်များအတွင်း မနီလာမြို့တော်၌ ယာဉ်ကြော ကျပ်တည်းပိတ်ဆို့မှုများက ပိုမိုဆိုးရွားလာခဲ့ပြီး အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ် ယုတ်လျော့ကျဆင်းမှုနှင့် မော်တော်ယာဉ်အသုံးပြုမှု တိုးလာခြင်းတို့ကြောင့် နေ့စဉ်စီးပွားရေးဆုံးရှုံးမှုပမာဏက ပီဆို ၃ ဒသမ ၅ ဘီလီယံထိ ရှိလာခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ၏ မီးရထားသမိုင်းသည် အာရှ၏ ပထမဦးဆုံးသော ရထားလမ်းပိုင်းများထဲက တစ်ခုအဖြစ် ဂုဏ်ယူဖွယ်ရာအတိတ်ကို ပိုင်ဆိုင်ထားသော်လည်း ယနေ့ကာလတွင်မူ ပြန်လည်ရှင်သန်ရန် ကြိုးပမ်းနေရသည့်ကဏ္ဍတစ်ခုလည်းဖြစ်နေသည်။

၁၈၇၅ ခုနှစ်တွင် စပိန်ဘုရင်၏ အမိန့်တော်အရ လူဇုန်ကျွန်းမီးရထားစနစ်စီမံကိန်းကို ရေးဆွဲခဲ့ပြီး ၁၈၉၂ ခုနှစ်တွင် မနီလာ – ဒါဂူပန် မီးရထားလမ်းကို စတင်ဖွင့်လှစ်ခဲ့သည်။

၁၉၁၇ ခုနှစ်တွင် အစိုးရက မနီလာမီးရထားကုမ္ပဏီ MRRCo ကို ပြည်သူပိုင်ပြုလုပ်ခဲ့ပြီး ရထားလမ်းကွန်ရက်ကို ကီလိုမီတာ ၁၁၄၀ ထိ တိုးချဲ့ခဲ့သည်။ ၁၉၅၄ ခုနှစ်မှ ၁၉၅၆ ခုနှစ်အတွင်း ရထားစက်ခေါင်းများကို ရေနွေးငွေ့ စွမ်းအားစနစ်မှ ဒီဇယ်အင်ဂျင်စနစ်သို့ ပြောင်းလဲခဲ့ပြီးနောက် ၁၉၆၄ ခုနှစ်တွင် MRRCo ကို ဖိလစ်ပိုင်အမျိုးသားမီးရထား ( Philippines National Railway – PNR) အဖြစ် အမည်ပြောင်းလဲခဲ့သည်။

၁၉၄၅ ခုနှစ် ဒုတိယကမ္ဘာစစ်အပြီးတွင် မီးရထားလမ်းကွန်ရက်၏ ထက်ဝက်ခန့်သာ ပြန်လည်ပြေးဆွဲနိုင်ခဲ့သည့် ဖိလစ်ပိုင်နိုင်ငံသည် ၁၉၇၀ ပြည့်လွန်နှစ်များနောက်ပိုင်းတွင် အဝေးပြေးကားလမ်းများ ဖွံ့ဖြိုးလာခြင်းကြောင့် လျစ်လျူရှုခံရမှုနှင့် ၁၉၉၅ ခုနှစ်နှင့် ၂၀၀၆ ခုနှစ်များက တိုင်ဖွန်းမုန်တိုင်းများ၏ ဒဏ်ကို အကြီးအကျယ်ခံရမှုတို့ကြောင့် ခရီးဝေးရထားလမ်းများကို ပိတ်သိမ်းခဲ့ရသည်။

၂၀၀၈ ခုနှစ် နောက်ပိုင်းတွင် ဘီကောလိုင်း (Bicol Line) ပြန်လည်ဖွင့်လှစ်ရေးအတွက် ကြိုးပမ်းမှုများရှိခဲ့သော်လည်း လက်ရှိတွင်မူ PNR သည် ခရီးတိုလမ်းကြောင်းများကိုသာ အကန့်အသတ်ဖြင့် ဝန်ဆောင်မှုပေးနေရပြီး ခေတ်မီ မီးရထားစနစ်များကို တည်ဆောက်ရန် စီမံကိန်းများ ရေးဆွဲလျက်ရှိသည်။

ရေကြောင်းပို့ဆောင်ရေးကဏ္ဍကို ကြည့်လျှင် ကျွန်းနိုင်ငံဖြစ်သည်နှင့်အညီ ဖိလစ်ပိုင်၏ ရေကြောင်းပို့ဆောင်ရေးက ရှည်လျားသောသမိုင်းကြောင်းရှိခဲ့ပြီး ကုန်သွယ်ရေးနှင့် ခရီးသွားလာရေး၏ အသက်သွေးကြောလည်းဖြစ်ခဲ့သည်။

ရှေးဦးကာလ ခရစ်နှစ် ၃၂၀ ခန့်ကပင် ဖိလစ်ပိုင်၏ ရှေ့ဆောင်ပုဂ္ဂိုလ်များက ဘာလန်ဂေး ( Balangay) ခေါ် ခေတ်ဟောင်းသင်္ဘောများကို တည်ဆောက်အသုံးပြုခဲ့ကြပြီး ပိုလီနီးရှားထိပင် သွားလာနိုင်ခဲ့ကြကြောင်း အထောက်အထားများကို တွေ့ရှိရသည်။

၁၉ ရာစုနှောင်းပိုင်းကာလ ၁၈၈၀ ပြည့်လွန်နှစ်များတွင် စပိန်ကိုလိုနီအစိုးရက မနီလာဆိပ်ကမ်းကို ခေတ်မီအောင် စတင်ဆောင်ရွက်ခဲ့ပြီး ၁၈၉၂ ခုနှစ်တွင် မီးရထားလမ်းနှင့် ဆက်သွယ်ပေးနိုင်ခဲ့ကာ သကြား၊ ကိုပရာ စသည့်ကုန်ပစ္စည်းများတင်ပို့မှုက အရှိန်မြင့်လာခဲ့သည်။

၂၀ ရာစု၏ အစောပိုင်းကာလ ၁၉၁၀ ပြည့်နှစ်ခန့်တွင် Compania Maritima နှင့် Madrigal Shipping ကဲ့သို့သော ကုမ္ပဏီများပေါ်ပေါက်လာပြီး စီးပွားဖြစ် သင်္ဘောလုပ်ငန်းများအဖြစ် ပြည်တွင်း၊ ပြည်ပကုန်စည်နှင့် ခရီးသည်တင်ပို့ခြင်းလုပ်ငန်းများကို လုပ်ကိုင်ခဲ့ကြသည်။

ယနေ့မျက်မှောက်ကာလ ကမ္ဘာ့ကုန်သွယ်ရေး ရေကြောင်းနယ်ပယ်တွင် ဖိလစ်ပိုင်သင်္ဘောသားများ၏ ကျွမ်းကျင်မှုကို ကမ္ဘာက အသိအမှတ်ပြုထားသော်လည်း ပြည်တွင်းကူးသန်းရောင်းဝယ်ရေးသင်္ဘောလုပ်ငန်းများကမူ ခေတ်မီတိုးတက်ရန် လိုအပ်နေဆဲဖြစ်သည်။

**❖ ၁၉၃၁ ခုနှစ်တွင် ပထမဦးဆုံးသော လေကြောင်းအန္တရာယ်ကင်းရှင်းရေးဥပဒေ Act 3909 ကို ပြဋ္ဌာန်းခဲ့ပြီးနောက် မနီလာနှင့်ဘာဂီယိုကြား နေ့စဉ်ပျံသန်းသည့်ပထမဦးဆုံးသော လေကြောင်းလိုင်းကို စတင်ဖွင့်လှစ်ခဲ့သည်။ ရှေ့ဆောင်လေကြောင်းလုပ်ငန်းအနေဖြင့် ၁၉၃၂ ခုနှစ်က စတင်တည်ထောင်သော Iloilo - Negros Air Express Company - INAEC သည် ဖိလစ်ပိုင်နိုင်ငံ၏ပထမဦးဆုံးသော လေကြောင်းလိုင်းဖြစ်ခဲ့ပြီး ၁၉၄၁ ခုနှစ်က စတင်သည့် ကမ္ဘာသိဖိလစ်ပိုင်လေကြောင်းလိုင်း PAL ထက်ပင် ကိုးနှစ်စော၍ ပေါ်ထွန်းခဲ့သော လေကြောင်းလိုင်းဖြစ်သည်။ ❖**

ဖိလစ်ပိုင်နိုင်ငံ၏ လေကြောင်းခရီးစဉ်များကို ၂၀ ရာစု၏ အစောပိုင်းကာလများက စတင်ခဲ့ပြီး အာရှ၏ ရှေ့ဆောင်လေကြောင်းလုပ်ငန်းများထဲ၌ တစ်ခုအပါအဝင်လည်းဖြစ်ခဲ့သည်။

၁၉၁၁ ခုနှစ် မနီလာပွဲတော်တွင် ပထမဦးဆုံးသော လေယာဉ်ပျံသန်းမှုကို ပြသခဲ့ပြီးနောက် ၁၉၁၆ ခုနှစ်တွင် အမေရိကန် စစ်ဘက်ဆိုင်ရာ လေကြောင်းတပ်ဖွဲ့ စတင်ရောက်ရှိလာခဲ့သည်။ ၁၉၃၁ ခုနှစ်တွင် ပထမဦးဆုံးသော လေကြောင်းအန္တရာယ်ကင်းရှင်းရေးဥပဒေ Act 3909 ကို ပြဋ္ဌာန်းခဲ့ပြီးနောက် မနီလာနှင့် ဘာဂီယိုကြား နေ့စဉ်ပျံသန်းသည့် ပထမဦးဆုံးသော လေကြောင်းလိုင်းကို စတင်ဖွင့်လှစ်ခဲ့သည်။

ရှေ့ဆောင်လေကြောင်းလုပ်ငန်းအနေဖြင့် ၁၉၃၂ ခုနှစ်က စတင်တည်ထောင်သော Iloilo – Negros Air Express Company – INAEC သည် ဖိလစ်ပိုင်နိုင်ငံ၏ ပထမဦးဆုံးသော လေကြောင်းလိုင်းဖြစ်ခဲ့ပြီး ၁၉၄၁ ခုနှစ်က စတင်သည့် ကမ္ဘာသိဖိလစ်ပိုင်လေကြောင်းလိုင်း PAL ထက်ပင် ကိုးနှစ်စောစော၍ ပေါ်ထွန်းခဲ့သော လေကြောင်းလိုင်းဖြစ်သည်။

လေယာဉ်မှူး လိုင်စင်ထုတ်ပေးခြင်းနှင့် လေယာဉ်မှတ်ပုံတင်ခြင်းကို အမေရိကန်နိုင်ငံ၏ စည်းမျဉ်းများအတိုင်း လိုက်နာဆောင်ရွက်ခဲ့သည့် ဖိလစ်ပိုင်နိုင်ငံသည် လက်ရှိတွင် နိုင်ငံ၏မြို့ကြီး ၃၀ ကျော်ကို ပြည်တွင်းလေကြောင်းခရီးစဉ်များဖြင့် ဆက်သွယ်ပျံသန်းပေးနေပြီး နိုင်ငံတကာ ခရီးစဉ်များကလည်း အများအပြားပင်ရှိနေသည်။


သို့ရာတွင် နစ်နွိုင်းအကွီနို အပြည်ပြည်ဆိုင်ရာလေဆိပ်(NAIA)ကဲ့သို့သော အဓိကကျသည့်လေဆိပ်များ၌မူ ခရီးသည်များကို အလွန်အကျွံတင်ဆောင်ပေးနေရခြင်းနှင့် အဆင့်မြှင့်တင်ရန် လိုအပ်နေခြင်း စသည့်စိန်ခေါ်မှုများကို ရင်ဆိုင်နေရလျက်ရှိသည်။

ဖိလစ်ပိုင်နိုင်ငံ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍသည် ကြွယ်ဝသော သမိုင်းကြောင်းနှင့် အနာဂတ်မျှော်လင့်ချက်များရှိနေသော်လည်း လက်ရှိတွင် ကြီးမားသော စိန်ခေါ်မှုများဖြင့် ရင်ဆိုင်နေရသည်။

ကျွမ်းကျင်သူများ၏ အဆိုအရ ပြီးခဲ့သည့် အနှစ် ၂၀ ကာလအတွင်း မူဝါဒများမတည်မငြိမ်ဖြစ်မှု၊ စီမံကိန်းများကို အကောင်အထည်ဖော်ရန် ပျက်ကွက်မှုနှင့် ကိုယ်ပိုင်ယာဉ်သုံးစွဲမှုကို ဦးစားပေးသည့် မူဝါဒများကြောင့် အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက နောက်ကျကျန်နေခဲ့သည့် ဖိလစ်ပိုင်နိုင်ငံသည် လက်ရှိတွင် မြေအောက်ရထားလမ်းသစ်များ တည်ဆောက်ခြင်း၊ အများပြည်သူသုံးယာဉ်များဖြင့် သယ်ယူပို့ဆောင်ခြင်းကို ခေတ်မီအောင် ဆောင်ရွက်ခြင်း စသည့်စီမံကိန်းကြီးများဖြင့် အကောင်အထည်ဖော်လျက်ရှိနေသော်လည်း ရလဒ်များကို မြင်တွေ့ရန်ကမူ အချိန်ယူရလိမ့်ဦးမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**ပါမောက္ခကိုကိုအောင်**

# vr;avQmujci;jzi recsK twuse;rmapEion



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချိုအိတ်က မိမိတို့စားသောက်သမျှအစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ကလာပ်စည်းတွေအတွက် လိုအပ်တဲ့လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကိုထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကို ပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီး ထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

## မော်လိုက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**မော်လိုက် ဧပြီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် မော်လိုက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မော်လိုက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၅၅၆၄ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော နေကြာစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၃၀ ဒသမ ၂၅ တင်း ထွက်ရှိကြောင်း သိရသည်။

"မော်လိုက်မြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက နေကြာ ၅၅၆၄ ကေထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နေကြာစိုက်ခင်းတွေ လက်ရှိမှာ ကေအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြည်ပက တင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပေးခဲ့ပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာတစ်ကေ ဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက် ပိုများပါတယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

မော်လိုက်မြို့နယ်တွင် နေကြာတိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နေကြာစိုက် တောင်သူများကို စွမ်းဆောင်ရည်မြင့်မားရေး ပညာပေးသင်တန်းများ အရှိန်မြှင့်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

## ဟင်္သာတမြို့နယ် ငါးဖယ်ထူ(မ)ကျေးရွာ၌ RBF စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ဟင်္သာတ ဧပြီ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဟင်္သာတမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆ – ၂၀၂၇ ဘဏ္ဍာနှစ်တွင် ငါးဖယ်ထူ(မ) ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း စီမံကိန်း(RBF)မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဧပြီ ၂၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ စာသင်ကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဟင်္သာတမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းက ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များနှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါလိုက်နာရမည့် စည်းကမ်းချက်များကို မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ကော်မတီဝင်များ တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့် လုပ်ပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာရပ်မိ၊ ရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း စီမံကိန်း(RBF) ကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ငါးဖယ်ထူ (မ) ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း စီမံကိန်း (RBF) ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**ဇင်မာ**

## ပြည်ထောင်စုညီ ရှေ့သို့ချီ

– တို့ပြည်ထောင် ညီနောင်ရင်းမို့
ရည်ဆောင်နှင်း သွေးချင်းတွေ၊
တစ်လှေကို အတူတွေစီးလို့
ခရီးနှင်ရှည်၊
ရေဆန်လမ်း ကြမ်းပါစေ
မုန်းရာမြေ မသွေတမ်း၊
ဝဲဂယက်ကိုဖြင့်
နွံဖျက်ကာ ဆက်စွာလှမ်းကြမယ်
မြဲလျက် အောင်ပန်း။

– ကချင်မြေ ရောနန်းမှ
ရေပြာစန်း မခန်းပေ၊
ပေါင်းစည်းလေ ရွှေကယားနှင့်
ကရင်ကား တို့ဆွေ၊
တောင်ကလပ်မှ ဇလပ်ဝေ
ချင်းမွန်မြေ ရခိုင်ဒေသ၊
ရှမ်းအိုးစည် ညီညာစွရှင့်
မြန်မာ့အလှ။

– ပြည်ဖျက်သူ ဟူသမျှ
အတူတကွ ချေမှုန်းစေ၊
သပ်ထိုးမွှေ ပုဆိန်ရှည်ရိုးတို့
ရိုက်ချိုး လျက်ပေ၊
ပေါင်းစည်းလက် ရှေ့ဆက်စေ
ဒီမိုကရေစီသို့ ချီပေကြ၊
အနာဂတ်တွေ
ကမ္ဘာပတ်လေ ဝန်ကျေစွမ်းနှင့်
ကြိုးပမ်းပါကြ။

– ပင်လုံမြေ အဖြေလှသမို့
ရွှေဘဝတို့ ရခဲ့ပြီ၊
တစ်သွေးတည်း တစ်သားတည်းမို့
မခွဲခြားညီ၊
ပြည်ထောင်စု ရေးရှုချီ
အရှေ့တစ်ခုဆီ ညီညာဖြ၊
သမိုင်းမယွင်းပါဘု
တိုင်းရင်းဆွေ ညီနောင်တွေနှင့်
ပြည်ထောင်မြေ ပန်းရွှေတစ်ခင်းရယ်သို့
ရည်ဆောင်စေ လန်းဝေသင်းပါလို့
စမ်းရေဆင်း သံသာယာနှင့်
တို့မြန်မာ ကမ္ဘာလွှမ်းကြမယ်
ငြိမ်းချမ်းထာဝရ။ ။

**ကိုမောင်လှသိန်း(ညို့မြတို့ရွာ)**




# အီရန်နိုင်ငံခြားရေးဝန်ကြီး အာရက်ချီ ရုရှားနိုင်ငံသို့ရောက်ရှိ



**မော်စကို ဧပြီ ၂၇**

အမေရိကန်နိုင်ငံနှင့် ကျင်းပမည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပျက်ပြားခဲ့ပြီးနောက် အီရန်နိုင်ငံခြားရေးဝန်ကြီး အဘတ်စ်အာရက်ချီသည် ရုရှားနိုင်ငံသို့ ယနေ့တွင် သွားရောက်ခဲ့ကြောင်း RT သတင်းဌာနက ဖော်ပြထားသည်။

အမေရိကန်နှင့် အီရန် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ဧပြီ ၂၅ ရက်တွင် ပါကစ္စတန်နိုင်ငံ အစ္စလာမ္မာဘတ်မြို့၌ ကျင်းပရန် စီစဉ်ထားသော်လည်း ယင်းဆွေးနွေးပွဲအတွက် အမေရိကန်အထူးသံတမန်များ စေလွှတ်မည့်အစီအစဉ်ကို သမ္မတ ဒေါ်နယ်ထရမ့်က ဖျက်သိမ်းခဲ့ပြီးနောက် ဆွေးနွေးပွဲပျက်ပြားခဲ့သည်။

အီရန်နိုင်ငံခြားရေးဝန်ကြီး အာရက်ချီသည် ဆွေးနွေးပွဲအစီအစဉ်ပျက်ပြားခဲ့ပြီးနောက် ပါကစ္စတန်နှင့် အိုမန်နိုင်ငံတို့သို့ သွားရောက်ခဲ့ပြီး ရုရှားနိုင်ငံသို့ ဆက်လက်သွားရောက်ခဲ့ခြင်းဖြစ်သည်။

ရုရှားနိုင်ငံခရီးစဉ်အတွင်း အီရန်နိုင်ငံခြားရေးဝန်ကြီး အာရက်ချီသည် ရုရှားသမ္မတပူတင်နှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း အီရန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အီရန်နှင့် အမေရိကန်နိုင်ငံတို့ အနေဖြင့် ယခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် စတင်ခဲ့သော အီရန်စစ်ရေးပဋိပက္ခအတွက် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ရယူထားသည်။

ရုရှားနိုင်ငံသည် အီရန်နိုင်ငံ၏ အဓိကနိုင်ငံရေးမဟာမိတ်ဖြစ်ပြီး အမေရိကန်နှင့် အစ္စရေးနိုင်ငံတို့က အီရန်နိုင်ငံအား စစ်ရေးအရ တိုက်ခိုက်မှုကို ပြင်းထန်စွာဝေဖန်ထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# ရုရှားကာကွယ်ရေးဝန်ကြီး ဘယ်လိုဆော့ဗ်နှင့် မြောက်ကိုရီးယားခေါင်းဆောင်တို့ ပြုံယမ်းမြို့၌ တွေ့ဆုံဆွေးနွေး

**ပြုံယမ်း ဧပြီ ၂၇**

မြောက်ကိုရီးယားနိုင်ငံသို့ရောက်ရှိနေသည့် ရုရှားကာကွယ်ရေးဝန်ကြီး ဘယ်လိုဆော့ဗ်သည် ဧပြီ ၂၆ ရက်တွင် ပြုံယမ်းမြို့၌ မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။



ရုရှား ကာကွယ်ရေးဝန်ကြီး ဘယ်လိုဆော့ဗ် ဦးဆောင်သည့် ရုရှားကိုယ်စားလှယ် အဖွဲ့သည် ယူကရိန်းစစ်မြေပြင်၌ ပါဝင်တိုက်ခိုက်ခဲ့ကြသော မြောက်ကိုရီးယားတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုတည်ဆောက်ထားသည့် အထိမ်းအမှတ်ကျောက်တိုင်ဖွင့်ပွဲ တက်ရောက်ရန် ပြုံယမ်းမြို့သို့ရောက်ရှိနေခြင်းဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ရုရှားနိုင်ငံ၏ မူဝါဒများကို ဆက်လက်ထောက်ခံအားပေးမည်ဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးနှင့်တွေ့ဆုံစဉ် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က ပြောကြားခဲ့သည်။

ဧပြီ ၂၆ ရက် ဆွေးနွေးပွဲတွင် မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်နှင့် ရုရှားကာကွယ်ရေးဝန်ကြီး ဘယ်လိုဆော့ဗ်တို့သည် နှစ်နိုင်ငံ စစ်ရေးပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရန် ဆွေးနွေးခဲ့ကြကြောင်း ကေစီအင်န်အေ သတင်းဌာနက သတင်းထုတ်ပြန်ထားသည်။

ယူကရိန်းစစ်ရေးပဋိပက္ခစတင်ဖြစ်ပွားခဲ့သည့် ၂၀၂၂ ခုနှစ်နောက်ပိုင်း ရုရှားနှင့်မြောက်ကိုရီးယားတို့သည် နှစ်နိုင်ငံစစ်ရေးဆက်ဆံမှုများ ပိုမိုမြှင့်တင်ခဲ့ကြသည်။

မြောက်ကိုရီးယား နိုင်ငံသည် ၂၀၂၄ ခုနှစ်တွင် ရုရှားတပ်များနှင့် အတူ လက်တွဲ၍ ယူကရိန်းတပ်များကိုတိုက်ခိုက်ရန် ရုရှားအနောက်ပိုင်း ခါ့ချ်ဒေသသို့ တပ်ဖွဲ့ဝင်ထောင်ပေါင်းများစွာ စေလွှတ်ခဲ့ကြောင်း သိရသည်။ Ref : RT

Trs : KKO

# ယူကရိန်း၏ မောင်းသူမဲ့လေယာဉ် တိုက်ခိုက်မှုကြောင့် ဇာပိုရစ်ဇီယာစက်ရုံမှ ဝန်ထမ်းတစ်ဦး သေဆုံးခဲ့ကြောင်း ရုရှားပြောကြား

**မော်စကို ဧပြီ ၂၇**

ယူကရိန်း၏မောင်းသူမဲ့လေယာဉ် တိုက်ခိုက်မှုကြောင့် ဇာပိုရစ်ဇီယာ နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ဝန်ထမ်းတစ်ဦးသေဆုံးခဲ့ကြောင်း ရုရှားတာဝန်ရှိသူများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်ဟု RT သတင်းဌာနက ဖော်ပြထားသည်။

ယူကရိန်းနိုင်ငံ အရှေ့မြောက်ပိုင်းတွင်တည်ရှိသည့် ဇာပိုရစ်ဇီယာ နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို ယူကရိန်းစစ်ရေးပဋိပက္ခစတင်ခဲ့ပြီး မကြာမီမှာပင် ရုရှားတပ်များက ထိန်းချုပ်နိုင်ခဲ့သည်။

ယူကရိန်း၏မောင်းသူမဲ့လေယာဉ် တိုက်ခိုက်မှုကြောင့် ဇာပိုရစ်ဇီယာ နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ဝန်ထမ်းသေဆုံးမှုကို မိမိတို့စုံစမ်းစစ်ဆေးနေကြောင်း နိုင်ငံတကာအဏုမြူစွမ်းအင် အေဂျင်စီ (အိုင်အေအီးအေ)တာဝန်ရှိသူများက ပြောကြားထားသည်။

ဇာပိုရစ်ဇီယာ စက်ရုံသည် ဥရောပတိုက်၏ အကြီးမားဆုံး နျူကလီးယား စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံဖြစ်သည်။

နျူကလီးယား လုံခြုံရေးထိခိုက်နိုင်မှုကြောင့် ဇာပိုရစ်ဇီယာစက်ရုံအနီး စစ်ရေးတိုက်ခိုက်မှုများပြုလုပ်မှုကို ရှောင်ရှားကြရန် အိုင်အေအီးအေက ရုရှားနှင့်ယူကရိန်းနိုင်ငံတို့ကို တိုက်တွန်းထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# တစ်ကမ္ဘာလုံးအတိုင်းအတာအရ ၂၀၂၅ ခုနှစ် စစ်ရေးအသုံးစရိတ် ဆက်လက်မြင့်တက်

**စတော့ဟုမ်း ဧပြီ ၂၇**

၂၀၂၅ ခုနှစ်အတွင်း တစ်ကမ္ဘာလုံးအတိုင်းအတာအရစစ်ရေးအသုံးစရိတ်ပမာဏမှာ ၁၁ နှစ်မြောက်အဖြစ် ဆက်လက်မြင့်တက်လာခဲ့ကြောင်း ဆွီဒင်နိုင်ငံအခြေစိုက် စတော့ဟုမ်းနိုင်ငံတကာ ငြိမ်းချမ်းရေးသုတေသန အင်စတီကျု (ဆစ်ပရီ)က ဧပြီ ၂၆ ရက်တွင် ထုတ်ပြန်ထားသည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

၂၀၂၅ ခုနှစ်တွင် တစ်ကမ္ဘာလုံးအတိုင်းအတာအရသုံးစွဲခဲ့ကြသော စစ်ရေးအသုံးစရိတ် ပမာဏမှာ ၂၀၂၄ ခုနှစ်ကထက် ၂ ဒသမ ၉ ရာခိုင်နှုန်း ပိုမြင့်မားလာခဲ့ပြီး အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၉ ထရီလီယံထိရှိခဲ့ကြောင်း ဆစ်ပရီ၏အစီရင်ခံစာ၌ဖော်ပြထားသည်။

၂၀၂၅ ခုနှစ်အတွင်း ကမ္ဘာ့နိုင်ငံများသုံးစွဲခဲ့ကြသော စစ်ရေးအသုံးစရိတ်ပမာဏသည် ၂၀၂၅ ခုနှစ်ကမ္ဘာလုံးဆိုင်ရာ စီးပွားထုတ်လုပ်မှုတန်ဖိုး စုစုပေါင်း၏ ၂ ဒသမ ၅ ရာခိုင်နှုန်းနှင့် ညီမျှကြောင်း ဆစ်ပရီက သုံးသပ်ထားသည်။

ယူကရိန်းနိုင်ငံအတွက် စစ်ရေးအကူအညီသစ်များ ပေးအပ်မှုရပ်ဆိုင်းထားခြင်းကြောင့် အမေရိကန်နိုင်ငံ၏ စစ်ရေးအသုံးစရိတ်ပမာဏ ပုံမှန်ထက် ၇ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းသွားသည့်တိုင် ၂၀၂၅ ခုနှစ်အတွင်း တစ်ကမ္ဘာလုံးအတိုင်းအတာအရ စစ်ရေးအသုံးစရိတ် ဆက်လက်မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

ဆစ်ပရီ၏ အဆိုအရ ၂၀၂၅ ခုနှစ်အတွင်း စစ်ရေးအသုံးစရိတ် အများဆုံးသုံးစွဲခဲ့သော နိုင်ငံများမှာ အမေရိကန်၊ တရုတ်၊ ရုရှားနိုင်ငံတို့ဖြစ်ကြသည်။

အမေရိကန်၊ တရုတ်၊ ရုရှားနိုင်ငံတို့သည် ၂၀၂၅ ခုနှစ်အတွင်း သုံးစွဲခဲ့သည့် သုံးနိုင်ငံစုစုပေါင်း စစ်ရေးအသုံးစရိတ်မှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၈ ထရီလီယံထိရှိခဲ့ကြောင်း သိရသည်။ Ref : RT

Trs : KKO

# ဂျပန်၊ တရုတ်၊ တောင်ကိုရီးယားနိုင်ငံတို့သို့ ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီး သွားရောက်မည်

**ဆစ်ဒနီ ဧပြီ ၂၇**

လာမည့်ရက်သတ္တပတ်အတွင်း ဂျပန်၊တရုတ်၊တောင်ကိုရီးယားနိုင်ငံတို့သို့ သွားရောက်ရန်စီစဉ်ထားကြောင်း ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီး ပင်နီဝေါင်က ယနေ့တွင် သတင်းထုတ်ပြန်ထားသည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။




အရှေ့အလယ်ပိုင်း စစ်ရေးပဋိပက္ခကြောင့် စွမ်းအင်ဖြည့်ဆည်းမှုလမ်းကြောင်းများ ပြတ်တောက်နေချိန်တွင် အဆိုပါအာရှအင်အားကြီး နိုင်ငံ သုံးနိုင်ငံသို့ သွားရောက်ရန် ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီးက စီစဉ်ထားခြင်းဖြစ်သည်။

ဂျပန်နိုင်ငံ ခရီးစဉ်အတွင်း ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီး ပင်နီဝေါင်သည် ဂျပန်နိုင်ငံခြားရေးဝန်ကြီး တိုရှီမစ်ဆု မိုတီဂီတို့နှင့် တွေ့ဆုံ၍ စွမ်းအင်လုံခြုံရေးကိစ္စများကို ဆွေးနွေးမည်ဖြစ်သည်။

အလားတူ ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီးသည် တရုတ်ခရီးစဉ်တွင်လည်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီနှင့် တွေ့ဆုံ၍ အဋ္ဌမအကြိမ်မြောက် ဩစတြေးလျ-တရုတ်နိုင်ငံခြားရေးနှင့် မဟာဗျူဟာဆွေးနွေးပွဲကို ကျင်းပမည်ဖြစ်သည်။

ဂျပန်နှင့်တရုတ်နိုင်ငံ ခရီးစဉ်များအပြီးတွင် ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီးသည် တောင်ကိုရီးယားနိုင်ငံသို့ ဆက်လက်သွားရောက်၍ တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ချိုဟွန်းနှင့် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားသည်။

ပြည်တွင်းလောင်စာဆီ လိုအပ်ချက်စုစုပေါင်း၏ အများစုကို ပြည်ပမှတင်သွင်းနေရသော ဩစတြေးလျနိုင်ငံသည် အရှေ့အလယ်ပိုင်းစစ်ရေးပဋိပက္ခ၌ ဒေသအလိုက်နေရာကွက်၍ လောင်စာဆီပြတ်လပ်မှု ပြဿနာနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## ပါကစ္စတန်နိုင်ငံ၏ အဝေးအာရုံခံစနစ်ဂြိုဟ်တုတစ်စင်းကို တရုတ်အမျိုးသားအာကာသအေဂျင်စီက တိုင်ယွန်ဂြိုဟ်တု စခန်းမှတစ်ဆင့်လွှတ်တင်



**ပေကျင်း မေ ၂၇**

ပါကစ္စတန်နိုင်ငံ၏ အဝေးအာရုံခံစနစ် ဂြိုဟ်တုတစ်စင်းကို တရုတ်အမျိုးသားအာကာသ အေဂျင်စီက တရုတ်နိုင်ငံမြောက်ပိုင်း ရှန်ရှီးပြည်နယ် တိုင်ယွန်ဂြိုဟ်တုလွှတ်တင်ရေး စခန်းမှတစ်ဆင့် လွှတ်တင်ပေးခဲ့ကြောင်း မေ ၂၆ ရက် သတင်းများအရ သိရသည်။

PRSC-ED3 အမည်ရှိ အဆိုပါ ပါကစ္စတန်ဂြိုဟ်တုကို လောင်းမတ်ချ်-၆ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး မကြာမီမှာပင် လောင်းမတ်ချ်-၆ ဒုံးပျံသည် PRSC-ED3 ဂြိုဟ်တုကို သတ်မှတ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာပို့ဆောင်ပေးနိုင်ခဲ့ကြောင်း တရုတ်အမျိုးသားအာကာသ အေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

PRSC-ED3 ဂြိုဟ်တုသည် သဘာဝသယံဇာတများ စောင့်ကြည့်ရေး သဘာဝဘေးစီမံခန့်ခွဲရေးစသည့် ပါကစ္စတန်နိုင်ငံ၏ ကမ္ဘာမြေစူးစမ်းလေ့လာရေးလုပ်ငန်းများ စွမ်းဆောင်ရည်ကို အထောက်အကူ ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

PRSC-ED3 ဂြိုဟ်တုသည် မျိုးဆက်သစ်အာကာသ နည်းပညာများအတွက် သိပ္ပံပညာစမ်းသပ်ရေးပစ္စည်းများကိုလည်း သယ်ယူသွားကြောင်း သိရသည်။

PRSC-ED3 ဂြိုဟ်တုမစ်ရှင်သည် လောင်းမတ်ချ်ဒုံးပျံများ၏ အကြိမ်ရေ ၆၄၀ မြောက် အာကာသမစ်ရှင်ဖြစ်သည်။

Ref : Xinhua News

Trs : KKO

## တရုတ် CATI ကုမ္ပဏီက အားသွင်းချိန်ခြောက်မိနစ်သာလိုအပ်သည့် လျှပ်စစ်ကား ဘက်ထရီတစ်မျိုးတည်ဆောက်ထား

**ပေကျင်း မေ ၂၇**

တရုတ်နိုင်ငံအခြေစိုက် စွမ်းအင်နည်းပညာကုမ္ပဏီတစ်ခုဖြစ်သည့် CATI ကုမ္ပဏီသည် အားသွင်းချိန် ခြောက်မိနစ်သာလိုအပ်သည့် လျှပ်စစ်ကား ဘက်ထရီတစ်မျိုးကို တည်ဆောက်ထားကြောင်း မေ ၂၆ ရက်သတင်းများအရသိရသည်။

CATI ကုမ္ပဏီ၏ ရှန်ရှင်း အမည်ရှိ အဆိုပါ လစ်သီယမ်-အိုင်းယွန်း ဖော့စဖိတ်ဘက်ထရီ အမျိုးအစားသစ်သည် လိုအပ်သည့် လျှပ်စစ်ဓာတ်အားကို ခြောက်မိနစ်နှင့် ၂၇ စက္ကန့်အတွင်း ၉၈ ရာခိုင်နှုန်းထိ ဖြည့်ပေးနိုင်ကြောင်း သိရသည်။

ဘက်ထရီအတွင်းရှိ လျှပ်စီးခံအားကို လျှော့ချပေးထားနိုင်မှုကြောင့် ရှန်ရှင်လျှပ်စစ်ကား ဘက်ထရီမှာ လျှပ်စစ်ဓာတ်အားကို ခြောက်မိနစ် ကျော်ကျော်မျှဖြင့် ၉၈ ရာခိုင်နှုန်း ဖြည့်ပေးနိုင်ကြောင်း CATI ကုမ္ပဏီ တာဝန်ရှိသူများက ပြောကြားသည်။



အချိန်ကာလ အတိုးဆုံးဖြင့် လျှပ်စစ်ဓာတ်အား အပြည့်အဝဖြည့်သွင်းပေးနိုင်သည့် လျှပ်စစ်ကားဘက်ထရီအဖြစ် စံချိန်တင်ထားသော ဘက်ထရီမှာ တရုတ်အခြေစိုက် နည်းပညာကုမ္ပဏီတစ်ခုဖြစ်သည့် ဘီဝိုင်ဒီကုမ္ပဏီ၏ ဘက်ထရီဖြစ်သည်။

CATL နည်းပညာကုမ္ပဏီသည် တစ်ကြိမ် အားဖြည့်ထားရုံဖြင့် မိုင်ပေါင်း ၆၁၂ မိုင်ထိ မောင်းနှင်နိုင်မည့် နီကယ်ကိုဘော့မဂ္ဂနိစ် လျှပ်စစ်ကား ဘက်ထရီတစ်မျိုးကိုလည်း တည်ဆောက်ထားသည်။

Ref : Xinhua News

Trs : KKO

## အာဖရိကတိုက် နိုင်ဂျာနိုင်ငံ ဆာဟာရသဲကန္တာရဒေသ၌ အရွယ်အစားကြီးမားသော ဒိုင်နိုဆောမျိုးစိတ်သစ်တစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းကို တူးဖော်တွေ့ရှိ

**ဝါရှင်တန် မေ ၂၇**

အာဖရိကတိုက် နိုင်ဂျာနိုင်ငံ ဆာဟာရသဲကန္တာရဒေသ၌ အရွယ်အစားကြီးမားသော ဒိုင်နိုဆောမျိုးစိတ်သစ်တစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းကို အမေရိကန်သိပ္ပံပညာရှင်များက တူးဖော်တွေ့ရှိထားကြောင်း မေ ၂၆ ရက် သတင်းများအရ သိရသည်။

အဆိုပါဒိုင်နိုဆောမျိုးစိတ်သစ်ကို Spinosaurus mirabilis ဟူ၍ ချီကာဂိုတက္ကသိုလ်မှ အမေရိကန် သိပ္ပံပညာရှင်များက အမည်ပေးထားကြောင်း သိရသည်။

Spinosaurus mirabilis ကျောက်ဖြစ်ရုပ်ကြွင်း အထောက်အထားများအရ Spinosaurus ဒိုင်နိုဆောများသည် သမုဒ္ဒရာရေပြင်များတွင်ထက် ကုန်းတွင်းပိုင်း ရေပြင်များ၌ လွန်ခဲ့သော နှစ်သန်း ၁၀၀ နှင့် ၉၄ သန်းကြားကာလအတွင်း ရှင်သန်ခဲ့ကြသည့် သက်ရှိများ ဖြစ်နိုင်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားခဲ့ကြောင်း သိရသည်။

အမေရိကန်သိပ္ပံပညာရှင်များသည် Spinosaurus mirabilis ဒိုင်နိုဆော ကျောက်ဖြစ်ရုပ်ကြွင်းများကို ရှေးဟောင်းကမ်းရိုးတန်းများနှင့် ကီလိုမီတာ ၅၀၀ နှင့် ၁၀၀၀ ကြား အကွာအဝေးအတွင်း တူးဖော်တွေ့ရှိခဲ့ရခြင်းဖြစ်သည်။

Spinosaurus mirabilis ဒိုင်နိုဆောများမှာ ကိုယ်ခန္ဓာအရွယ်အစားကြီးမားပြီး ဦးခေါင်း၌လည်း အရွယ်အစား ကြီးမားသည့် အမောက်များပါရှိကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO

# HEALTH

## ကော်ဖီကိုပုံမှန်သောက်သုံးခြင်းက အစာခြေစနစ်နှင့် ဦးနှောက်ကျန်းမာရေးကို အထောက်အကူပြုနိုင်

**ဒပ်ဘလင် မေ ၂၇**

ကော်ဖီပုံမှန်သောက်သုံးမှုသည် အစာခြေစနစ်နှင့် ဦးနှောက်ကျန်းမာရေးကို အထောက်အကူပြုနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ မေ ၂၆ ရက် သတင်းများအရ သိရသည်။

အိုင်ယာလန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ကဖင်းဓာတ်ဖယ်ထုတ်ထားသော ကော်ဖီနှင့် ကဖင်းဓာတ်ပါ ကော်ဖီ နှစ်မျိုးစလုံးသည် အစာခြေလမ်းကြောင်းစနစ် ဘက်တီးရီးယားများအပေါ် အပြုသဘောအကျိုးသက်ရောက်မှုရှိကြောင်း သိရသည်။

အိုင်ယာလန်သုတေသပညာရှင်သည် လူပေါင်း ၆၂ ဦးတို့၏ စိတ်ကျန်းမာရေးအခြေအနေနှင့် အစာစားသုံးမှုပုံစံတို့ကို နှိုင်းယှဉ်ကာ ဆီးနမူနာယူပြီး လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ ကော်ဖီကိုပုံမှန်သောက်သုံးသူများ၌ စိတ်ဖိအားဝင်နိုင်ခြေ၊ စိတ်ကျဝေဒနာဝင်နိုင်ခြေများ သိသိသာသာကျဆင်းသွားသည်ကို တွေ့ရကြောင်း သိရသည်။

အထူးသဖြင့် ကော်ဖီပုံမှန်သောက်သုံးသူများ၏ အစာခြေလမ်းကြောင်းစနစ်တွင် Eggertella နှင့် Cryptobacterium Gertum အပါအဝင် အကျိုးပြုဘက်တီးရီးယားများ စုစည်းမှုအဆင့် မြင့်တက်နေတတ်သည်ကို တွေ့ရကြောင်း၊ ထို့ပြင် ဆိုးကျိုးပြုနိုင်သည့် ဘက်တီးရီးယားများကို ရှင်းလင်းဖယ်ရှားရာ၌ အထောက်အကူပြုကြောင်း အိုင်ယာလန်သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO

## စမ်းသပ်ဆဲဆေးဝါးတစ်မျိုးကို ဓာတုကုထုံးဖြင့် တွဲဖက်အသုံးပြုပါက ပန်ကရိယကင်ဆာ လူနာများ၏ ဘဝသက်တမ်းကို ဆန့်ထုတ်ပေးနိုင်

**နယူးယောက် မေ ၂၇**


အမေရိကန်နိုင်ငံအခြေစိုက် Actuate Therapeutics ကုမ္ပဏီ၏ စမ်းသပ်ဆဲဆေးဝါး တစ်မျိုးသည် ဓာတုကုထုံးဖြင့် တွဲဖက်အသုံးပြုပါက ပန်ကရိယ ကင်ဆာလူနာများ၏ ဘဝသက်တမ်းကို ဆန့်ထုတ်ပေးနိုင်ကြောင်း မေ ၂၆ ရက် သတင်းများအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လက်တွေ့စမ်းသပ်မှုများမှ ပေါ်ထွက်လာသည့် ရလဒ်များအရ Actuate ကုမ္ပဏီ၏ elraglusib အမည်ရှိ ဆေးဝါးသစ်ကို ဓာတုကုထုံးနှင့်တွဲဖက်အသုံးပြုပါက ပန်ကရိယကင်ဆာလူနာများ၏ ဘဝသက်တမ်းကို တစ်နှစ်ထိ ဆန့်ထုတ်ပေးနိုင်ကြောင်း သိရသည်။

အမေရိကန်သုတေသနပညာရှင်များသည် ပန်ကရိယကင်ဆာ လူနာ ၂၃၃ ဦးတို့ဖြင့် elraglusib ဆေး၏ အာနိသင်ကို လက်တွေ့စမ်းသပ်ခဲ့ကြရာ စမ်းသပ်မှုပေါ်ထွက်လာသည့် ရလဒ်များအရ elraglusib ဆေးကို ဓာတုကုထုံးဖြင့် တွဲဖက်ကုသမှုခံယူခဲ့သူများသည် ဓာတုကုထုံးတစ်မျိုးတည်းသာ ခံယူထားသော လူနာများထက် အသက်ရှင်သန်နိုင်ခြေ ပိုများသည်ကို တွေ့ရကြောင်း၊ နှိုင်းယှဉ်ကြည့်ပါက ဓာတုကုထုံးတစ်မျိုးတည်းဖြင့်သာ ကုထုံးခံယူပြီးနောက် အသက်ရှင်နိုင်ချိန် ၇ ဒသမ ၂ လ ထိသာရှိခဲ့ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ဘရိုက်တန်အသင်းက ဘာလီဘာအတွက် ကမ်းလှမ်းမှုများကို လက်ခံဆွေးနွေးသွားမည်

**လန်ဒန် ဧပြီ ၂၇**

ဘရိုက်တန်အသင်းက ယခုနှစ်နွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင် အသင်းမှ ကွင်းလယ်ကစားသမား ဘာလီဘာအတွက်ကမ်းလှမ်းမှုများကို လက်ခံဆွေးနွေးသွားမည် ဖြစ်ကြောင်း One Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင်ဖော်ပြခဲ့သည်။

အသက် ၂၂ နှစ်ရှိ ဘာလီဘာသည် ၂၀၂၃ ခုနှစ်က လိုင်လီအသင်းမှ ဘရိုက်တန်အသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး ပြီးခဲ့သည့်နှစ်ဘောလုံးရာသီက ဘရိုက်တန်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ပြီးနောက် ဥရောပထိပ်တန်းကလပ် အသင်းများက အပြိုင်ခေါ်ယူရန် စီစဉ်နေကြခြင်းဖြစ်သည်။

ဘာလီဘာကို ပြီးခဲ့သည့်နှစ်နွေရာသီကစားသမား အပြောင်းအရွှေ့ကာလကတည်းက မန်ယူအသင်းအပါအဝင် ပရီးမီးယားလိဂ် ထိပ်တန်းအသင်းများက အပြိုင်ကမ်းလှမ်းမှုများလုပ်ဆောင်ခဲ့ပြီး ဘာလီဘာကိုယ်တိုင်က မန်ယူအသင်းထံ ပြောင်းရွှေ့ကစားလိုသည့်အတွက် အပြောင်းအရွှေ့ဖြစ်မြောက်ရန် နီးစပ်ခဲ့သော်လည်း ဘရိုက်တန်အသင်းက ကမ်းလှမ်းမှုများကို ပယ်ချခဲ့သည့်အတွက် အသင်းတွင် ဆက်လက်ကစားခဲ့ရခြင်းဖြစ်သည်။

သို့သော် ဘာလီဘာကိုယ်တိုင်က ယခုနှစ်နွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင် အသင်းမှ ထွက်ခွာခွင့်တောင်းဆိုထားပြီး ဘရိုက်တန်အသင်းကလည်း အသင်းတွင် ဆက်လက်ထိန်းသိမ်းရန် ခက်ခဲသည့်အခြေအနေများကြောင့် ရောင်းချရန် ဆုံးဖြတ်ခဲ့ပြီး ကမ်းလှမ်းမှုများကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : One Football**

**Trs : STA**




# စိန့်အက်တီယန်အသင်းကို အနိုင်ရပြီးနောက် ထရှိုင်းယက်အသင်း လာမည့်နှစ်ဘောလုံးရာသီ ပြင်သစ်လီဂူးပြိုင်ပွဲသို့ တန်းတက်ခွင့်ရရှိ



**ပဲရစ် ဧပြီ ၂၇**

ထရှိုင်းယက် အသင်းသည် ပြင်သစ်လီဂူး-၂ ပြိုင်ပွဲ ပွဲစဉ်(၃၂) အဖြစ်ကစားခဲ့သည့် စိန့်အက်တီယန်အသင်းနှင့်ပွဲစဉ်တွင် သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရပြီးနောက် ပြိုင်ပွဲမပြီးဆုံးမီ လာမည့်နှစ်ဘောလုံးရာသီတွင် ပြင်သစ်လီဂူးပြိုင်ပွဲသို့ တန်းတက်ခွင့်ရရှိခဲ့ကြောင်း Fot-mob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ထရှိုင်းယက် အသင်းသည် ယခုနှစ်ဘောလုံးရာသီ ပြင်သစ်လီဂူး-၂ ပြိုင်ပွဲတွင် ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး ၃၂ ပွဲကစားပြီးချိန်တွင် ၁၉ ပွဲအနိုင်၊ ခုနစ်ပွဲသရေ၊ ခြောက်ပွဲရှုံးနိမ့်ခဲ့ကာ ရမှတ် ၆၄ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးတွင် ရပ်တည်နေပြီး လက်ကျန် နှစ်ပွဲအလိုတွင်ပင် ပြင်သစ်လီဂူးပြိုင်ပွဲသို့ တန်းတက်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

ထရှိုင်းယက် အသင်းသည် အမှတ်ပေးဇယားအဆင့်(၃)နေရာမှ စိန့်အက်တီယန်အသင်းနှင့် ရမှတ် ခုနစ်မှတ်ထိ ကွာဟနေသည့်အတွက် ပြိုင်ပွဲပြီးဆုံးရန် နှစ်ပွဲအလိုတွင် ပြင်သစ်လီဂူးပြိုင်ပွဲသို့ တန်းတက်ခွင့်ရရှိရန် သေချာခဲ့ခြင်းဖြစ်သည်။

ထရှိုင်းယက် အသင်းသည် လက်ကျန်ပွဲစဉ်များအဖြစ် လာဗယ်အသင်း၊ ဂရီနိုဘယ်အသင်းတို့နှင့် ဆက်လက်ကစားရမည်ဖြစ်ပြီး လာဗယ်အသင်းနှင့်ပွဲစဉ်တွင် သရေရလဒ်ရရှိမည်ဆိုပါက ချန်ပီယံဆု ဆွတ်ခူးနိုင်မည်ဖြစ်ကြောင်း သိရသည်။**Ref : Fotmob**

**Trs : STA**

# ဘာစီလိုနာအသင်းက ယခုနှစ်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အေတီကိုအသင်းမှ အယ်ဗာရက်ဇ်ကို ခေါ်ယူနိုင်ရန် နီးစပ်နေ

**ဘာစီလိုနာ ဧပြီ ၂၇**

ဘာစီလိုနာအသင်းက ယခုနှစ်နွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင် အေတီကိုအသင်းမှတိုက်စစ်မှူး အယ်ဗာရက်ဇ်ကိုခေါ်ယူနိုင်ရန် နီးစပ်နေကြောင်း The Athletic သတင်းဝက်ဘ်ဆိုက်ကယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၆ နှစ်ရှိ အယ်ဗာရက်ဇ်သည် ၂၀၂၄ ခုနှစ်က မန်စီးတီးအသင်းမှ အေတီကိုအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီး အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၄၅ ပွဲတွင် သွင်းဂိုး ၂၉ ဂိုးနှင့် ဂိုးဖန်တီးမှု ခုနစ်ကြိမ်ပြုလုပ်နိုင်သည်ထိ ခြေစွမ်းပြသခဲ့သူဖြစ်သည်။

အလားတူ အယ်ဗာရက်ဇ်သည် ယခုနှစ်ဘောလုံးရာသီတွင်လည်း အေတီကိုအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသနေပြီး ပြိုင်ပွဲစုံ ပွဲ ၅၀ ကစားပြီးချိန်တွင် သွင်းဂိုး ၁၉ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၀ ကြိမ် ပြုလုပ်ထားသည်။

အေတီကိုအသင်းနှင့် အယ်ဗာရက်ဇ်တို့ စာချုပ်သက်တမ်းမှာ ၂၀၂၈ ခုနှစ်ထိ ကျန်ရှိနေသေးသော်လည်း ၎င်းကိုယ်တိုင်က ယခုနှစ် ဘောလုံးရာသီအကုန်တွင် အသင်းမှ ထွက်ခွာရန်ဆုံးဖြတ်ထားပြီး ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ရန်ပြင်ဆင်နေခြင်းဖြစ်သည်။

ယခုနှစ် ဘောလုံးရာသီတွင် စပိန်လာလီဂါချန်ပီယံဆုဆွတ်ခူးနိုင်ရန် နီးစပ်နေသည့် ဘာစီလိုနာအသင်းသည် လာမည့်နှစ်ဘောလုံးရာသီတွင် အသင်းတိုက်စစ်ပိုင်းကို အပြောင်းအလဲ လုပ်ဆောင်ရန်စီစဉ်နေပြီး အသင်း ဝါရင့်တိုက်စစ်မှူး လီဝမ်ဒေါ့စကီးကို အသင်းမှ ထွက်ခွာခွင့်ပေးထားပြီး အယ်ဗာရက်ဇ်နှင့်ပြန်လည် အစားထိုး ပြင်ဆင်နေခြင်း ဖြစ်ကြောင်း သိရသည်။

**Ref : The Athletic**

**Trs : STA**

# Mutua Madrid Open တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်ကို ကိုကိုဂတ်ဖ် တက်ရောက်

**မက်ဒရစ် ဧပြီ ၂၇**

စပိန်နိုင်ငံ မက်ဒရစ်မြို့တွင် ကျင်းပနေသည့် Mutua Madrid Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ကမ္ဘာ့အဆင့်(၃) အမေရိကန်တင်းနစ်မယ် ကိုကိုဂတ်ဖ်နှင့် ရိုမေးနီးယားတင်းနစ်မယ် ဆိုရာနာတို့ ယှဉ်ပြိုင်ခဲ့ရာ ကိုကိုဂတ်ဖ်က(၄-၆၊ ၇-၅၊ ၆-၁) ရလဒ်ဖြင့် အနိုင်ရပြီး စတုတ္ထအဆင့်သို့ တက်ရောက်ခဲ့ကြောင်း RTE သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကိုကိုဂတ်ဖ်အနေဖြင့် ပထမပွဲငယ်တွင် ရှုံးနိမ့်ခဲ့သော်လည်း နောက်မှလိုက်ကစားခဲ့ပြီးမှ ဒုတိယပွဲငယ်နှင့် တတိယပွဲငယ်တို့တွင် အနိုင်ရခဲ့သည်။

ကိုကိုဂတ်ဖ်သည် ၂၀၂၆ ခုနှစ်အတွင်း စွမ်းဆောင်ရည်ကျဆင်းခဲ့ပြီး အောင်မြင်မှုများဖြင့် ဝေးကွာနေရသည့်အတွက် ယခုနှစ်အစောပိုင်းက ကမ္ဘာ့အဆင့်(၂) နေရာတွင်ရပ်တည်နိုင်ခဲ့သော်လည်း လက်ရှိတွင် ကမ္ဘာ့အဆင့် (၃) နေရာသို့ ကျဆင်းခဲ့ခြင်း ဖြစ်သည်။

ကိုကိုဂတ်ဖ်က "ကျန်းမာရေးပြဿနာရှိနေတဲ့အတွက် ပွဲကို မြန်မြန်ဖြတ်နိုင်ဖို့ ကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့လဲ ပထမပွဲငယ်မှာ စိတ် ေ◌◌ာနေတာနဲ့အမှားအယွင်းတွေများသွားခဲ့ပါတယ်။ ဒုတိယပွဲငယ်မှာ အကောင်းဆုံးကစားနိုင်ဖို့ အမှားတွေကို ပြင်ဆင်နိုင်ခဲ့ပေမဲ့လဲ ဆိုရာနာကစားတာအရမ်းကောင်းတဲ့အတွက် ကျွန်မအနေနဲ့ ခက်ခက်ခဲခဲကစားခဲ့ရပြီးမှ အနိုင်ရခဲ့ခြင်းဖြစ်ပါတယ်။ အဆုံးအဖြတ်ပွဲစဉ်မှာတော့ ကျွန်မအနေနဲ့ လိုချင်တဲ့ပုံစံအတိုင်း ကစားနိုင်ခဲ့တဲ့အတွက်ပြတ်သားတဲ့ရလဒ်နဲ့ အနိုင်ရခဲ့ခြင်းဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ **Ref : RTE**

**Trs : AZL**

# The Chevron Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို ကမ္ဘာ့အဆင့်(၂) အမေရိကန်ဂေါက်သီးရိုက်မယ် နယ်လီကော့ဒါ ဆွတ်ခူး

**ဟောက်စတန် ဧပြီ ၂၇**

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် ဟောက်စတန်မြို့တွင် ကျင်းပခဲ့သည့် The Chevron Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့်(၂) အမေရိကန် ဂေါက်သီးရိုက်မယ် နယ်လီကော့ဒါက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၈ ချက်လျော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း Sky Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ထိုင်းဂေါက်သီးရိုက်မယ် တာဗာတာနာကစ်၊ တရုတ်ဂေါက်သီးရိုက်မယ် ရှုနင်ရင်တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက် ထက် ၁၃ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်ခဲ့ကြပြီး တရုတ်ဂေါက်သီးရိုက်မယ် လွေယန်၊ တောင်ကိုရီးယားဂေါက်သီးရိုက်မယ် ယွန်းအိုင်နာတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၂ ချက်စီ လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်ခဲ့ကြသည်။

နယ်လီကော့ဒါသည် တတိယနေ့နှင့်နောက်ဆုံးနေ့တို့တွင် အမှားအနည်းငယ်ရှိခဲ့သော်လည်း ပထမနေ့နှင့် ဒုတိယနေ့တို့တွင် ရလဒ်ကောင်းခဲ့သည့်အတွက် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။



နယ်လီကော့ဒါက "အရိုးသားဆုံးပြောရရင်တော့ ပထမနေ့နဲ့ ဒုတိယနေ့က ရလဒ်ကြောင့် အခုလိုချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပါတယ်။ တတိယနေ့နဲ့ နောက်ဆုံးနေ့ကတော့ သိပ်ကို ခက်ခဲလွန်းခဲ့ပါတယ်။ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ဖို့အတွက် အရေးကြီးဆုံးကတော့ စိတ်ဓာတ်ပိုင်းပါပဲ။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိဖို့ကလဲ အရေးကြီးပါတယ်။ ရလဒ်ပိုင်း အတက်အကျမြန်ဆန်တဲ့အချိန်မှာ စိတ်တည်ငြိမ်ဖို့က အရေးကြီးဆုံးဖြစ်ပါတယ်။ စိတ်ရှည်သည်းခံစွာနဲ့ ကစားနိုင်ခဲ့လို့ အခုလို အောင်မြင်မှုရခဲ့တာပါ" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sky Sports**

**Trs : AZL**

# Zurich Classic of New Orleans ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို ဖစ်ဇ်ပက်ထရစ်တို့အတွဲ ဆွတ်ခူး



**လူဝစ်စီးယားနား မေ ၂၇**

အမေရိကန်နိုင်ငံ လူဝစ်စီးယားနားပြည်နယ်တွင် ကျင်းပခဲ့သည့် Zurich Classic of New Orleans ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အင်္ဂလန် ဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် မက်ဖစ်ဇ်ပက်ထရစ်နှင့် အဲလက်စ်ဖစ်ဇ်ပက်ထရစ်တို့အတွဲက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၃၁ ချက်လျော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း TSN သတင်းဌာနက ယနေ့တွင်ဖော်ပြခဲ့သည်။

နော်ဝေဂေါက်သီးရိုက် ကစားသမားများဖြစ်ကြသည့် ခရစ်တိုဖာနှင့် ဗန်တူရာတို့အတွဲ၊ အမေရိကန်ဂေါက်သီးရိုက် ကစားသမားများဖြစ်ကြသည့် စမောလေနှင့် စပရင်ဂါတို့အတွဲက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် အချက် ၃၀စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်ခဲ့ကြပြီး ဒိန်းမတ်ဂေါက်သီးရိုက် ကစားသမားများဖြစ်ကြသည့် ရက်စ်မက်နှင့် ဂျာကော့၊ အမေရိကန်ဂေါက်သီးရိုက် ကစားသမားများဖြစ်ကြသည့် ဘင်မာတင်နှင့် ထရေ့စ်တို့အတွဲက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၂၈ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်ခဲ့ကြသည်။

အဲလက်စ်ဖစ်ဇ်ပက်ထရစ်က "လုံးဝကို မယုံကြည်နိုင်လောက်အောင် ဝမ်းသာပျော်ရွှင်ရတဲ့ အောင်မြင်မှုဖြစ်ပါတယ်။ လုံးဝထင်မထားတဲ့ အောင်မြင်မှုပါ။ ကျွန်တော့် အစ်ကိုအတွက်တော့ ဆုဖလားရတာ အထူးအဆန်း မဟုတ်ပေမဲ့လဲ ကျွန်တော့်အတွက်ကတော့ အထူးအဆန်းပါပဲ။ နောက်ဆုံးနေ့မှာတော့ ရလဒ်အနည်းငယ် ကျဆင်းခဲ့ပါတယ်။ ဒါပေမဲ့လဲ ပထမ ၁၁ ကျင်းလောက်ထိတော့ Solid ဖြစ်အောင် ကစားနိုင်ခဲ့ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : TSN

Trs : AZL

# အက်ဖ်အေဖလားပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် မန်စီးတီးအသင်းနှင့် ချဲလ်ဆီးအသင်းတို့ တွေ့ဆုံ

**လန်ဒန် မေ ၂၇**

အက်ဖ်အေဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်အဖြစ် ကစားခဲ့သည့် ချဲလ်ဆီးအသင်းနှင့် လိဒ်အသင်းတို့ ပွဲစဉ်တွင် ချဲလ်ဆီးအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ဗိုလ်လုပွဲအဆင့် တက်ရောက်နိုင်ခဲ့သည့်အတွက် ဗိုလ်လုပွဲအဆင့်တွင် မန်စီးတီးအသင်းနှင့် ချဲလ်ဆီးအသင်းတို့တွေ့ဆုံမည်ဖြစ်ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် ချဲလ်ဆီးအသင်းအတွက် တစ်လုံးတည်းသောသွင်းဂိုးကို ပွဲချိန် ၂၃ မိနစ်တွင် ကွင်းလယ်ကစားသမား ဖာနန်ဒက်က သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

အက်ဖ်အေဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်များတွင် မန်စီးတီးအသင်းက ဆောက်သမ်တန်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ ချဲလ်ဆီးအသင်းက လိဒ်အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း အသီးသီး အနိုင်ရခဲ့ကြပြီး ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

အက်ဖ်အေဖလားပြိုင်ပွဲတွင် မန်စီးတီးအသင်းသည် ဗိုလ်လုပွဲအဆင့်သို့ ၁၄ ကြိမ်တက်ရောက်နိုင်ခဲ့ပြီး ချန်ပီယံဆု ခုနစ်ကြိမ် ဆွတ်ခူးထားသကဲ့သို့ ချဲလ်ဆီးအသင်းသည်လည်း ဗိုလ်လုပွဲအဆင့်သို့ ၁၆ ကြိမ်တက်ရောက်နိုင်ခဲ့ပြီး ချန်ပီယံဆု ရှစ်ကြိမ်ဆွတ်ခူးထားသည်။

မန်စီးတီးအသင်းနှင့် ချဲလ်ဆီးအသင်းတို့သည် အက်ဖ်အေဖလားပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် မေ ၁၆ ရက်တွင် ဝင်ဘာလေအားကစားကွင်း၌ ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# ဒွေါ့မွန်အသင်းက ခေါ်ယူရန်ကြိုးပမ်းနေသည့် ဂါစီယာအတွက် ပြောင်းရွှေ့ကြေးကို ရီးရဲလ်မက်ဒရစ်အသင်းက ယူရို သန်း ၆၀ သတ်မှတ်

**မက်ဒရစ် မေ ၂၇**

ဂျာမန်ဘွန်ဒက်လီဂါကလပ် ဒွေါ့မွန်အသင်းက ခေါ်ယူရန် ကြိုးပမ်းနေသည့် တိုက်စစ်မှူး ဂါစီယာအတွက် ပြောင်းရွှေ့ကြေးကို ရီးရဲလ်မက်ဒရစ်အသင်းက ယူရို သန်း ၆၀ သတ်မှတ်ခဲ့ကြောင်း Goal.com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ရီးရဲလ်မက်ဒရစ် အသင်းတာဝန်ရှိသူများက ယခုနှစ်နွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင် အသင်းမှ ပထမဦးစားပေး ကစားသမားများဖြစ်ကြသည့် ကာဗာဂျယ်၊ အလာဘာ၊ ကာမာဗင်ဂါ၊ စီဘယ်လော့တို့ကို ရောင်းချမည်ဖြစ်ကြောင်း ကြေညာခဲ့ပြီးနောက် ယခုအခါ တိုက်စစ်မှူး ဂါစီယာကိုလည်း ရောင်းချမည်ဖြစ်သည်။

ထို့နောက် ဂျာမန်ဘွန်ဒက်လီဂါကလပ် ဒွေါ့မွန်အသင်းက တိုက်စစ်ပိုင်းလိုအပ်ချက်အတွက် ဂါစီယာကိုခေါ်ယူရန် ကြိုးပမ်းနေသဖြင့် ရီးရဲလ်မက်ဒရစ်အသင်းက ကစားသမား၏ ပြောင်းရွှေ့ကြေးကို ယူရို သန်း ၆၀ သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

သို့သော် ဂျာမန်ဘွန်ဒက်လီဂါကလပ် ဒွေါ့မွန်အသင်းက ဂါစီယာအတွက် ပြောင်းရွှေ့ကြေးကို ယူရို သန်း ၃၀ ဖြင့် ကမ်းလှမ်းလာသောကြောင့် ရီးရဲလ်မက်ဒရစ်အသင်းက သန်း ၆၀ ရရှိမှသာ ရောင်းချမည်ဟု ထုတ်ပြန်ခဲ့သည်။

ဂါစီယာသည် ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ပွဲ ၄၀ ၌ သွင်းဂိုး ၁၀ ဂိုးနှင့် ဂိုးဖန်တီးမှု သုံးကြိမ်ပြုလုပ်ထားကြောင်း သိရသည်။

Ref : Goal.com

Trs : ML

# လီဗာပူးအသင်းမှ ဆာလာဟ်ဒဏ်ရာကြောင့် ယခုနှစ်ဘောလုံးရာသီကုန်ထိ အနားယူရမည်



**လန်ဒန် မေ ၂၇**

လီဗာပူးအသင်းနှင့် ပဲလေ့စ်အသင်းတို့ကစားခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်(၃၄)တွင် လီဗာပူးအသင်းက သုံးဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့သော်လည်း တိုက်စစ်ကစားသမားဆာလာဟ် တံကောက်ကြောဒဏ်ရာ ရရှိခဲ့သောကြောင့် ယခုနှစ် ဘောလုံးရာသီကုန်ထိ အနားယူရမည် ဖြစ်ကြောင်း Sports Illustrated သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၃ နှစ်ရှိ ဆာလာဟ်သည် အဆိုပါပွဲစဉ်တွင် ပွဲထွက်ကစားသမားအဖြစ် ပါဝင်ခဲ့သော်လည်း ဒုတိယပိုင်းပွဲချိန် ၅၉ မိနစ်တွင် တံကောက်ကြောဒဏ်ရာကြောင့် အသင်းဖော်ကစားသမား ဖရင်ပေါင်နှင့် လူစားလဲခဲ့ရကာ ဒဏ်ရာအခြေအနေကို လိုအပ်သည့် စစ်ဆေးမှုများပြုလုပ်ခဲ့သည်။

ထို့နောက် လီဗာပူးအသင်းဆေးအဖွဲ့က ဆာလာဟ်၏ ဒဏ်ရာအခြေအနေမှာ လေးပတ်ခန့် အနားယူရမည်ဖြစ်သည့်အတွက် ဇွန် ၁၁ ရက်တွင် အီဂျစ်အသင်းနှင့်အတူ ကစားရမည့် ကမ္ဘာ့ဖလားပြိုင်ပွဲကို ပါဝင်ကစားနိုင်ဖွယ်ရှိကြောင်း အတည်ပြုခဲ့သည်။

ဆာလာဟ်သည် ယခုနှစ်ဘောလုံးရာသီအကုန်တွင် အသင်းမှ ထွက်ခွာမည်ဖြစ်ပြီး လက်ရှိတွင် တံကောက်ကြောဒဏ်ရာ ရရှိထားသဖြင့် မေ ၂၄ ရက်တွင် ဘရန့်ဖို့ဒ်အသင်းနှင့် ကစားရမည့် ပွဲစဉ်ကို ပါဝင်နိုင်မည်မဟုတ်ဘဲ ပဲလေ့စ်အသင်းနှင့် ပွဲစဉ်သည် လီဗာပူးအသင်း ကစားသမားဘဝ နောက်ဆုံးပွဲစဉ်ဖြစ်ခဲ့ကြောင်း သိရသည်။

Ref : Sports Illustrated

Trs : ML

# အီတလီစီးရီးအေ ပြိုင်ပွဲသမိုင်းတစ်လျှောက် တစ်ရာသီအတွင်း ဂိုးဖန်တီးမှု အများဆုံးကစားသမားအဖြစ် ဒီမာကိုစံချိန်သစ်တင်

**ရောမ မေ ၂၇**

အင်တာမီလန်အသင်း ကွင်းလယ်ကစားသမား ဒီမာကိုသည် အီတလီစီးရီးအေပွဲစဉ်(၃၄) အဖြစ် ကစားခဲ့သည့် တိုရီနိုအသင်းနှင့် အင်တာမီလန်အသင်းတို့ပွဲစဉ်တွင် ဂိုးဖန်တီးမှုနှစ်ကြိမ် ပြုလုပ်ခဲ့ပြီးနောက် ပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် ဂိုးဖန်တီးမှုအများဆုံး ကစားသမားအဖြစ် စံချိန်သစ်တင်နိုင်ခဲ့ကြောင်း One Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

တိုရီနိုအသင်းနှင့် အင်တာမီလန်အသင်းတို့ နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့သည့် ပွဲစဉ်တွင် ဒီမာကိုသည် ပွဲချိန် ၂၃ မိနစ်တွင် သွင်းယူခဲ့သည့် သူရမ်၏ သွင်းဂိုးနှင့် ပွဲချိန် ၆၁ မိနစ်တွင်သွင်းယူခဲ့သည့် ဘာစ်ဆက်တို့၏ သွင်းဂိုးများကို ဂိုးဖန်တီးမှုပြုလုပ်ခဲ့ပြီးနောက် ယခုနှစ်ဘောလုံးရာသီ အီတလီစီးရီးအေပြိုင်ပွဲတွင် ဂိုးဖန်တီးမှု ၁၇ ကြိမ်ထိရှိလာခဲ့သည့်အတွက် တစ်ရာသီအတွင်း ဂိုးဖန်တီးမှုအများဆုံး ကစားသမားအဖြစ် စံချိန်သစ်တင်နိုင်ခဲ့ခြင်းဖြစ်သည်။

အီတလီစီးရီးအေ ပြိုင်ပွဲတွင် ဒီမာကိုမတိုင်မီက တစ်ရာသီအတွင်း ဂိုးဖန်တီးမှုအများဆုံး ကစားသမားအဖြစ် အတ္တလန်တာအသင်း ကွင်းလယ်ကစားသမားဟောင်း ပါပူးဂိုမက်ဇ်က ၁၆ ကြိမ်ဖြင့် စံချိန်တင်ထားခဲ့ခြင်းကို ယခုအခါ ဒီမာကိုက တစ်ကြိမ်အသာဖြင့် ကျော်ဖြတ်ပြီး စံချိန်သစ်တင်နိုင်ခဲ့ခြင်းဖြစ်သည်။

ဒီမာကိုသည် အင်တာမီလန်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီ အီတလီစီးရီးအေပြိုင်ပွဲတွင် ၃၂ ပွဲ ကစားပြီးချိန်၌ သွင်းဂိုး ခြောက်ဂိုး သွင်းယူထားပြီး ဂိုးဖန်တီးမှု ၁၇ ကြိမ်ထိ ပြုလုပ်ထားကြောင်း သိရသည်။

Ref : One Football

Trs : STA



# သဘာဝပတ်ဝန်းကျင်သာယာဖို့ ပျားမွေးမြူရေးကိုအားပေးစို့

**ခင်မောင်တင် (ပျား/ဖွံ့)**



ပျားမွေးမြူရေးသည် ပျားရည်နှင့် အခြားပျားထွက်ပစ္စည်းများ ရရှိနိုင်သည်သာမက ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ပြုစုရေးတို့တွင်လည်း အလွန်အရေးပါသည့် အခန်းကဏ္ဍတွင်ပါဝင်နေသည်။

မြန်မာနိုင်ငံတွင် ၁၉၇၉ ခုနှစ်မှစတင်၍ ဥရောပပျားမျိုး Apis mellifera lingustica၊ အီတာလျံပျားမျိုးများကို Australia၊ UK၊ USA တို့မှ တင်သွင်းမွေးမြူကာ ခေတ်မီ ပျားမွေးမြူရေးစနစ်ကို ကမ္ဘာ့ကုလသမဂ္ဂအစီအစဉ်(UNDP)နှင့် ကမ္ဘာ့စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့(FAO)တို့ ပူးပေါင်းကူညီသည့် လေးနှစ်စီမံကိန်းဖြင့် မြန်မာ့ပျားမွေးမြူရေးကဏ္ဍသစ်ကို အောင်မြင်စွာ စတင်ဆောင်ရွက်နိုင်ခဲ့သည်။ စီမံကိန်းစတင်သည့်ပျားအုံ ၃၉၅ အုံမှသည် ပျားအုံပေါင်း သိန်းဂဏန်းထိ ယနေ့အချိန်တွင် ပုဂ္ဂလိက ပျားမွေးမြူရေးကဏ္ဍ၌ တိုးပွားမွေးမြူခြင်း၊ ပျားရည်တန်ချိန်များစွာ ထုတ်လုပ်ရောင်းချနိုင်ခြင်း၊ ပြည်ပတင်ပို့နိုင်ခြင်းတို့ကို အကျိုးရလဒ်များ ရရှိခဲ့ပြီးဖြစ်သည်။

ကျွန်ုပ်တို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည်နှင့်အညီ ဖရဲ၊ သခွား၊ ပဲ အမျိုးမျိုး၊ နှမ်း၊ နေကြာ၊ ပန်းနှမ်း၊ ဆီး၊ ဆီမုန်ညင်း၊ သရက်၊ ကော်ဖီ၊ လိုင်ချီး၊ ရော်ဘာ၊ လဲမှို့၊ ကြို့၊ မက်မန်း၊ သစ်တော်၊ လောင်ပန်း အစရှိသည့် စားပင်၊ သီးပင်များ၊ လူတို့စိုက်ပျိုးထားသော သစ်ပင်၊ ပန်းပင်၊ နှစ်ရှည်ပင်ကြီးများ၊ သဘာဝတောတောင်များတွင် အလေ့ကျပေါက်ရောက်လေ့ရှိသော ပင်ကြီး၊ ပင်ငယ်များဖြင့် သဘာဝပတ်ဝန်းကျင်တွင် သာယာလျက်ရှိနေသည်။

ထိုသဘာဝအလှတရားများ ဖြစ်ပေါ်စေရေးနှင့် လူသားတို့အတွက် မရှိမဖြစ် စိုက်ပျိုးစားသုံးပင်များသည် ပင်တည်းဝတ်မှုန်ကူးခြင်းနှင့် ပင်ခြားဝတ်မှုန်ကူးခြင်းဖြင့် ဆက်လက်ရှင်သန်၊ စားသုံးကြီးပွားအထွက်တိုးရခြင်းမှာ ပျားမွေးမြူရေး၏ အဓိကသော့ချက်ဖြစ်သည်။ သဘာဝတောတောင်ရှိ ပင်ကြီး၊ ပင်ငယ်များ၊ လူတို့စိုက်ပျိုးထားသော ဆီထွက်သီးနှံအမျိုးမျိုးနှင့် စားသုံးပင်များကို အင်းဆက်များဖြစ်သည့် ပိတုန်း၊ လိပ်ပြာ၊ ငှက် အစရှိသည်တို့မှ မဖြစ်မနေ ဝတ်မှုန်ကူးပေးလေ့ရှိသည်။ ထိုအင်းဆက်များစွာထဲမှ သဘာဝတောပျားများနှင့် ပျားမွေးမြူရေးပျားများမှ ဝတ်မှုန်ကူးပေးခြင်းဖြင့် သဘာဝဂေဟစနစ်ကို အထိရောက်ဆုံးနှင့် အဓိကအကျဆုံး ထိန်းသိမ်းပေးလျက်ရှိပေသည်။

ယခုအခါတွင် ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲမှ ဌာန၊ ပုဂ္ဂလိက ပျားအုံ ၂၆၇၉၇ အုံဖြင့် သဘာဝတောတောင်ရှိ နှစ်ရှည်ပင်များ၊ နေကြာနှင့် အခြားဆီထွက်သီးနှံပင်များ၊ ဥယျာဉ်ခြံသီးနှံများ၊ ရာသီသီးနှံစိုက်ခင်းများ အထွက်နှုန်းတိုးပွားစေရန် ပျားဖြင့် ဝတ်မှုန်ကူးဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၂၅ခုနှစ် အောက်တိုဘာ ၂၉ ရက် ရက်စွဲပါ လုပ်ငန်းလမ်းညွှန်ချက်အရ နှမ်း၊ ပန်းနှမ်းနှင့် နေကြာစိုက်ပျိုးသည့်နေရာများတွင် ပျားမွေးမြူရေးကိုပါတွဲ၍ လုပ်ဆောင်နိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် တောတောင်သဘာဝပတ်ဝန်းကျင်သာယာလှပစေရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် အထောက်အကူပြုသည့်အပြင် ကမ္ဘာ့စားနပ်ရိက္ခာ၏ သုံးပုံတစ်ပုံကို ပျားများဖြင့် ဝတ်မှုန်ကူးပေးလျက်ရှိသည်။

ပျားများမရှိလျှင် ပန်းမျိုးစိတ်၊ သစ်ပင်မျိုးစိတ်များ များစွာပျောက်ကွယ်သွားမည်။ အဆိုပါမျိုးစိတ်များ ပျောက်ကွယ်သွားလျှင် ၎င်းတို့ကို မှီဝဲစားသုံးနေရသည့် လူအပါအဝင် တိရစ္ဆာန်မျိုးတချို့လည်း ကွယ်ပျောက်သွားမည်ဖြစ်သည်။ တိရစ္ဆာန်အချင်းချင်း စားသုံးအသက်ရှင်နေထိုင်ရသည့် သားရဲတိရစ္ဆာန်များလည်း တဖြည်းဖြည်း ပျောက်ကွယ်သွားလိမ့်မည်။ သတ္တဝါအချင်းချင်း အပြန်အလှန်မှီတည်နေရသည့် ဂေဟစနစ်ကြီးတစ်ခုလုံးပြိုလဲသွားမည်ဖြစ်သည်။ အထူးသဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် ပထမဆုံး ထိခိုက်နစ်နာမည်ဖြစ်၍ ပျားမွေးမြူရေးကို အစဉ်အားပေးဆောင်ရွက်ရမည်ဖြစ်သည်။

သီးနှံအထွက်နှုန်းများ ကျဆင်းလာရာမှ တောင်သူလယ်သမားများ အထွက်နှုန်းကျပြီး ဆုံးရှုံးထိခိုက်မှုဖြစ်ပေါ်လာခြင်း၊ စားရေရိက္ခာမလုံလောက်မှုကြောင့် ကုန်ဈေးနှုန်းမြင့်တက်လာခြင်း၊ ဝင်ငွေနည်းပါးသူ အခြေခံလူတန်းစားများ အာဟာရပြည့်ဝစွာ မစားသောက်နိုင်တော့ခြင်း၊ လူမှုဘဝအရည်အသွေးများ ကျဆင်းနိမ့်ပါးလာခြင်းတို့ကြောင့် နိုင်ငံအဆင့်မှသည် ကမ္ဘာလုံးအဆင့်ထိ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာများ ထိခိုက်ပျက်စီးလာရာမှ ကပ်ဒုက္ခများ အသီးသီးဆိုက်ရောက်သွားနိုင်သည်။

> ❖ ပျားများမရှိလျှင် ပန်းမျိုးစိတ်၊ သစ်ပင်မျိုးစိတ်များ များစွာပျောက်ကွယ်သွားမည်။ အဆိုပါမျိုးစိတ်များ ပျောက်ကွယ်သွားလျှင် ၎င်းတို့ကို မှီဝဲစားသုံးနေရသည့် လူအပါအဝင် တိရစ္ဆာန်မျိုးတချို့လည်း ကွယ်ပျောက်သွားမည်ဖြစ်သည်။ တိရစ္ဆာန်အချင်းချင်း စားသုံးအသက်ရှင်နေထိုင်ရသည့် သားရဲတိရစ္ဆာန်များလည်း တဖြည်းဖြည်း ပျောက်ကွယ်သွားလိမ့်မည်။ သတ္တဝါအချင်းချင်း အပြန်အလှန်မှီတည်နေရသည့် ဂေဟစနစ်ကြီးတစ်ခုလုံး ပြိုလဲသွားမည်ဖြစ်သည်။ အထူးသဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် ပထမဆုံး ထိခိုက်နစ်နာမည်ဖြစ်၍ ပျားမွေးမြူရေးကို အစဉ်အားပေးဆောင်ရွက်ရမည်ဖြစ်သည်။ ❖

ပျားများပျောက်ကွယ်သွားခြင်းသည် ဂေဟစနစ်ဆိုင်ရာအကျပ်အတည်းတစ်ခု၏ အစဖြစ်လာနိုင်ပြီး ကမ္ဘာဂြိုဟ်တစ်ခုလုံးအပေါ် ဆိုးရွားစွာသက်ရောက်မှုရှိလာမည်ဖြစ်သည်။ "If the bee disappeared off the surface of the globe, then would have only four years of life left. No more bees, no more pollination, no more plants, no more animals, no more man. (Albert Einstein) Save The Bees. ကမ္ဘာပေါ်တွင် ပျားများပျောက်ကွယ်သွားခဲ့လျှင် လူ့သက်တမ်းသည် လေးနှစ်သာကျန်ရှိပါလိမ့်မည်။ ပျားတွေလည်းမရှိ၍ ဝတ်မှုန်ကူးခြင်းလည်း အပြည့်မရှိ၊ အပင်ဆိုသည်လည်း မရှိ၊ တိရစ္ဆာန်များလည်းမရှိ၊ လူသားဆိုသည်မှာလည်း မရှိဖြစ်လိမ့်မည်"ဟု သိပ္ပံပညာရှင် အဲလ်ဘက်အိုင်းစတိုင်းက ကြိုတင်တွက်ဆလမ်းညွှန်ပြသခဲ့သည်။

အနှစ်ချုပ်ဆိုရပါသော် လယ်သမားမရှိလျှင် အစားအစာဆိုသည် မရှိ၊ ပျားမရှိလျှင် လယ်သမားဆိုသည်မရှိဖြစ်သည်။ (No Farmers, no food and No bees, no farmers )။

သို့ဖြစ်ပါ၍ ကျွန်ုပ်တို့သည် "နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့"ဟူသော ဆောင်ပုဒ်နှင့်အညီ "သဘာဝပတ်ဝန်းကျင်သာယာဖို့ ပျားမွေးမြူရေးကို အစဉ်အမြဲအားပေးကြပါစို့" ဟု တိုက်တွန်းရေးသားအပ်ပါသည်။

# ဝါးခယ်မမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

မြောင်းမြ ဧပြီ ၂၇

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်းဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။


ဝါးခယ်မမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၄၃၄၃၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သော ပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၂၀ ဒသမ ၀၇ တင်းထိ ထွက်ရှိကြောင်း သိရသည်။

''ဝါးခယ်မမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပဲတီစိမ်း ၄၃၄၃၄ ဧကထိ စိုက်ပျိုးခဲ့ပါတယ်။ စိုက်ပျိုးထားတဲ့ ပဲတီစိမ်းတွေ ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ရိတ်သိမ်းပြီးစီးပြီဖြစ်တဲ့ အသီးအနှံတွေမှာ ပိုးမွှားအန္တရာယ်ကင်းရှင်းတာတွေ့ရပါတယ်။ ပဲတီစိမ်းတွေ စိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးစေ့တွေ၊ နည်းပညာတွေ၊ အခြားပံ့ပိုးမှုတွေကို သီးနှံတွေမစိုက်မီအချိန်ကတည်းက စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးလုပ်ငန်းတွေဆောင်ရွက်ပေးခဲ့ပါတယ်''ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**



# ယောက်ျားကောင်း ရုပ်ရှင်ဇာတ်ကားကို မေလပထမပတ်တွင် နိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်




ရန်ကုန် ဧပြီ ၂၇

Lotus Film Production က ရိုက်ကူးထုတ်လုပ်သည့် ယောက်ျားကောင်း ရုပ်ရှင်ဇာတ်ကားကို မေလပထမပတ်တွင် နိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါ ယောက်ျားကောင်း ရုပ်ရှင်ဇာတ်ကားကို တာဝန်ယူပုံဖော် ရိုက်ကူးထားသူ ဒါရိုက်တာ ကိုဇော်(အရဏ်ဦး)ထံမှ သိရသည်။

အဆိုပါ ယောက်ျားကောင်း ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို မိုးနီလွင်က ရေးသားထားကာ ရာဇဝင်ကိုက ဇာတ်ညွှန်း ရေးသားထားပြီး ဒါရိုက်တာ ကိုဇော်(အရဏ်ဦး)က Lotus Film Production အတွက် တာဝန်ယူ ရိုက်ကူးထားခြင်းဖြစ်သည်။

"ဒီဇာတ်ကားက အချစ်ဟာသ ဇာတ်မြူးလေးပါပဲ။ ပေါ့ပေါ့ပါးပါး လေးနဲ့ ရှင်မြူးကြည်နူးရမဲ့ ဇာတ်ကားပါ။ အူတက်အောင်ရယ်ရမဲ့ ဟာသအလွဲတွေကို မြင်ရပါမယ်။ မိန်းမနဲ့စိတ်ကောက်တိုင်း သူငယ်ချင်းအိမ် သွားအိပ်မယ် ဆိုတာကြီးက စိတ်ချရရဲ့လား။ ယောက်ျားလေးတွေ အချင်းချင်း ကြားက မိန်းမတွေမသိတဲ့ လျှို့ဝှက်ချက်တွေက ဘာတွေဖြစ်မလဲ။ အပြင်မှာ တကယ်ရှိနေတတ်တဲ့ မူယာများတဲ့ယောက်ျားတို့ရဲ့ သဘာဝနဲ့ ပျော်ပျော်ပါးပါး ဇာတ်ကားလေး ဖြစ်တာကြောင့် အပန်းဖြေချင်သူတိုင်း ကြည့်သင့်တဲ့ ဇာတ်ကားတစ်ကားလို့ပြောချင်ပါတယ်"ဟု ဒါရိုက်တာ ကိုဇော်(အရဏ်ဦး)က ပြောပြသည်။

အဆိုပါ ယောက်ျားကောင်း ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် မြင့်မြတ်၊ ရွှေထူး၊ ဆင်မ၊ ဇင်မျိုး၊ ကေညီ၊ ရတနာဗိုလ်၊ နော်ဖေအယ်ထား၊ ယမင်းမေဦး၊ ဆုထက်၊ ဘေဘေး၊ ခင်စန်းဝင်း၊ ညီညီမောင်(စမ်းချောင်း)နှင့်အခြား အနုပညာရှင်များစွာ ပါဝင်ထားကြောင်း သိရသည်။ ASH

# တေးသံရှင် လေးဖြူ၏ LAY PHYU Show in Mandalay တေးဂီတဖျော်ဖြေပွဲကို ချမ်းအေးသာစံမြို့နယ်ရှိ The Square Theatre Bar တွင် ကျင်းပမည်

ရန်ကုန် ဧပြီ ၂၇

တေးသံရှင် လေးဖြူ၏ LAY PHYU Show in Mandalay တေးဂီတဖျော်ဖြေပွဲကို မန္တလေး တိုင်းဒေသကြီး ချမ်းအေးသာစံ မြို့နယ်ရှိ The Square Theatre Bar ၌ မေ ၉ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း တေးသံရှင် လေးဖြူထံမှ သိရသည်။

LAY PHYU Show in Mandalay တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင် လေးဖြူ၏ တစ်ကိုယ်တော်သီဆိုဖျော်ဖြေမှုကို Rock Star Music Band တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးတီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒါဟာ ဆယ်စုနှစ်များစွာက အမှတ်တရတွေကို ပြန်လည် အသက်သွင်းကြဖို့ ရိုးရိုးဖျော်ဖြေပွဲ တစ်ခုတင်မဟုတ်ဘဲ ယေဘဝ အမှတ်တရတွေကို ပြန်လည် တူးဖော်မဲ့ One Man Show တစ်ခုမို့ ရင်ဘတ်ချင်းနီးတဲ့ ရောခ့်ဘော်ဒါတွေဆုံပြီး အားရပါးရ သီဆိုဖို့အတွက် ဖိတ်ခေါ်လိုက်ပါတယ်"ဟု တေးသံရှင် လေးဖြူက ပြောပြသည်။




တေးသံရှင် လေးဖြူ၏ LAY PHYU Show in Mandalay တေးဂီတဖျော်ဖြေပွဲကို The Square Theatre Bar ၌ လာမည့် မေ ၉ ရက်တွင် ညနေ ၆ နာရီမှ စတင်ကာ ဖျော်ဖြေ တင်ဆက်မည်ဖြစ်ကြောင်း သိရသည်။ ASH

# Mister Cosmo နှင့် Miss Cosmo နိုင်ငံတကာအဆင့်ပြိုင်ပွဲများသို့ မြန်မာနိုင်ငံကိုယ်စားပြု ဟင်နရီစံ နှင့် သဲစုညိမ်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်

ရန်ကုန် ဧပြီ ၂၇

Mister Cosmo နှင့် Miss Cosmo နိုင်ငံတကာအဆင့်ပြိုင်ပွဲများသို့ မြန်မာနိုင်ငံကိုယ်စားပြု အလှမောင်နှင့် အလှမယ်အဖြစ် ဟင်နရီစံနှင့်သဲစုညိမ်းတို့ ဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံကိုယ်စားပြု အလှမယ် သဲစုညိမ်းထံမှ သိရသည်။

Mister Cosmo နှင့် Miss Cosmo နိုင်ငံတကာအဆင့်ပြိုင်ပွဲများသို့ မြန်မာနိုင်ငံကိုယ်စားပြု အလှမောင်အဖြစ် ဝင်ရောက် ယှဉ်ပြိုင်မည့်အလှမောင် ဟင်နရီစံသည် Mister Cosmo Myanmar 2026 ကို ရရှိထားသူဖြစ်ပြီး အလှမယ် သဲစုညိမ်းသည် Miss Cosmo Myanmar 2026 ကို ရရှိထားသူ ဖြစ်ကြောင်း သိရသည်။

"အစ်ကိုနဲ့ သဲသဲတို့နှစ်ယောက်စလုံး နိုင်ငံတကာအဆင့်ပွဲကို ပြိုင်ရမှာမို့ ပျော်ရွှင်မိပါတယ်။ တိုက်တိုက်ဆိုင်ဆိုင် အစ်ကိုကော သဲသဲကော အတူတူသရုပ်ဆောင်ထားတဲ့ ရုပ်ရှင်ဇာတ်ကားလဲ ရုံပေါ်တက်နေတဲ့အချိန်မို့ ပိုပြီးမှတ်မှတ်ရရဖြစ်ပါတယ်။ အတူတူ အောင်မြင်မှုတွေရတဲ့ထိ ကြိုးစားသွားမယ်လို့ပြောချင်ပါတယ်"ဟု အလှမယ် သဲစုညိမ်းက ပြောပြသည်။

အလှမယ်သဲစုညိမ်း ဝင်ရောက်ယှဉ်ပြိုင်ရမည့် Miss Cosmo 2026 ပြိုင်ပွဲသည် ၃ ကြိမ်မြောက် ကျင်းပသော ပြိုင်ပွဲဖြစ်ပြီး ယခင်နှစ်များနည်းတူ ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပရန်လျာထားကြောင်း သိရကာ Mister Cosmo 2026 ပြိုင်ပွဲသည် Miss Cosmo အဖွဲ့အစည်းမှ ပထမဆုံးအကြိမ် စတင်ကျင်းပမည့် အမျိုးသား အလှမောင်ပြိုင်ပွဲ ဖြစ်ကြောင်း သိရသည်။

အဆိုပါ Mister Cosmo 2026 ပြိုင်ပွဲကို ဗီယက်နမ်နိုင်ငံ Nha Trang ကမ်းခြေမြို့တွင် ၂၀၂၆ ခုနှစ် စက်တင်ဘာလအတွင်း ကျင်းပမည်ဟု သိရသည်။

ASH

# John Wick မှုကွဲ ဇာတ်ကားသစ် ရိုက်ကူးထုတ်လုပ်မှုကို စတင်နေပြီဖြစ်

နယူးယောက် ဧပြီ ၂၇

John Wick မှုကွဲ ဇာတ်ကားသစ်ရိုက်ကူး ထုတ်လုပ်မှုကို မင်းသားဒွန်နီယန်းက စတင်နေပြီဖြစ်ကြောင်း ဧပြီ ၂၆ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါ John Wick မှုကွဲ ဇာတ်ကားသစ်သည် John Wick Chapter –4 ဇာတ်ကားမှ မျက်မမြင် လူသတ်သမားဇာတ်ကောင် Caineကို အဓိကဇာတ်ကောင် အဖြစ်ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်းသိရ သည်။

မင်းသား ဒွန်နီယန်းသည် John Wick:Chapter–4 ၌ Caine အဖြစ် ပါဝင်သရုပ်ဆောင်ခဲ့ပြီး ယခု ဇာတ်ကားသစ်တွင်လည်း Caineဇာတ်ကောင်အဖြစ် ပြန်လည် သရုပ်ဆောင်မည်ဖြစ်သည်။

တရားဝင် ဇာတ်ကားနာမည် မကြေညာသေးသည့် John Wick မှုကွဲဇာတ်ကားသစ်ကို မင်းသား ဒွန်နီယန်းကပင် ဒါရိုက်တာအဖြစ် ရိုက်ကူးနေပြီး ဝတ္ထုဇာတ်ညွှန်းကို Batman Part–2 ဇာတ်ညွှန်းရေး ဆရာမက်ဆန်တွမ်မလင်က ရေးသားပေးထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# Honeymoon with Harry ဇာတ်ကား၌ အဆိုတော် အော်ဗီးဘာရယ် ပါဝင်မည်

နယူးယောက် ဧပြီ ၂၇

Amazon MGM စတူဒီယို၏ Honeymoon with Harry ဇာတ်ကား၌ နာမည်ကျော် အဆိုတော် အော်ဗီးဘာရယ်ပါဝင် သရုပ်ဆောင်မည်ဖြစ်ကြောင်း ဧပြီ ၂၆ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

Honeymoon with Harry ဇာတ်ကား၌ အော်ဗီးဘာရယ် သရုပ်ဆောင်ရမည့် ဇာတ်ကောင်နေရာကို Amazon MGM က ကြေညာခြင်းမရှိသေးပေ။

အဆိုပါ ဇာတ်ကားတွင် အော်ဗီးဘာရယ်သည် မင်းသား ကီဗင်ကောစနာ၊ ဂျိတ်ဂိုင်လန်ဟောႇ မင်းသမီး ဆာရက်ပစ်ဂွန်တို့နှင့် အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

Honeymoon with Harry ဇာတ်ကားသည် ပျားရည်ဆန်းခရီးစဉ်တစ်ခုနှင့် သားအဖနှစ်ဦး၏ ဆက်ဆံရေးပုံစံကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါ Honeymoon with Harryဇာတ်ကားကို ဒါရိုက်တာ ဂလန်းဖီကာရာနှင့် ဂျွန်ရီကွာတို့က တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

Honeymoon with Harry ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဒန်းဖိုဂဲလ်မင်းက ရေးသားပေးထားကြောင်း သိရသည်။


Ref : Russia Today

Trs : KKO



# Online scammers arrested together with related equipment in Weinkyauk Ward, Tachilek

Tachileik Town, Weinkyauk Ward, Tawkawt (Twin) —Arrests made: 8 Chinese nationals (male), 1 Taiwanese national (female), 27 Myanmar nationals (male), 7 Myanmar nationals (female), total 43 individuals, along with equipment used for online gambling.


8 Chinese nationals (male).


1 Taiwanese (Chinese) national (female).


Seizure of business equipment used in illegal online gambling operations at Tawkawt (Twin), Weinkyauk Quarter, Tachilek Town.


Seizure of business equipment used in illegal online gambling operations at Tawkawt (Twin), Weinkyauk Quarter, Tachilek Town.


Seizure of buildings used in illegal online gambling operations near the Lo Mar Hotel on Tawkawt (Twin) Road, Weinkyauk Quarter, Tachilek Town.

**Nay Pyi Taw April 27**

The Myanmar government has been annihilating online scam and gambling, which constitute a severe, multifaceted menace to the world, in all seriousness, as a national task, and cooperating and coordinating with governments of the neighouring countries, alongside the internal forces in energetically crushing and preventing the illegal business from taking foothold in Myanmar at all.

Acting on information that online scam and gambling business was found in Tachilek Township in Shan State (East), a combined team comprising security forces rushed to and inspected the area today. The combined team found and arrested online scammers, three male Chinese citizens and six female Myanmar citizens, at a place near Lomar Hotel, Tawkawt (Twin) Block, Weinkyauk Ward, Tachilek, at 11.50 am today. The scammers were captured together with three All-in-one computers, 13 laptops, 320 assorted phones, 108 assorted tablets, one printer, six WIFI routers, and accessories, used in running the illegal business.

The combined team continued its search and inspection process, and captured eight male Chinese citizens, one female China Taiwanese citizen, 27 male and seven female Myanmar citizens, with 23 All-in-one computers, one monitor, one system unit, 2 assorted phones, and accessories used in operating the criminal business, at 2.10 pm at a house in the ward. The team detained a total of 52 online scammers and business equipment.

Effective action will be taken against those who have been detained in accordance with the law and measures will be taken to expose those who were involved behind the scene in order to take legal action against them. It is reported that seized paraphernalia used in illegal online gambling will be dealt with in accordance with rules and regulations.

The government of Myanmar has been actively co-operating in combat against online scams and gambling while investigating, in accordance with the law, foreigners who arrived in Myanmar for various reasons and were involved in online scams and gambling through one way or another and repatriating them to relevant countries on humanitarian grounds and for friendship among countries. It is reported that main culprits are also detained and repatriated to relevant countries officially and effective legal action is taken against them accordingly. 100

# Explainer: Why the White House media dinner shooting reflects more than just violence

**Washington April 27**

A gunman armed with a shotgun, handgun and knives stormed a security checkpoint outside the White House Correspondents' Dinner on Saturday, exchanging fire with Secret Service agents and forcing President Donald Trump and dozens of senior officials to evacuate the event.

The suspect, identified by federal authorities as Cole Allen, 31, of Torrance, California, was tackled and subdued at the Washington Hilton, where roughly 2,600 guests had gathered for the annual press gala. No attendees were seriously injured.

Allen faces at least one count each of using a firearm during a crime of violence and assaulting a federal officer using a dangerous weapon, U.S. Attorney for the District of Columbia Jeanine Pirro announced Saturday night.

The Department of Justice said Sunday that preliminary findings suggest Trump was the intended target. Acting Attorney General Todd Blanche said Allen appeared to be a lone gunman who traveled by train from Los Angeles to Washington, and checked into the hotel the day before the event.

A social media account believed to belong to Allen included recent posts critical of Trump and his administration's policies, the U.S. war with Iran and the Russia-Ukraine conflict.

Xinhua

# Economic Watch: Rising food, gas, utility costs squeeze Americans amid tariff, war concerns

**Los Angeles April 27**

Americans are feeling the strain as the cost of groceries, gasoline, and utilities continues to rise. Economists say a one-two punch of new U.S. tariffs and a war-driven spike in global energy prices are pushing up everyday expenses and threatening to slow growth just as households had begun to regain some breathing room.

"I feel betrayed," Katie Peyrey, a 66-year-old struggling grandmother and caregiver from Burbank, California, told Xinhua.

She is a minimum wage janitorial worker at a rehab facility who supports herself and her autistic grandson on minimum wage. "I voted for (Donald) Trump because he promised to make things better for us," she said.

She said her household expenses, including rent, utilities, groceries, gas, clothing, taxes and healthcare for her grandson had totaled around 2,300 U.S. dollars per month before Trump came into office, which she was barely able to cover with her meager income of 2,400 dollars per month.

"But now," despite careful budgeting, she feels increasing financial pressure. "My expenses have shot up to over 2,500 dollars a month and I can't make ends meet anymore," she told Xinhua.

She explained that she had borrowed as much as she could from family and friends, who were going through similar hard times. She feels her future looks bleak. Xinhua

# All maize plantations harvested in Kalewa Township


Farmers harvesting maize in a field.

**Kalewa April 27**

Agricultural data compiled by Kalewa Township Agriculture Department stated that local farmers have harvested 100 per cent plantation of maize in Kalewa Township in Sagaing Region.

In Kalewa Township, during the winter cropping season, a total of 548 acres of maize and 3,165 acres of sweet corn were cultivated, totalling 3,713 acres. Harvesting of these corn fields began in January this year, and as of today, all acres have been fully harvested. The yield was reported at 66.92 baskets per acre for maize, and over 20,000 ears per acre for sweet corn.

"During the winter cropping season in Kalewa Township, maize and sweet corn were cultivated on 3,713 acres. At present, harvesting has been fully completed across all acres. To ensure successful crop production, awareness activities were carried out, including education on preventing pest and disease outbreaks," said U Myo Naing, Head of the Department of Agriculture in Kalewa Township.

In Kalewa Township, the Township Department of Agriculture provided support to maize and sweet corn farmers through training programmes, field demonstrations, preventive measures against fall armyworm, integrated pest management practices using neem-based pesticides, and the application of ginger and chili-based pest control methods, along with other agricultural knowledge-sharing activities.

In maize and sweet corn cultivation in Kalewa Township, maize yields exceed 50 baskets per acre, with a production cost of some K500,000 per acre. For sweet corn, yields reach about 15,000 ears per acre, with cultivation costs exceeding K500,000 per acre. 206

# Mabauk Township sees completion of harvesting all plantations of kidney bean

**Bamauk April 27**

Katha District Agriculture Department stated that local farmers finished harvest of all plantations of kidney bean in Bamauk Township of Sagaing Region.

In Bamauk Township, a total of 4,751 acres of kidney bean were cultivated during the winter cropping season. Harvesting of these fields began in January this year, and as of today, 100 percent of the cultivated acreage has been harvested, with an average yield of 17.16 baskets per acre.

"We cultivated kidney beans on 4,751 acres in Bamauk Township. At present, harvesting has been fully completed across all acres. To ensure good yield and quality, we worked in cooperation with farmers to provide necessary support, including quality seeds, agricultural inputs, and post-harvest technologies," said Daw Khin Myat Myat Oo, Head of the Department of Agriculture in Katha District.

In Bamauk Township, the Township Department of Agriculture has carried out awareness and extension activities to help farmers expand cultivation areas, improve yields, adopt Good Agricultural Practices (GAP), use quality seeds, and grow high-yield varieties.

Crops cultivated under GAP methods are known to have better quality compared to those grown using conventional methods, fetch higher prices, and meet standards suitable not only for domestic markets but also for export. As a result, farmers adopting these practices can achieve greater economic benefits. 206

# Winter groundnut harvested in all plantations in Kawlin District

**Kawlin April 27**

Local farmers have harvested all plantations of winter groundnut in Kawlin District of Sagaing Region, according to the Kawlin District Agriculture Department.

In Kawlin District, a total of 13,186 acres of groundnut were cultivated during the winter cropping season. Harvesting of these cultivated groundnut fields began in January this year, and as of today, harvesting has been completed on 6,138 acres in Kawlin Township, 2,378 acres in Wuntho Township, and 4,670 acres in Pinlebu Township—covering the full 13,186 acres. The average yield was reported at 69.86 baskets per acre.

"We cultivated groundnuts on 13,186 acres during the winter season in Kawlin District. At present, harvesting has been fully completed across all acres. Groundnut cultivation has been successful and productive. As an oilseed crop, it is in a strong position, and cultivation has been increasing year by year," said U Win Thein, Head of the Department of Agriculture in Kawlin District.

In Kawlin District, groundnut cultivation requires about one and a half baskets of seed per acre, with total production costs exceeding K200,000 per acre, including expenses for seeds, labor, fertilizers, and pesticides. The yield per acre is reported to be more than 50 baskets.

To ensure successful crop production, prevent pest and disease outbreaks, and maintain weed-free fields, staff from the Township Department of Agriculture conducted field inspections, monitoring, and record-keeping activities across the groundnut plantations. 206

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Farmers harvest 100 per cent of onion plantations in Yinmabin District

**Yinmabin April 27**

According to Sagaing Region Agriculture Department, local farmers have reaped 100 per cent of onion plantations in Yinmabin District of Sagaing Region.

In Yinmabin District, a total of 9,846 acres of onion were cultivated during the winter cropping season. Harvesting of these onion fields began in January this year, and as of today, harvesting has been completed on 3,179 acres in Yinmabin Township, 519 acres in Kani Township, 3,948 acres in Salingyi Township, and 2,200 acres in Pale Township—covering the full 9,846 acres. The yield was reported at over 4,000 viss per acre.

"During the winter cropping season in Yinmabin District, onions were cultivated on 9,846 acres. At present, harvesting has been fully completed across all acres. Onion cultivation exceeded the target acreage, and efforts have also been made to link farmers with markets to ensure favourable prices," said Dr Tin Mar Mar Oo, Assistant Director of the Sagaing Region Department of Agriculture.

The respective Township Departments of Agriculture in Yinmabin District have supported onion farmers by facilitating market linkages to help them secure good prices, providing technologies for longer storage, promoting cultivation using Good Agricultural Practices (GAP), and ensuring the production of high-quality onions.

Onion farmers incur an estimated cost of around K1.8 million per acre, with an average yield of about 5,000 viss per acre.

In Sagaing Region, onions are widely cultivated, with the main onion-growing townships including Monywa, Yinmabin, ChaungU, Shwebo, and Myinmu. 206

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ဘယ်လ်ဂျီယံက ယူကရိန်းကို Gepard လေကြောင်းရန်ကာကွယ်ရေးအမြောက်တပ်ယာဉ် ၁၅ စီးပံ့ပိုးမည်



ဘယ်လ်ဂျီယံနိုင်ငံသည် ယူကရိန်းနိုင်ငံကို ပြုပြင်မွမ်းမံထားသည့် Gepard လေကြောင်းရန်ကာကွယ်ရေး အမြောက်တပ်ယာဉ် ၁၅ စီး ပံ့ပိုးမည်ဖြစ်ကြောင်း The Defense Post သတင်းဌာနက ဧပြီ ၂၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤစစ်ရေးအကူအညီသည် ဧပြီလအစောပိုင်းတွင် ဘယ်လ်ဂျီယံအစိုးရက အတည်ပြုခဲ့သော အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံတန်ဖိုးရှိသည့် အကူအညီပေးရေးအစီအစဉ်၏ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း သိရသည်။

အဆိုပါ Gepard အမြောက်တပ်ယာဉ်များကို အစ္စရေးကာကွယ်ရေးကုမ္ပဏီ Elbit Systems၏လက်အောက်ခံဖြစ်သော OIP Land Systems ထံမှ ဝယ်ယူမည်ဖြစ်ပြီး ယူကရိန်းသို့မလွှဲပြောင်းမီ ဘယ်လ်ဂျီယံနိုင်ငံအတွင်း၌ အဆင့်မြှင့်တင်ပြုပြင်မွမ်းမံမှုများ ဆောင်ရွက်သွားမည်ဖြစ်သည်။ သို့ရာတွင် စုစုပေါင်းကုန်ကျစရိတ်နှင့် ပို့ဆောင်မည့်အချိန်ဇယားကိုမူ တရားဝင် ထုတ်ဖော်ပြောကြားခြင်းမရှိသေးပေ။ ယခုပံ့ပိုးမည့်ယာဉ်များသည် ၂၀၁၀ ပြည့်နှစ်ဝန်းကျင်က ဘယ်လ်ဂျီယံစစ်ဘက်တွင်အသုံးပြုခဲ့ပြီး အနားပေးထားသည့် Gepard အမြောက်တပ်ယာဉ် ၅၄ စီးအနက်မှ ၁၅စီးဖြစ်သည်။

ဤပံ့ပိုးမှုသည် ၂၀၂၅ ခုနှစ် စက်တင်ဘာလက ယူကရိန်းကာကွယ်ရေးဝန်ကြီးနှင့် KNDS Deutschland ကုမ္ပဏီတို့ဆွေးနွေးခဲ့သည့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု၏ ရလဒ်တစ်ခုလည်းဖြစ်သည်။ အဆိုပါဆွေးနွေးမှုတွင် Gepard အမြောက်တပ်ယာဉ်များကို ပံ့ပိုးရုံသာမက ပြုပြင်ထိန်းသိမ်းခြင်းနှင့် ယူကရိန်းပြည်တွင်း၌ ပူးတွဲထုတ်လုပ်နိုင်ရေးအစီအစဉ်များပါ ပါဝင်နေသည်။

Gepard အမြောက်တပ်ယာဉ်ကို ၁၉၆၀ ပြည့်နှစ်များအတွင်း KNDS ကုမ္ပဏီက တီထွင်ခဲ့ခြင်းဖြစ်ပြီး Leopard 1 ပင်မတိုက်ပွဲဝင်တင့်ကား၏ ကိုယ်ထည်ကို အခြေခံ၍ တည်ဆောက်ထားခြင်းဖြစ်သည်။ Gepard အမြောက်တပ်ယာဉ်သည် နည်းပညာနှင့် စွမ်းဆောင်ရည်ပိုင်းတွင် ဟန်ချက်ညီညီပေါင်းစပ်ထားသည့် လက်နက်တစ်ခုဖြစ်သည်။ လက်နက်တပ်ဆင်မှုအပိုင်းတွင် ၃၅ မီလီမီတာ အော်တိုအမြောက်နှစ်လက်ကို အဓိကထားအသုံးပြုထားပြီး လေကြောင်းရန်ကာကွယ်ရေးကျည် ၃၀၀ ကျော်နှင့် မြေပြင်ပစ်မှတ်များအတွက် တင့်ကားဖျက်ကျည် ၂၀ ထိ သယ်ဆောင်ယူနိုင်သည်။ ထို့ပြင် ယာဉ်လုံခြုံရေးအတွက် ၇၆ မီလီမီတာမီးခိုးဗုံးပစ်စင်နှစ်ခုကိုလည်း ထည့်သွင်းတပ်ဆင်ထားသည်။ အနီးကပ်လေကြောင်းရန် ခြိမ်းခြောက်မှုများကို တိကျစွာ ရှာဖွေဖော်ထုတ်နိုင်ရန်အတွက် ကိုယ်ထည်ပါရေဒါစနစ်ဖြင့် အမြဲမပြတ်အထောက်အပံ့ပေးထားကာ ပစ်မှတ်များကို ထိရောက်စွာချေမှုန်းနိုင်စွမ်းရှိကြောင်း သိရသည်။

Gepard အမြောက်တပ်ယာဉ်သည် မြင်းကောင်ရေ ၈၀၀ ကျော်၊ MTU အင်ဂျင်ကိုအသုံးပြုထားသဖြင့် အမြင့်ဆုံးအရှိန်တစ်နာရီလျှင် ၆၅ ကီလိုမီတာနှုန်းဖြင့် မောင်းနှင်နိုင်ပြီး ဆီတစ်ကြိမ်ဖြည့်ထားရုံဖြင့် ကီလိုမီတာ ၅၅၀ထိ ခရီးပေါက်ရောက်နိုင်သောကြောင့် စစ်မြေပြင်တွင် လျင်မြန်စွာ ရွှေ့ပြောင်းတပ်ဖြန့်နိုင်သည့် အားသာချက်ကို ပိုင်ဆိုင်ထားကြောင်း သိရသည်။

**Belgium Commits Refurbished Gepard Air Defense Systems for Ukraine** ကို ဘာသာပြန်ဆိုထားပါသည်။


## ဥရောပကာကွယ်ရေးကုမ္ပဏီ Destinus က တာဝေးပစ်တိုက်ခိုက်ရေးစနစ် Ruta Block 2 စမ်းသပ်ပျံသန်းမှုအောင်မြင်ခဲ့

ဥရောပကာကွယ်ရေးကုမ္ပဏီ Destinus သည် တိကျမှုမြင့်မားသောတာဝေးပစ်တိုက်ခိုက်ရေးစနစ်ဖြစ်သည့်Ruta Block 2 စမ်းသပ်ပျံသန်းမှု အောင်မြင်ခဲ့ကြောင်း Defence Blog သတင်းဌာနက ဧပြီ ၂၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤစမ်းသပ်မှုတွင် လက်နက်ကို အလုံပိတ်ကွန်တိန်နာမော်ဂျူးများအတွင်း သိုလှောင်ခြင်း၊ သယ်ယူခြင်းနှင့် ပစ်ခတ်ခြင်းတို့ကိုပြုလုပ်နိုင်မည့် အခြေခံကျကျ ပြန်လည်ဒီဇိုင်းထုတ်ထားသော ပစ်လွှတ်မှုပုံစံကို အတည်ပြုနိုင်ခဲ့သည်။

Ruta Block 2 စနစ်၏ အဓိကနည်းပညာသစ်များတွင် ဒုံးကျည်၏အရှိန်မြှင့်စနစ်နှင့် ပျံသန်းမှုထိန်းချုပ်ရေးစနစ်များကို သိသိသာသာပြောင်းလဲခဲ့သည်။ ဒုံးကျည်၏ အမြန်နှုန်းကိုမြှင့်တင်ပေးမည့် Booster ကို ကိုယ်ထည်အတွင်း တစ်ဆက်တည်း တပ်ဆင်ထားသည့် In-line Booster ပုံစံဖြင့်တီထွင်ခဲ့ပြီး သိုလှောင်ရလွယ်ကူစေရန်အတွက် ခေါက်သိမ်းနိုင်သောတောင်ပံများနှင့် ထိန်းချုပ်ရေးမျက်နှာပြင်များကို အသုံးပြုထားသည်။ စမ်းသပ်မှုအတွင်း ဒုံးကျည်ပစ်လွှတ်ပြီး အရှိန်မြင့်ချိန်တွင် အဆိုပါတောင်ပံများ အလိုအလျောက် အောင်မြင်စွာပွင့်ထွက်လာသဖြင့် ဤနည်းပညာနှစ်ရပ်စလုံး၏ စွမ်းဆောင်ရည်ကို အပြည့်အဝအတည်ပြုနိုင်ခဲ့သည်။

ဤကဲ့သို့ Ruta Block 1 မှ Block 2 သို့ကူးပြောင်းခြင်းသည် ရိုးရိုးအဆင့်မြှင့်တင်မှု တစ်ခုထက်မကဘဲ တစ်ခုလုံးကို အသစ်ပြန်လည်တည်ဆောက်လိုက်ခြင်းဖြစ်သည်။ ယခင်အသုံးပြုခဲ့သော Block 1 စနစ်တွင် မပစ်လွှတ်မီတောင်ပံများကို ကြိုတင်တပ်ဆင်ရခြင်း၊ ဘေးဘက်တွင် Side- mounted Boosters တပ်ဆင်ရခြင်းနှင့် အမိုးဖွင့်ပလက်ဖောင်းမှသာ ပစ်လွှတ်နိုင်ခြင်း စသည့်ကန့်သတ်ချက်များရှိခဲ့သည်။ သို့သော် ဗားရှင်းအသစ်ဖြစ်သော Block 2 တွင်မူ တောင်ပံများကိုခေါက်သိမ်းထားနိုင်ပြီး ပစ်လွှတ်ပြီးမှ အလိုအလျောက် ပွင့်ထွက်လာစေခြင်း၊ Booster ကို ကိုယ်ထည်အတွင်း တစ်ဆက်တည်း ထည့်သွင်းထားခြင်းကြောင့် စနစ်တစ်ခုလုံးကို အလုံပိတ်ကွန်တိန်နာအတွင်းသိုလှောင်နိုင်ခဲ့သည်။ ဤပြောင်းလဲမှုများကြောင့် အမိုးဖွင့်ပစ်လွှတ်စင်များမလိုအပ်ဘဲ နေရာပေါင်းစုံမှ လျင်မြန်စွာတပ်ဖြန့်ပစ်ခတ်နိုင်သည့် မဟာဗျူဟာမြောက်အားသာချက်ကိုရရှိစေသည်။



Destinus ကုမ္ပဏီ၏ နည်းပညာအရာရှိချုပ်ဖြစ်သူ Tim Moser က ဤစမ်းသပ်မှုသည် Ruta Block 2 အတွက် အဓိကကျသော မှတ်တိုင်တစ်ခုဖြစ်ပြီး လက်ရှိပစ်လွှတ်မှုပုံစံမှ ပိုမိုပြောင်းလွယ်ပြင်လွယ်ရှိသောတပ်ဖြန့်မှုနှင့် တာဝေးပစ်တိုက်ခိုက်မှုစနစ်သို့ ကူးပြောင်းနိုင်ခဲ့ခြင်းဖြစ်ကြောင်း အလေးပေးပြောကြားခဲ့သည်။ ပိုမိုကျစ်လျစ်သောပစ်လွှတ်မှုစနစ်သည် သယ်ယူပို့ဆောင်ရေး၊ သိုလှောင်မှုနှင့်ထုပ်ပိုးမှုတို့ကို ကောင်းမွန်စေရုံသာမက မြေပြင်သွားယာဉ်များ၊ အထိုင်ချစခန်းများနှင့် ပင်လယ်ရေကြောင်းပလက်ဖောင်းများတွင်ပါ ပေါင်းစပ်အသုံးပြုနိုင်မှုကို မြှင့်တင်ပေးနိုင်သည်။

ယခင်အသုံးပြုခဲ့သော Block 1 စနစ်သည် အမြောက်အမြားထုတ်လုပ်နိုင်သည့်အဆင့်သို့ ရောက်ရှိထားပြီး လက်တွေ့စစ်မြေပြင်ဆိုင်ရာ အချက်အလက်များကို ရရှိထားပြီးဖြစ်သည်။ Destinus ကုမ္ပဏီသည် အဆိုပါခိုင်မာသော အခြေခံအုတ်မြစ်ပေါ်တွင်မူတည်၍ Block 2 ကို ပိုမိုပြောင်းလွယ်ပြင်လွယ်ရှိသောဗိသုကာပုံစံဖြင့် ပြန်လည်ဒီဇိုင်းထုတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Destinus tests new version of its long-range cruise missile system ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲပုပ်ကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



ကလေး မေ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲပုပ်ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ၉၁၄၄ ကေ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ပဲပုပ် စိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလတတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၂၀ ဒသမ ၁၈ တင်း ထွက်ရှိကြောင်း သိရသည်။

"ကလေးမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပဲပုပ် ၉၁၄၄ ကေ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲပုပ်ခင်းတွေ လက်ရှိမှာတော့ ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ပဲပုပ်တွေ အထွက်နှုန်းကောင်းမွန်ဖို့နဲ့ ပိုးမွှားကျရောက်မှု မရှိစေဖို့အတွက် ပညာပေးတာတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာန်အွေက ပြောပြသည်။

ကလေးမြို့နယ်တွင် ပဲပုပ်စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျ သုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးခဲ့ကြောင်း သိရသည်။

ပဲပုပ်ကို အထွက်နှုန်း ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲပုပ်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မာန်အွေက ပြောပြ၍ သိရသည်။ (၂၀၆)

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ငါးသလောက် ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ကျိုက်လတ် မေ ၂၇

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ငါးသလောက်ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်လှဲ့လှဲ့က ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဖေဖော်ဝါရီလက ငါးသလောက် ပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ်လတစ်လအတွင်း ငါးသလောက်ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ငါးသလောက်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း သိရသည်။

"ဒေသထွက် ငါးသလောက်တွေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်း ငါးသလောက် ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်ကနေတင်ပို့တဲ့ ငါးသလောက်တွေကို ရန်ကုန်ဈေးကွက်ကနေ အခြားဒေသတွေကို ပြန်လည်တင်ပို့ရောင်းချပါတယ်'' ဟု ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်လှဲ့လှဲ့က ပြောပြသည်။



ကျိုက်လတ်မြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ငါးသလောက်အသေး တစ်ပိဿာလျှင် ငွေကျပ် ၂၁၅၀၀၊ အလတ် တစ်ပိဿာလျှင် ငွေကျပ် ၂၇၀၀၀ မှ ၃၅၀၀၀၊ အကြီးတစ် ပိဿာလျှင် ၅၅၀၀၀ မှ ၇၅၀၀၀ ထိ အရွယ်အစားအပေါ်မူတည်ကာ ဈေးနှုန်းအပြောင်းအလဲရှိကြောင်း၊ အဆိုပါ ငါးသလောက်များ တင်ပို့ရောင်းချနေရသည့်အတွက် ရေလုပ်သားများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# မင်းတုန်းမြို့နယ် တံတား(ရွာမ)ကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

မင်းတုန်း မေ ၂၇

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် တံတားကျေးရွာအုပ်စု တံတား(ရွာမ)ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို မေ ၂၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းတုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးနိုင်ဝင်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ ကော်မတီဝင်ရွေးချယ်ရာတွင် လိုက်နာရမည့် အချက်များ၊ ကော်မတီဝင်များ၏ တာဝန်ဝတ္တရားများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင် ခုနစ်ဦးကို ရွေးချယ် ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

တံတား (ရွာမ) ကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ် သိန်း ၁၅၀ ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ဆက်လူ


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# မင်းဘူးမြို့နယ် မင်းလှကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



မင်းဘူး မေ ၂၇

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ မင်းလှကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို မေ ၂၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်း ဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၄၆ ဒသမ သုံးသိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မင်းလှကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၈၅ ဦးကို ရန်ပုံငွေကျပ် ၃၇၅ ဒသမ ၅ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၅၇ ဦးကို ရန်ပုံငွေကျပ် ၁၅၄ ဒသမ ၈ သိန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ငါးဦးကို ရန်ပုံငွေကျပ် ၁၆ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၇ ဦးကို ရန်ပုံငွေကျပ် ၅၄၆ ဒသမ ၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းထံမှ သိရသည်။

ဇင်မာ


ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်း အမှတ်စဉ်(၁/၂၀၂၆) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်း အမှတ်စဉ်(၁/၂၀၂၆)မှ သင်တန်းသား၊ သင်တန်းသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။





ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် မှော်ဘီမြို့တွင် ဖွင့်လှစ်သည့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၉) သင်တန်းဖွင့်ပွဲတွင် မိန့်ခွန်းပြောကြားစဉ်။

တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်း အမှတ်စဉ်(၁/၂၀၂၆)မှ သင်တန်းသား၊ သင်တန်းသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။





အရှေ့ပိုင်းလေတပ် ကွပ်ကဲမှုဌာနချုပ် ခေတ္တဌာနချုပ်မှူး ဗိုလ်ချုပ်စိုးအောင် နမ့်စန်မြို့တွင် ဖွင့်လှစ်သည့် အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀) သင်တန်းဖွင့်ပွဲတွင် မိန့်ခွန်းပြောကြားစဉ်။

ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်း အမှတ်စဉ်(၁/၂၀၂၆) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် သင်ထောက်ကူပစ္စည်းများကို သင်တန်းသားများ လှည့်လည်ကြည့်ရှုစဉ်။



ရှေ့ဖုံးမှအဆက်

အမှတ်စဉ်(၁/၂၀၂၆)တို့ကို ယနေ့တွင် သက်ဆိုင်ရာ မြို့နယ်အသီးသီး၌ဖွင့်လှစ်ကြသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားများသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ပြည်နယ်ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများ၊ ရေတပ်ကွပ်ကဲမှုဌာနချုပ်မှူးများ၊ ရေတပ်စခန်းဌာနချုပ်မှူးများနှင့် တာဝန်ရှိသူများတက်ရောက်၍ ဖွင့်လှစ်ပေးကြသည်။

ရေကြောင်းလူငယ်အခြေခံသင်တန်းနှင့် တန်းမြင့်သင်တန်းများတွင် တပ်မတော်(ရေ) သမိုင်း၊ လွတ်လပ်ရေးကြိုးပမ်းမှုနှင့် တပ်မတော်သမိုင်းဘာသာရပ်၊ အခြေခံစစ်ရေးပြနှင့် အခြေခံရေတပ်သားဘာသာရပ်၊ ရေကြောင်းလမ်းညွှန်အခြေခံသဘောတရားများ၊ အသုံးချရေကြောင်းလမ်းညွှန်နှင့် နက္ခတ္တဗေဒဆိုင်ရာများ၊ ဂျီပီအက်စ်အပါအဝင် ရေကြောင်းသွားလာရေးဆိုင်ရာများ၊ အခြေခံရေတပ်သားအချက်ပြဆက်သွယ်ရေးဆိုင်ရာများ၊အခြေခံရေကူးနှင့် လှေလှော်ရွက်တိုက်နည်းတို့ကို စာတွေ့၊လက်တွေ့သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းစခန်း ၁၃ ခုမှ သင်တန်းသား၊ သင်တန်းသူများကို သင်တန်းစတုတ္ထပတ်၌ ရန်ကုန်မြို့တွင် စုစည်း၍ စခန်းပေါင်းစုံတွေ့ဆုံပွဲ၊ ဘာသာရပ်ဆိုင်ရာ စွမ်းရည်ပြိုင်ပွဲများပြုလုပ်သွားမည်ဖြစ်သည်။

၎င်းအပြင် လေ့လာရေးခရီးစဉ်များအဖြစ် နေပြည်တော်ကောင်စီနယ်မြေနှင့် ရန်ကုန်မြို့တို့ရှိ တန်ခိုးကြီးဘုရားများ၊ အထင်ကရနေရာများ၊ တပ်မတော်လေယာဉ်နှင့် စစ်ရေယာဉ်များလေ့လာရေးတို့အပြင် စစ်ရေယာဉ်ဖြင့် ရန်ကုန်မြစ်ဝသို့ ရေလမ်းကြောင်း လေ့လာရေးခရီးစဉ်ပို့ဆောင်ခြင်းများကိုလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ) နှင့် တာဝန်ရှိသူများက ခင်းကျင်းပြသထားသော သင်ထောက်ကူပစ္စည်းများနှင့် တပ်မတော်(ရေ) ပြကွက်များကို လှည့်လည်ကြည့်ရှုပြီး စုပေါင်းဓာတ်ပုံရိုက်ကြသည်။

သင်တန်းဖွင့်ပွဲများကို နေပြည်တော် ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီးတွင် မန္တလေးမြို့၊ ရန်ကုန်တိုင်းဒေသကြီးတွင် ရန်ကုန်မြို့နှင့် ကိုကိုးကျွန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီးတွင် ဟိုင်းကြီးကျွန်းမြို့နှင့် ပုသိမ်မြို့၊ မွန်ပြည်နယ်တွင် မော်လမြိုင်မြို့၊ တနင်္သာရီတိုင်းဒေသကြီးတွင် ဟိန်းဇဲဒေသ၊ မြိတ်မြို့နှင့် ကျွန်းစုမြို့၊ ကရင်ပြည်နယ်တွင် ဘားအံမြို့နှင့် ရှမ်းပြည်နယ်တွင် ကျိုင်းတုံမြို့တို့ရှိ ရေကြောင်းလူငယ်စခန်းများ၌ စုစုပေါင်း သင်တန်းသား၊ သင်တန်းသူဦးရေ ၈၀၀ တို့ဖြင့် အသီးသီးဖွင့်လှစ်ကြသည်။

အဆိုပါ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်း အမှတ်စဉ်(၁/၂၀၂၆)ကို ယနေ့မှ မေ ၂၉ ရက်ထိ ရက်သတ္တ ငါးပတ်ကြာသင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းသင်တန်းများကို ၁၉၅၉ ခုနှစ်မှစတင်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ၂၀၂၄ ခုနှစ်ထိ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းသား၊ သင်တန်းသူစုစုပေါင်း ဦးရေ ၆၅၅၀ တို့ကို ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အလားတူ ကျောင်းသား၊ ကျောင်းသူ မျိုးဆက်သစ်လူငယ်မောင်မယ်များ နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း လေကြောင်းပညာသမိုင်းကိုလေ့လာခြင်းဖြင့် လေကြောင်းနှင့်အာကာသသိပ္ပံပညာရပ်များတွင် စိတ်ဝင်စားမှုတိုးပွားလာစေရန်၊ လေယာဉ်ပျံသန်းမှုနှင့် သက်ဆိုင်သောပညာရပ်များကို တတ်သိနားလည်ခြင်းဖြင့် နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်လာစေရန်၊ စိတ်ဓာတ်၊ စည်းကမ်းနှင့် ကိုယ်လက်ကြံ့ခိုင်မှုကောင်းမွန်မြင့်မားပြီး စည်းလုံးညီညွတ်စွာ စုပေါင်းဆောင်ရွက်မှုအလေ့အကျင့်ရရှိစေရန်နှင့် လူငယ်များ၏ဝါသနာပါရာ လေ့ကျင့်မှုအနေဖြင့် မြှင့်တင်ပေးရန်၊ မျိုးဆက်သစ် လူငယ်မောင်မယ်များကို ယုံကြည်ချက်၊ ခံယူချက်မြင့်မားမှန်ကန်စေပြီး အနာဂတ်တပ်မတော်နှင့် နိုင်ငံတော်တည်ဆောက်နိုင်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကကြီးမှူးဖွင့်လှစ်သည့် အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၉) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်သင်တန်းစခန်း အပါအဝင် သင်တန်းစခန်း အခု ၂၀ ၌ ကျင်းပသည်။

အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀) နေပြည်တော်သင်တန်းစခန်း သင်တန်းဖွင့်ပွဲအခမ်းအနားသို့ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ထွန်းဝင်း၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီနယ်မြေမှ တာဝန်ရှိသူများ၊ တပ်မတော်အရာရှိကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သင်တန်း




ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးထွန်းဝင်း အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။



ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးထွန်းဝင်းနှင့် အခမ်းအနားတက်ရောက်လာသူများက သင်တန်းသားများ၊ နည်းပြ၊ အုပ်ချုပ်သူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။




ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးထွန်းဝင်း အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀)မှ သင်တန်းသား၊ သင်တန်းသူများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်စဉ်။




ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအုံ့မော် လွိုင်ကော်မြို့တွင်ဖွင့်လှစ်သည့် အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀)မှ သင်တန်းသားများ၊ နည်းပြ၊ အုပ်ချုပ်သူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေး မုံရွာမြို့တွင် ဖွင့်လှစ်သည့် အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀)မှ သင်တန်းသား၊ သင်တန်းသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းအမှတ်စဉ်(၁/၂၀၂၆) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ခင်းကျင်းပြသထားသည့် သင်ထောက်ကူပစ္စည်းများကို သင်တန်းသားများ လှည့်လည်ကြည့်ရှုစဉ်။



နည်းပြများနှင့်သင်တန်းသားများတက်ရောက်ကြသည်။

အခမ်းအနားတွင် ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးထွန်းဝင်းက သင်တန်းဖွင့် မိန့်ခွန်းပြောကြားသည်။ ထို့နောက် သင်တန်းသားများအတွက် အသုံးအဆောင်ပစ္စည်းများပေးအပ်၍ ခင်းကျင်းပြသထားသော သင်ထောက်ကူပစ္စည်းများနှင့် တပ်မတော်(လေ)ပြကွက်များကို လှည့်လည်ကြည့်ရှုပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြသည်။

အခြေခံလေကြောင်းလူငယ်သင်တန်းတွင် လေကြောင်းပညာသမိုင်း၊ လေကြောင်းလူငယ်သမိုင်း၊ လေယာဉ်ပျံသန်းမှုအခြေခံသဘောတရား၊ RC Simulator မောင်းနှင်ခြင်း၊ RC လေယာဉ်၊ ရဟတ်ယာဉ်မောင်းနှင်ခြင်းနှင့် အခြေခံစစ်ရေးပြ(လက်နက်မဲ့) ဘာသာရပ်များ သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။ တန်းမြင့်လေကြောင်းလူငယ်သင်တန်းတွင် လေကြောင်းဆိုင်ရာအခြေခံဗဟုသုတ၊ Airfield Procedure၊ RC လေယာဉ်၊ ရဟတ်ယာဉ်မောင်းနှင်ခြင်း၊ Flight Simulator မောင်းနှင်ခြင်း၊ အခြေခံစစ်ရေးပြ(လက်နက်ပါ)၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် ဇာတိသွေး၊ ဇာတိမာန်ဘာသာရပ်များ ထည့်သွင်းပို့ချပေးသွားမည်ဖြစ်ပြီး တပ်မတော်(လေ)တွင်ရှိသော ပျံသန်းရေးအုပ်များ၊ ပြုပြင်ထိန်းသိမ်းရေးအလုပ်ရုံများတွင် လက်တွေ့ကွင်းဆင်းလေ့လာခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ထို့ပြင် သင်တန်းစခန်းများအလိုက် ထူးချွန်သင်တန်းသားများကို အမောင်းသင်လေယာဉ်၊ ရဟတ်ယာဉ်များကို နည်းပြဆရာများနှင့်အတူ ကိုယ်တိုင်လိုက်ပါမောင်းနှင်ပျံသန်းခွင့်ရရှိအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကာ နေပြည်တော်ကောင်စီနယ်မြေ၌ စုဖွဲ့ချိန်တွင်လည်း အခြေခံလေကြောင်းလူငယ်သင်တန်းသားများကိုအခြေခံစစ်ရေးပြ(လက်နက်မဲ့)ပြိုင်ပွဲ၊ RC Simulator နှင့် RC လေယာဉ်၊ ရဟတ်ယာဉ်မောင်းနှင်ခြင်းပြိုင်ပွဲများ ကျင်းပပေးသွားမည်ဖြစ်ပြီး တန်းမြင့်လေကြောင်းလူငယ်သင်တန်းသားများကို အခြေခံစစ်ရေးပြ(လက်နက်ပါ)ပြိုင်ပွဲ၊ Flight Simulator နှင့် RC လေယာဉ်၊ ရဟတ်ယာဉ်မောင်းနှင်ခြင်းပြိုင်ပွဲများ ကျင်းပပေးသွားမည်ဖြစ်သည်။

သင်တန်းကာလအတွင်း နေပြည်တော်ကောင်စီနယ်မြေနှင့် ရန်ကုန်မြို့တို့ရှိ တန်ခိုးကြီးဘုရားများ၊ အထင်ကရနေရာများ၊ လေတပ်စခန်းဌာနချုပ်များနှင့် လေတပ်စခန်းများရှိ ပျံသန်းရေးအုပ်များကို လေ့လာရေးခရီးစဉ်များ ပို့ဆောင်ပေးသွားမည်ဖြစ်ပြီး တပ်မတော်လေယာဉ်နှင့် တပ်မတော်စစ်ရေယာဉ်များကိုပါ လိုက်ပါစီးနင်းခွင့်ရရှိအောင်လည်း ဆောင်ရွက်ပေးသွားမည်ဖြစ်၍ သင်တန်းသားများအနေဖြင့် အတွေ့အကြုံအသစ်များ၊ ဗဟုသုတအသစ်များ ရရှိမည်ဖြစ်သည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့တွင် မြန်မာပြည်မြောက်ပိုင်းသင်တန်းစခန်းနှင့် မိတ္ထီလာသင်တန်းစခန်း၊ မန္တလေးမြို့တွင် မန္တလေးသင်တန်းစခန်း၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့တွင် မြန်မာပြည်တောင်ပိုင်း သင်တန်းစခန်း၊ မင်္ဂလာဒုံမြို့တွင် ရန်ကုန်သင်တန်းစခန်း၊ ကိုကိုးကျွန်းမြို့တွင် ကိုကိုးကျွန်းသင်တန်းစခန်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့တွင် မော်လမြိုင်သင်တန်းစခန်း ရှမ်းပြည်နယ် နမ့်စန်မြို့တွင် နမ့်စန်သင်တန်းစခန်း၊ တောင်ကြီးမြို့တွင် တောင်ကြီးသင်တန်းစခန်း၊ ကျိုင်းတုံမြို့တွင် ကျိုင်းတုံသင်တန်းစခန်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တွင် တောင်ငူသင်တန်းစခန်း၊ ပြည်မြို့တွင် ပြည်သင်တန်းစခန်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် မြစ်ကြီးနားသင်တန်းစခန်း၊ ကယားပြည်နယ် လွိုင်ကော်မြို့တွင် လွိုင်ကော်သင်တန်းစခန်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် မြိတ်သင်တန်းစခန်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့တွင် မကွေးသင်တန်းစခန်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင် မုံရွာသင်တန်းစခန်း၊ ဟုမ္မလင်းမြို့တွင် ဟုမ္မလင်းသင်တန်းစခန်းနှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ပုသိမ်သင်တန်းစခန်းတို့ကို တစ်ပြိုင်နက်တည်းဖွင့်လှစ်ခဲ့ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများ၊ လေတပ်ကွပ်ကဲမှုဌာနချုပ်မှူးများ၊ လေတပ်စခန်းဌာနချုပ်မှူးများနှင့် တာဝန်ရှိသူများက တက်ရောက်ကြသည်။

အဆိုပါ အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀)ကို သင်တန်းစခန်း ၁၈ ခုမှ သင်တန်းသား ၉၂၈ ဦးဖြင့်လည်းကောင်း၊ တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၉) ကို သင်တန်းစခန်း နှစ်ခု သင်တန်းသား ၁၁၆ ဦးတို့ဖြင့်လည်းကောင်း ယနေ့မှ မေ ၂၉ ရက်ထိ ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)











ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၄) သင်တန်းဖွင့်ပွဲများကို တိုင်းစစ်ဌာနချုပ်များရှိ သင်တန်းကျောင်းအသီးသီး၌ ကျင်းပပြုလုပ်စဉ်။

☆ ကျောဖုံးမှအဆက်

သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။

အဆိုပါသင်တန်းဖွင့်ပွဲများသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၄)မှ သင်တန်းသားများကို တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများကို လိုက်လံနှုတ်ဆက် အားပေးခဲ့ကြသည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ အဆိုပါပြည်သူ့စစ်မှုထမ်းသင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း၊တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ဦးလည်မသုန်ကျေပွန်စွာ ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၄)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါတယ်-







"နိုင်ငံသားတစ်ယောက် အနေနဲ့ပေါ့နော် ဒီပြည်သူ့စစ်မှုထမ်းကို ထမ်းဆောင်သင့်တယ်ထင်လို့ ကျွန်တော်လာပြီးတော့ ထမ်းဆောင်တာဖြစ်ပါတယ်။ ဘယ်လိုခံယူချက်လဲဆိုတော့ မြန်မာနိုင်ငံမှာရှိတဲ့သူတွေပေါ့ ယောကျ်ားသားတိုင်းက ဒီပြည်သူ့စစ်မှုထမ်းကို မည်သူမဆို ထမ်းဆောင်သင့်တယ်ထင်လို့ ကျွန်တော်လာရောက်ထမ်းဆောင်ခြင်း ဖြစ်ပါတယ်။ ကျွန်တော့်မိသားစုတွေကတော့ ပြည်သူ့စစ်မှုထမ်းကို လိုလိုလားလားနဲ့ပေါ့။ မြန်မာနိုင်ငံသားတစ်ယောက်အနေနဲ့ပေါ့။ သူတို့ကတော့ တက်ရောက်စေချင်တယ်။ ကျွန်တော်ကိုယ်တိုင်ကလဲ တက်ရောက်ချင်တဲ့စိတ်ရှိလို့ ပြည်သူ့စစ်မှုထမ်းကို တက်ရောက်ခြင်းဖြစ်ပါတယ်။ ကိုယ်ဝါသနာပါတာလဲဖြစ်သလို ကိုယ့်မိဘတွေကလဲ လိုက်ပြီးတော့ လိုက်လျောညီထွေစွာနဲ့ တိုက်တွန်းပေးတယ်။ ပြီးတော့ ဒီမှာ အပေါင်းအသင်းဘော်ဒါတွေလဲရှိတော့ ပိုပြီးတော့ ပျော်ရွှင်ရပါတယ်။ ပြည်သူ့စစ်မှုထမ်းကို ပြဋ္ဌာန်းလိုက်တဲ့ အချိန်မှာဆိုရင်တော့ နိုင်ငံသားတစ်ယောက်အနေနဲ့ ကိုယ့်နိုင်ငံကို တာဝန်ယူကာကွယ်ရမယ်ဆိုပြီး သိရှိနားလည်လာပါတယ်။ ပြီးတော့မျိုးချစ်စိတ်ဓာတ်နဲ့ နိုင်ငံကို ကာကွယ်ချင်တဲ့စိတ်လဲ ဖြစ်လာပါလိမ့်မယ်"ဟု ပြောသည်။

"တာဝန်သိတတ်တဲ့ နိုင်ငံသားတစ်ယောက်အနေနဲ့ ကျွန်တော်ကျရာတာဝန်ကို လာရောက်ထမ်းဆောင်ခြင်းဖြစ်ပါတယ်။ ကျွန်တော်သင်တန်းပြီးသွားလို့ တာဝန်ကျတဲ့ တပ်ဌာနတွေမှာ ကျွန်တော် တာဝန်ကျေပွန်အောင် ထမ်းဆောင်သွားမယ်လို့ပြောချင်ပါတယ်" ဟု ပြောသည်။

"ကျွန်တော်ကိုယ်တိုင်လဲ ဒီသင်တန်းကို စိတ်ပါဝင်စားစွာ တက်ရောက်ဖို့ လာရောက်တက်ရောက်ခြင်းဖြစ်ပါတယ်။ အရမ်းကောင်းပါတယ်။ မြန်မာနိုင်ငံသားအားလုံးလဲ ပါဝင်ဖို့ ဖိတ်ခေါ်ပါတယ်။ ကျွန်တော်အနေနဲ့သင်တန်းမှာ သင်ပြသွားမယ့်ဘာသာရပ်တိုင်းကို အကောင်းဆုံးနဲ့ အတတ်နိုင်ဆုံး ကြိုးစားပြီးတော့ လေ့လာသွားပါမယ်။ ဒီသင်တန်းအပတ်စဉ်(၂၄)ပြီးဆုံးသွားရင် ကျွန်တော်ရဲ့ တပ်ရင်းက ပေးတဲ့တာဝန်ကို အကောင်းဆုံး တာဝန်ထမ်းဆောင်သွားပါမယ်"ဟု ပြောသည်။

(ဗဟိုသတင်းစာဝန်ထမ်းများ)(၅၀၁)

**နိုင်ငံ့ဝန်ထမ်းများအားမည်သည့်နည်းလမ်းဖြင့်မဆိုခြိမ်းခြောက်ခြင်း၊တာဝန်ထမ်းဆောင်မှုကိုနှောင့်ယှက်ခြင်းများဆောင်ရွက်ပါကတည်ဆဲဥပဒေများနှင့်အညီအရေးယူခံရနိုင်ပါသည်။**

# ဓာတ်မြေသြဇာများဈေးနှုန်းသက်သာစွာဖြင့် စိုက်ပျိုးချိန်အမီဖြန့်ဖြူးရောင်းချနိုင်ရေး ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း တိုက်တွန်းမှာကြား၊ မန္တလေးတိုင်းဒေသကြီးအတွင်း ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်



နေပြည်တော် ဧပြီ ၂၇

စိုက်ပျိုးရေးလုပ်ငန်းများတွင် လိုအပ်လျက်ရှိသော ဓာတ်မြေသြဇာများ ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချနိုင်ရေးနှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် မိုးစပါးစိုက်ရာသီတွင် အချိန်မီရရှိရေးအစည်းအဝေးကို ယနေ့နံနက်ပိုင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း၊ ဒုတိယဝန်ကြီးများနှင့် စိုက်ပျိုးရေးသွင်းအားစုကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းက နိုင်ငံတော်သမ္မတ၏ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လမ်းညွှန်မှာကြားချက်နှင့်အညီ ကျေးလက်နေပြည်သူများ အဓိကလုပ်ကိုင်နေကြသည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ခြင်းဖြင့် မိသားစုဝင်ငွေတိုးကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရေး၊ ရည်ညွှန်းဈေးနှုန်းများ လစဉ်ထုတ်ပြန်ပေးလျက်ရှိသဖြင့် သိုလှောင်ဈေးကစားခြင်းများ မရှိစေရေးနှင့် သွင်းအားစုများ၏ အရည်အသွေးသတ်မှတ်စံချိန်စံညွှန်းပြည့်မီရေး၊ အချိန်မီရရှိရေး၊ ထိုက်သင့်သော သက်သာသည့်ဈေးနှုန်းဖြစ်စေရေးကို တာဝန်ရှိသူအားလုံး ဝိုင်းဝန်းထိန်းသိမ်း ကြပ်မတ်သွားကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက စိုက်ပျိုးရေးသွင်းအားစုများ ဝယ်ယူတင်သွင်းဖြန့်ဖြူးရောင်းချလျက်ရှိသည့်အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းဆွေးနွေးကာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောက်ဆည်မြို့ မြို့တော်ခန်းမတွင် ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာ ရှစ်ရွာမှ နွေစပါးစိုက်တောင်သူများနှင့်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက သမဝါယမစနစ်ကိုမဏ္ဍိုင်ပြု၍ သက်ဆိုင်ရာဌာနများ ပူးပေါင်း၍ စုပေါင်းအားဖြင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်အောင်ဆောင်ရွက်နေပါကြောင်း၊ စိုက်ပျိုးရေးထုတ်လုပ်မှုတိုးတက်ရေးသည် သွင်းအားစုများသုံးစွဲရန် လိုအပ်ပါကြောင်း၊ စနစ်ကျသည့် စိုက်ပျိုးရေး၊ မွေးမြူရေးများဖြစ်စေရန်အတွက် လိုအပ်သည့် နည်းပညာများကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာတောင်သူများအနေဖြင့်လည်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က မန္တလေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးပြောကြားပြီး ဒေသခံတောင်သူများက လိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က တောင်သူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာရှစ်ရွာမှ နွေစပါးစိုက်တောင်သူများအတွက် သွင်းအားစုဓာတ်မြေသြဇာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# အရှေ့အလယ်ပိုင်းဒေသတွင် ဖြစ်ပွားလျက်ရှိသော ပဋိပက္ခများကြောင့် အာဆီယံဒေသတွင်း စွမ်းအင်ဖူလုံမှုအပေါ် အကျိုးသက်ရောက်မည့် နောက်ဆုံးအခြေအနေများနှင့်စပ်လျဉ်း၍ အာဆီယံစွမ်းအင်ဝန်ကြီးများ အထူးအစည်းအဝေး ကျင်းပ



နေပြည်တော် ဧပြီ ၂၇

အရှေ့အလယ်ပိုင်းဒေသတွင် ဖြစ်ပွားလျက်ရှိသော ပဋိပက္ခများကြောင့် အာဆီယံဒေသတွင်း စွမ်းအင်ဖူလုံမှုအပေါ် အကျိုးသက်ရောက်မည့် နောက်ဆုံးအခြေအနေများနှင့်စပ်လျဉ်း၍ အာဆီယံစွမ်းအင်ဝန်ကြီးများ အထူးအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက အာဆီယံစွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များ၏ အလှည့်ကျဥက္ကဋ္ဌဖြစ်သူ ဖိလစ်ပိုင်နိုင်ငံ စွမ်းအင်ဝန်ကြီးက ကြီးမှူး၍ Video Conferencing စနစ်ဖြင့်ကျင်းပရာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြ သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်က အလှည့်ကျပါဝင်ဆွေးနွေးရာ အရှေ့အလယ်ပိုင်းပဋိပက္ခများကြောင့် မြန်မာနိုင်ငံ၏ ပြည်တွင်းစက်သုံးဆီဖြန့်ဖြူးမှုအပေါ် အကျိုးသက်ရောက်မှုရှိနေပါကြောင်း၊ စက်သုံးဆီတင်သွင်းမှုကို အဓိကအားပြုရသည့် မိမိတို့နိုင်ငံအနေဖြင့် အခက်အခဲများနှင့် ကြုံတွေ့ခဲ့ရသော်လည်း အရေးပေါ်တုံ့ပြန်မှုအစီအမံများကို စနစ်တကျစီမံဆောင်ရွက်လျက်ရှိပြီး နိုင်ငံ၏ စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး ကာလတို၊ ကာလရှည်အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအတွေ့အကြုံများမှ သင်ခန်းစာရယူ၍ အနာဂတ်ကာလများတွင် မိမိတို့နိုင်ငံ၏ စွမ်းအင်ဖူလုံရေး လုပ်ငန်းစဉ်များတွင် အာဆီယံနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများအပါအဝင် နိုင်ငံတကာနှင့် ပူးပေါင်းသွားမည်ဖြစ်ကြောင်း၊ ပြန်ပြည့်မြဲစွမ်းအင်နှင့် အခြားအစားထိုးစွမ်းအင်များ ပြောင်းလဲသုံးစွဲနိုင်ရေးသုတေသနဖွံ့ဖြိုးမှုနှင့် တီထွင်ဆန်းသစ်မှုလုပ်ငန်းများကိုလည်း ရည်မှန်းချက်များ ထားရှိဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

အဆိုပါအစည်းအဝေး၌ အရှေ့အလယ်ပိုင်းတွင် ဖြစ်ပွားလျက်ရှိသော ပဋိပက္ခများကြောင့် ဒေသတွင်းနိုင်ငံများအပေါ် အကျိုးသက်ရောက်မှုများ၊ စွမ်းအင်ဖူလုံမှုရှိစေရေးမဟာဗျူဟာကိစ္စရပ်များ၊ လက်ရှိကမ္ဘာ့စွမ်းအင်ဈေးကွက်များနှင့် ထောက်ပံ့မှုကွင်းဆက်များ၊ အထူးသဖြင့် အာဆီယံဒေသတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ ဖူလုံမှုရှိစေရေးအတွက် ဆွေးနွေးဖက်နိုင်ငံများနှင့် အာဆီယံဦးဆောင်သော ဆွေးနွေးမှုပုံစံများမှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ ချိတ်ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအပါအဝင် ခိုင်မာသောပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ဒေသတွင်း စွမ်းအင်ဖူလုံရေးကို ကာကွယ်သွားရန် အာဆီယံစွမ်းအင်ဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံစွမ်းအင်ဗဟိုဌာနတို့က ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **“အုပ်ချုပ်ရေးစနစ်ပြောင်းလဲခဲ့ပေမယ့် အဖျက်အမှောင့်နဲ့ အပြစ်မဲ့ပြည်သူကို ခြိမ်းခြောက်သတ်ဖြတ်ရေးအလုပ်တွေကိုသာ အရှိန်မပျက်လုပ်နေဆဲ အကြမ်းဖက်သမားများ”**ခေါင်းစဉ်ဖြင့် ၆-၅-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၁၃-၅-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **“PDF အမည်ခံအဖွဲ့အစည်းများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အစိုးရသစ်ကြားမှာ ငြိမ်းချမ်းခြင်းနေ့သစ်တွေ မြင်တွေ့ရတော့မှာလား”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေး တင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ပြည်ထောင်စုအတိုင်ပင်ခံကောင်စီ ကောင်စီဝင် ဦးသန်းဆွေ ကာတာနိုင်ငံ ဒုတိယဝန်ကြီးချုပ်ဟောင်းနှင့် ကာကွယ်ရေးဝန်ကြီးဟောင်းကို လက်ခံတွေ့ဆုံ



**နေပြည်တော် ဧပြီ ၂၇**

ပြည်ထောင်စု အတိုင်ပင်ခံကောင်စီ ကောင်စီဝင် ဦးသန်းဆွေသည် ကာတာနိုင်ငံ ဒုတိယဝန်ကြီးချုပ်ဟောင်းနှင့် ကာကွယ်ရေးဝန်ကြီးဟောင်းဖြစ်သူ ဒေါက်တာ ခါလစ်ဘင် မိုဟာမက် အယ်လ်အက်တီယာကို ယနေ့မွန်းလွဲပိုင်းတွင် Jasmine Naypyitaw Hotel ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကာတာနိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## တိုင်ကြားနိုင်ပါကြောင်း ပြည်သူသို့အသိပေးခြင်း

၁။ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် ဥပဒေပါ အခွင့်အရေးများ၊ နိုင်ငံတော်ကလက်ခံထားသည့် လူ့အခွင့်အရေးနှင့်သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ သဘောတူစာချုပ်များတွင်ပါရှိသည့် လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက **မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေ ပုဒ်မ ၃၀** အရ ကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကိုကိုယ်စားပြု၍သော်လည်းကောင်း ကော်မရှင်သို့ တိုင်ကြားနိုင်ပါသည်။

၂။ တိုင်ကြားမှုကို **ဥက္ကဋ္ဌ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အမှတ်(၂၇) ဖ မိုင်ခွဲ ပြည်လမ်း လှိုင်မြို့နယ် ရန်ကုန်မြို့**သို့လည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်(ရုံးခွဲ) နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ပုသိမ်မြို့တို့သို့လည်းကောင်း လိပ်မူ၍ စာတိုက်မှဖြစ်စေ၊ သက်ဆိုင်ရာကော်မရှင်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖက်စ် ၀၁၈-၆၅၄၆၇၈၊ ကော်မရှင် e-mail လိပ်စာဖြစ်သော info@mnhrc.org.mm တို့မှတစ်ဆင့်ဖြစ်စေ ပြုလုပ်နိုင်ပါသည်။

၃။ တိုင်ကြားရာတွင် အောက်ပါအချက်များ ပြည့်စုံစွာဖော်ပြရမည်ဖြစ်ပါသည်-

(က) တိုင်ကြားသူ၏ အမည်၊ အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ (ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်နှင့် e-mail တို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)

(ခ) တိုင်ကြားသူသည် မည်ကဲ့သို့ လူ့အခွင့်အရေးဖောက်ဖျက်ခံရပြီး နစ်နာဆုံးရှုံးကြောင်း ပြည့်စုံစွာဖော်ပြချက်၊ လိုအပ်ပါက မှတ်တမ်းဓာတ်ပုံနှင့် အထောက်အထားမိတ္တူများ ပူးတွဲလျက်ပေးပို့ရန်၊

(ဂ) တိုင်ကြားသူ၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ မဖြစ်မနေပူးတွဲပေးပို့ရန်၊

(ဃ) တိုင်ကြားချက်ပါ အကြောင်းအရာများမှန်ကန်ကြောင်း တိုင်ကြားသူက လက်မှတ်ရေးထိုးပေးပို့ရန်။

၄။ ကော်မရှင်သည် ယင်းတိုင်ကြားချက်များကို စိစစ်၍ ကော်မရှင်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စုံစမ်းစစ်ဆေးပြီး သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

❐ ကြယ်လိပ်နှင့်တိုက်လိပ်များမှ

ထိန်းသိမ်းခဲ့ပြီး အကောင် ၁၀၀၀၀ ခန့် ရှင်သန်ခဲ့ကြောင်း၊ အကောင်ရေလျော့ကျမှု မရှိစေရန် တောမီးလောင်ခြင်း၊ နေထိုင်ရာဒေသများ ဆုံးရှုံးခြင်းနှင့် တရားမဝင်ရောင်းဝယ်ခြင်းတို့ကို တားဆီးကာကွယ်ထားကြောင်း သိရသည်။

"မြန်မာ့ကြယ်လိပ်ရဲ့ မူရင်းဒေသဟာ မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် မင်းစုန်တောင်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနဲ့ မကွေးတိုင်းဒေသကြီး မင်းဘူးမြို့က ရွှေစက်တော် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော သဘာဝထိန်းသိမ်းရေးနယ်မြေတွေဖြစ်ပြီး ပြင်ဦးလွင်က မြလိပ်တောင်မှာလဲရှိပါတယ်။ ၁၉၉၉ ခုနှစ် မတိုင်မီ အမေရိကန်နိုင်ငံသား ကျောင်းသားတစ်ဦးက မြန်မာ့ကြယ်လိပ်အကြောင်းကို တွေ့ပြီး မြန်မာနိုင်ငံက ရွှေစက်တော်ဘေးမဲ့တောမှာ လာရောက်သုတေသနပြုရာက မြန်မာ့ကြယ်လိပ်ကို ကမ္ဘာကပိုပြီး သတိပြုမိခဲ့တယ်။ မြန်မာ့မျိုးရင်းဖြစ်တဲ့အတွက် ဇီဝရတနာကြယ်လိပ်မျိုးစိတ် ပျောက်ကွယ်မှုမရှိအောင် ဝိုင်းဝန်းထိန်းသိမ်းဖို့လိုပါတယ်" ဟု လောကနန္ဒာ ဘေးမဲ့တောဥယျာဉ် သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာနမှ တာဝန်ရှိသူက ပြောသည်။

ထို့အတူ မြန်မာ့တိုက်လိပ်သည် ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် ချင်းတွင်းမြစ်အထက်ပိုင်း သောင်ပြင်တောစပ်တို့၌ ရှင်သန်ကျက်စားလေ့ရှိပြီး ၂၀၀၁ ခုနှစ်တွင် လောကနန္ဒာ ဘေးမဲ့တောဥယျာဉ်တွင် စတင်မွေးမြူခဲ့သည်။ မြန်မာနိုင်ငံ၌သာရှိသော ဒေသမျိုးရင်းဖြစ်၍ ကမ္ဘာပေါ်ရှိ လိပ်မျိုးစိတ်များအနက် ဒုတိယ ရှားပါးမျိုးစိတ်ဖြစ်ရာ မျိုးသုဉ်းမှုမရှိစေရန်၊ သုတေသနပြုလုပ်နိုင်ရန်နှင့် အများပြည်သူလေ့လာနိုင်ရန် စမ်းသပ်မွေးမြူထားပြီး ယနေ့တိုင် ထိန်းသိမ်းကာကွယ်ထားသည်။

မြန်မာနိုင်ငံရှိ လိပ်မျိုးစိတ် ၃၁ မျိုးတွင် ပင်လယ်လိပ် ငါးမျိုး၊ ရေချိုလိပ် ၂၂ မျိုးနှင့် ကုန်းလိပ် လေးမျိုးရှိပြီး ကုန်းလိပ်သည် အပင်မျိုးစိတ်များနှင့် မှိုမျိုးစိတ်များ မျိုးပွားနိုင်စေရန် မျိုးစေ့များ ဝတ်မှုန်ကူးပေးခြင်း၊ ဝတ်ဆံများနှင့် ပိုးမွှားများကို သယ်ဆောင်ပေးခြင်းဖြင့် ဂေဟာစနစ်နှင့် လူသားတို့ကို အကျိုးပြုနေပြီး ရေလိပ်များသည် ရေထုညစ်ညမ်းစေသည့် ဓာတ်သတ္တုများ၊ ရေညှိရေမှော်များ၊ မြစ်ချောင်းအတွင်းရှိအင်းဆက်ပိုးမွှားများကို စားသောက်ခြင်းဖြင့် အင်းအိုင်များကို သန့်စင်စေလျက် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟာစနစ်ကို ထိန်းသိမ်းပေးသည်။

ကုန်းလိပ်မျိုးစိတ် ၁၁ မျိုး၌ ဖက်လိပ်၊ လေးကွက်လိပ်နှင့် မြန်မာ့အနားပျော့လိပ်စသည့် မျိုးစိတ်အသစ် သုံးမျိုးကို ထပ်မံတွေ့ရှိထားပြီး ကြယ်လိပ်နှင့်တိုက်လိပ်သည် ကမ္ဘာ့ရှားပါးစာရင်းဝင် မြန်မာ့မျိုးရင်းအဖြစ် ထင်ရှားကျော်ကြားသည့်အတွက် တရားမဝင်ဖမ်းဆီးမှုကြောင့် မျိုးသုဉ်းမှုမရှိစေရန် ဝိုင်းဝန်းထိန်းသိမ်းလျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**

## ဆဌသင်္ဂါယနာတင်အောင်ပွဲ နှစ် ၇၀ ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားတွင် သီတဂူဆရာတော်ကြီး၏ အထူးတရားပွဲ ဓမ္မသဘင်နှင့် စာတမ်းဖတ်ပွဲများ ကျင်းပမည်

**နေပြည်တော် ဧပြီ ၂၇**

ဆဌသင်္ဂါယနာတင်အောင်ပွဲ နှစ် ၇၀ ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားကြီးကို ၁၃၈၈ ခုနှစ် ကဆုန်လပြည့်နေ့မှ ကဆုန်လပြည့်ကျော် ၂ ရက်ထိ (ဧပြီ ၃၀ ရက်မှ မေ ၂ ရက်ထိ) ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ သုံးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်သည်။

ဧပြီ ၃၀ ရက် ညပိုင်းတွင် သီတဂူဆရာတော်ကြီး၏ အထူးတရားပွဲ ဓမ္မသဘင်ကိုလည်းကောင်း၊ မေ ၁ ရက်နှင့် ၂ ရက်တို့တွင် စာတမ်းဖတ်ပွဲများကိုလည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများ စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဒေါက်တာထွန်းမင်း<br>ပါမောက္ခချုပ်<br>(ဆေးရုံအုပ်ကြီး၊ကုသရေး)<br>ရန်ကုန်ပြည်သူ့ဆေးရုံကြီး<br>ကုသရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းဆေးပညာဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |
| (၂) | ဒေါ်သန္တာလေး<br>ညွှန်ကြားရေးမှူးချုပ်<br>နည်းပညာဖွံ့ဖြိုးရေးနှင့်<br>လေ့ကျင့်ရေးဦးစီးဌာန<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအဖွဲ့<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |

## တရားမအထူးအယူခံမှု လေးမှုကို ရုံးထိုင်ကြားနာ

**နေပြည်တော် ဧပြီ ၂၇**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဋ္ဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသည့် ဒေါ်သင်းသင်းနွဲ့၊ ဦးဝင်းမြင့်၊ ဒေါ်စိုးခက်ခက်၊ ဒေါ်သင်းသင်းချိုတို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် မင်္ဂလာဒီပရပ်ကွက် ချင်းတွင်းလမ်းရှိ ဇေယျာသီရိခရိုင်တရားရုံး ရုံးခန်းအမှတ်(၁)၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အထူးအယူခံခုံရုံး ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၂/၂၀၂၆ (မွန်)၊ ၃/၂၀၂၆ (ရန်ကုန်)၊ ၄/၂၀၂၆(ဧရာဝတီ)နှင့် ၅/၂၀၂၆(ရန်ကုန်) စုစုပေါင်းတရားမအထူးအယူခံမှု လေးမှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ၂၀၂၆ ခုနှစ် ဧပြီ ၂၇ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၁၀၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့အတွက် စစ်ဆင်ရေးတာဝန်များထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

နေပြည်တော် ဧပြီ ၂၇

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်း သာယာရေးတို့အတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ဒေသတစ်ဝိုက် နယ်မြေလုံခြုံရေး တာဝန်များထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့ညနေပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတွမ်းမြို့ရှိ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ ပါဝင်တက်ရောက် ဂုဏ်ပြုကြိုဆိုကြသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအားညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများကို တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုကြသည်။

ထို့နောက် တိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုအမှာစကား ပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေနှင့် အသုံးအဆောင်ပစ္စည်းများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(ဥဝ၁)



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုစဉ်။

## ၂၇-၄-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

- ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ စက်မှုကုန်ကြမ်း၊ ကား၊ ဆိုင်ကယ်အပိုပစ္စည်း၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ ဓာတ်မြေဩဇာ၊ တိရစ္ဆာန်အစာ တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၄ ဒသမ ၆၁ သန်းကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၁ သန်းကိုလည်းကောင်း၊ ဗဟိုဘဏ်မှ ကား၊ဆိုင်ကယ်အပိုပစ္စည်းကဏ္ဍ၊ စက်မှုကုန်ကြမ်းကဏ္ဍ၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများကဏ္ဍနှင့် Non Trade ကဏ္ဍတို့သို့ ထိုင်းဘတ် ၂ ဒသမ ၂၄ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၄၈ ~ ၃၆၆၉ | ၅၅၇ ~ ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၈,၃၆၈,၀၆၀.၀၈ | ၁,၉၀၆,၀၁၆.၀၀ | ၂,၉၃၇,၅၇၆.၈၂ | ၁,၄၂၀,၀၀၀.၀၀ |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | ၂,၂၃၉,၃၄၅.၁၆ | |

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

**(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

**(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

**(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

**(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

**(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

**(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

**(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

**(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

**(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

**(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

**(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

**(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

**(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

**(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

**(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

**(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ရဟန္တာတစ်ထောင်ရှင်ပင်မြတ်စွာဆုတောင်းပြည့်စေတီတော်၌ကျင်းပသည့် ဒုတိယအကြိမ် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ ပဋ္ဌာန်းသိမ်းအောင်ပွဲပြုလုပ်



သံဃာတော်များအား ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူစဉ်။

**နေပြည်တော် ဧပြီ ၂၇**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာအုပ်စု ရွှေမိုးတောင်ပေါ်တွင် ကိန်းဝပ်တည်ရှိတော်မူသော ရဟန္တာတစ်ထောင်ရှင်ပင်မြတ်စွာ ဆုတောင်းပြည့်စေတီတော်၌ကျင်းပသည့် ဒုတိယအကြိမ် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ ပဋ္ဌာန်းသိမ်းအောင်ပွဲကို ယနေ့ နံနက်ပိုင်းတွင်ကျင်းပပြုလုပ်ရာ အခမ်းအနားသို့ ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် အင်းလေးကျောင်းတိုက် ဆရာတော် ပြည်နယ်သံဃနာယက အဖွဲ့ဝင် ဘဒ္ဒန္တဓမ္မနန္ဒ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အင်းလေးကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး တာဝန်ရှိသူတစ်ဦးက သာသနာရေးရာဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ ယင်းနောက်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်း၍ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# တပ်မတော်ဆေးရုံ၌ တက်ရောက် ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

**နေပြည်တော် ဧပြီ ၂၇**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ အရာရှိ စစ်သည်၊ မိသားစုများ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအပြင် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများကိုလည်း လက်ခံဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက် ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်များကို အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဇောနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လူနာတစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားကာ ချီးမြှင့်ငွေများနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဆေးရုံအတွက်အလှူငွေများ ပေးအပ်ပြီး ဆေးရုံဝင်းအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဇော ဆေးကုသမှုခံယူနေသူတစ်ဦးကို ချီးမြှင့်ငွေနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

# ၂၀၂၆ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်

**တောင်ငူ ဧပြီ ၂၇**

၂၀၂၆ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ငူမြို့ရှိ တောင်ငူလေတပ်စခန်းဌာနချုပ် မီတာ-၃၀၀ စက်ပစ်ကွင်း၌ ကျင်းပပြုလုပ်ရာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်၊ တောင်ငူလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီးရန်နိုင်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်(လေ)မှ အရာရှိကြီးများ၊ အရာရှိစစ်သည်များ၊ မိသားစုဝင်များနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(လေ) ကိုယ်စား တောင်ငူလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီးရန်နိုင်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် လေတပ်စခန်းဌာနချုပ်မှူးက မိုးပျံပူဖောင်းအား သေနတ်ဖြင့်ပစ်ဖောက်၍ အခမ်းအနားကို ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများနှင့်အတူ ပြိုင်ပွဲ ပထမနေ့ပွဲစဉ်များဖြစ်သည့် အမျိုးသား ပစ္စတိုပွဲစဉ်(အမြန်နှင့် လျှပ်တစ်ပြက်)၊ အမျိုးသမီးပစ္စတိုပွဲစဉ် (အမြန်နှင့် လျှပ်တစ်ပြက်)၊ အမျိုးသမီး ကာဘိုင် ပွဲစဉ်များကို ကြည့်ရှုအားပေးကြသည်။



ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား တောင်ငူလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီးရန်နိုင် မိုးပျံပူဖောင်းကို သေနတ်ဖြင့်ပစ်ဖောက်၍ အခမ်းအနား ဖွင့်လှစ်ပေးစဉ်။

အဆိုပါ ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကွပ်ကဲမှုအောက်ရှိဌာနချုပ်၊ လေတပ်စခန်းဌာနချုပ်များနှင့် လေတပ်စခန်းအသီးသီးမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၃ သင်း၊ အမျိုးသမီး အသင်း ၁၁ သင်းတို့ဖြင့် ဧပြီ ၂၇ ရက်မှ မေ ၁ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဧပြီ ၂၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၆ ခုနှစ် ဧပြီ ၂၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Thu Thu Xtet San" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ကရင်ပြည်နယ် မြဝတီမြို့နယ် အမှတ် (၃)ရပ်ကွက်နေ သူသူထက်စံ ခေါ် သုန်သုန်အား ညနေ ၄ နာရီခွဲတွင် မြဝတီမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

## ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အသိပေးကြေညာချက်

မော်တော်ယာဉ်များတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပေးသည့်မော်တော်ယာဉ်နံပါတ်ပြားမဟုတ်ဘဲ အခြားနံပါတ်ပြားတပ်ဆင်ခြင်း၊ မူလနံပါတ်ပြားကို အလှဆင်ပြုပြင်ထားသည့် နံပါတ်ပြားများတပ်ဆင်ခြင်း၊ အလှဆင်နံပါတ်ပြားများတပ်ဆင်ခြင်း၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ် နှင့် သုံးဘီးတပ်ယာဉ်များတွင် အသံပိုမိုကျယ်လောင်စေရန် အသံထိန်းကိရိယာများ ပြောင်းလဲတပ်ဆင်ခြင်း၊ အသံထိန်းကိရိယာဖြုတ်၍မောင်းနှင်ခြင်း၊ ဆူညံသံဖြစ်ပေါ်စေသည့် ကိရိယာတပ်ဆင်အသုံးမပြုကြရန်နှင့် တပ်ဆင်အသုံးပြုသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များကို ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့်မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ယာဉ်ထိန်းရဲတပ်ဖွဲ့


လျှပ်စစ်မီတာခ သက်သာဖို့
LED ပစ္စည်း သုံးကြစို့။

❖ **အွန်လိုင်းလိမ်လည်လောင်းကစားမှုမှ**


ယနေ့ နံနက် ၁၁ နာရီ မိနစ် ၅၀ခန့်တွင် တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် တော်ကော့(တွင်း)ရပ် လိုမာဟိုတယ် အနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများလုပ်ကိုင်နေသည့် တရုတ်နိုင်ငံသား အမျိုးသား သုံးဦး၊ မြန်မာနိုင်ငံသား အမျိုးသမီး ခြောက်ဦးတို့ကို အွန်လိုင်းလိမ်လည် လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်ရာတွင်အသုံးပြုသည့် All In One Computer သုံးလုံး၊ Laptop ၁၃ လုံး၊ ဖုန်းမျိုးစုံ အလုံး ၃၂၀ ၊ Tablet မျိုးစုံ ၁၀၈ လုံး၊ Printer တစ်လုံး၊ Wifi စက် ခြောက်လုံးနှင့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့က ရှာဖွေစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်ခဲ့ရာ မွန်းလွဲ ၂ နာရီ ၁၀ မိနစ်ခန့်တွင် အဆိုပါရပ်ကွက်အတွင်း နေအိမ်တစ်လုံး၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုလုပ်ငန်းများကျူးလွန်လျက်ရှိသည့် တရုတ်နိုင်ငံသား အမျိုးသား ရှစ်ဦး၊ တရုတ်နိုင်ငံသား ထိုင်ဝမ်လူမျိုး အမျိုးသမီး တစ်ဦး၊ မြန်မာနိုင်ငံသား အမျိုးသား ၂၇ ဦးနှင့် အမျိုးသမီး ခုနစ်ဦးတို့ကို အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင်အသုံးပြုသည့် All In One Computer ၂၃ လုံး၊ မော်နီတာ တစ်လုံး၊ SYSTEM ပုံး တစ်လုံး၊ ဖုန်းမျိုးစုံ ၅၂ လုံးနှင့် ဆက်စပ်ပစ္စည်းများနှင့်အတူ ထပ်မံဖမ်းဆီး ထိန်းသိမ်းနိုင်ခဲ့သောကြောင့် တရားမဝင် အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုကျူးလွန်သူ စုစုပေါင်း ၅၂ ဦးနှင့် လုပ်ငန်းသုံးပစ္စည်းများကို ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသူများကို ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူဆောင်ရွက် သွားမည်ဖြစ်ကြောင်း၊ နောက်ကွယ်မှ ပါဝင်ပတ်သက်သူများကိုလည်း စိစစ်ဖော်ထုတ်ကာ တရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဖမ်းဆီးရမိသော တရားမဝင် အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံအတွင်းသို့ ရောက်ရှိနေပြီး အွန်လိုင်းလိမ်လည် လောင်းကစားမှုတွင် တစ်နည်းနည်းဖြင့် ပါဝင်ပတ်သက်နေသည့် ပြည်ပနိုင်ငံသားများကိုလည်း တရားဥပဒေနှင့်အညီ စစ်ဆေးကာ လူသားချင်း စာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးခြင်းများ၊ အဓိကပြစ်မှုကျူးလွန်ခဲ့သူများကိုလည်း ဖမ်းဆီးထိန်းသိမ်းပြီး သက်ဆိုင်ရာအစိုးရအဖွဲ့ထံ တရားဝင်လွှဲပြောင်းပေးခြင်းများနှင့်တရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)




တာချီလိတ်မြို့အတွင်း အွန်လိုင်းလောင်းကစားလုပ်ငန်းနှင့် အွန်လိုင်းငွေလိမ်လုပ်ငန်း လုပ်ကိုင်သူများ ဖမ်းဆီးရမိသည့်နေရာပြပုံ။




တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် တော်ကော့(တွင်း)ရပ် လိုမာဟိုတယ်အနီးရှိ နေအိမ်၌ ဖမ်းဆီးရမိခဲ့သည့် တရားမဝင်တရုတ်နိုင်ငံသား အမျိုးသား သုံးဦး၊ မြန်မာနိုင်ငံသား အမျိုးသမီး ခြောက်ဦး ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။




တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် တော်ကော့(တွင်း)၌ တရားမဝင်အွန်လိုင်းလောင်းကစားလုပ်ကိုင်သူ မြန်မာနိုင်ငံသား အမျိုးသား ၂၇ ဦးနှင့် အမျိုးသမီး ခုနစ်ဦး ထပ်မံဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။



တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် တော်ကော့(တွင်း)၌ တရားမဝင်အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့်လုပ်ငန်းသုံးပစ္စည်းများ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။



တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်၌ တရားမဝင် နိုင်ငံခြားသားများနှင့် မြန်မာနိုင်ငံသားများ တရားမဝင်အွန်လိုင်းလောင်းကစားမှုပြုလုပ်ရာတွင် အသုံးပြုသည့် နေအိမ်အဆောက်အအုံ မှတ်တမ်းဓာတ်ပုံ။

## ပြည်သူများထံ အသိပေးပန်ကြားချက်

- အရေးကြီး၊ အရေးပေါ်ဖြင့် ပြည်ပသို့ သွားရောက်လိုသူများ Onilne Booking တင်ရာတွင်လည်းကောင်း၊ ရုံးတွင်းဆောင်ရွက်ရာတွင်လည်းကောင်း စောင့်ဆိုင်းရန်မလိုဘဲ အမြန်ဝန်ဆောင်မှု(Express Service) ဖြင့် လျှောက်ထားနိုင်ရေး စီစဉ်ထားပါကြောင်း၊
- လျှောက်လွှာလက်ခံပြီး ငါးရက်အကြာတွင် နိုင်ငံကူးလက်မှတ်စာအုပ်ရမည်ဖြစ်ပါကြောင်း၊
- အမြန်ဝန်ဆောင်ခမှာ စာအုပ်ဖိုးအပါအဝင် ၅၄၅၀၀၀ ကျပ် ဖြစ်ပါကြောင်း၊
- အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့ website ဖြစ်သည့် www.passport.gov.mm တွင် ဖော်ပြထားပါကြောင်း၊
- အမြန်ဝန်ဆောင်မှု (Express Service)ကို ၅-၁-၂၀၂၆ ရက်မှ စတင်မည်ဖြစ်ပါကြောင်း အသိပေးပန်ကြားအပ်ပါသည်။

ဝတ္ထုတိုကလျာ

# ယူကလစ်နှစ်ပင်

နွေကုံကျော်(မြို့လှ)



(၁)

"ကိုကျော်စွာရေ ကျုပ်တို့အဖွဲ့လေးကတော့ တစ်စတစ်စနဲ့ သွားပါပြီဗျာ"

အိမ်ထဲဝင်ဝင်ချင်း ကြားလိုက်ရသော မိတ်ဆွေကြီး ဦးခင်မောင်တင့်ထံမှ ဆီးကြိုနှုတ်ဆက်စကား။

အခြားသူတစ်ယောက်ဆီမှသာ အဆိုပါစကားမျိုး ကြားရလျှင် ဘာများဖြစ်လိမ့်ဟူသော အတွေးဖြင့် စိတ်ပူကောင်းပူမိပေမည်။ ဘာများဖြစ်လို့လဲဟု မေးကောင်းမေးမိမည်။ ယခုတော့ မိတ်ဆွေကြီး ဦးခင်မောင်တင့်ထံမှစကားမို့ သိပ်ပြီးစိတ်ပူစရာ မရှိကြောင်း ကျော်စွာကိုယ့်ဘာသာ သဘောပေါက်လိုက်သည်။

ဦးခင်မောင်တင့်သည် အသက် ၇၀ အရွယ် ဖြစ်လင့်ကစား ဆိုင်ကယ်တစ်စီးဖြင့် မြို့ရိုးကိုးပေါက် လှည့်လည်သွားလာနေသူ။ ဤသို့ လှုပ်ရှားသွားလာနေမှ သူကနေသာထိုင်သာရှိသည်ဟုဆိုသည်။ ကိုယ်တွေက အသက်ကြီးပြီမို့ အိမ်မှာနားနားနေနေ နေစေလိုကြောင်း၊ ပရဟိတအလုပ်များကိုလည်း လူငယ်များနှင့်တန်းတူ လိုက်မလုပ်သင့်တော့ကြောင်း၊ ဝါသနာပါသည့် စာတိုပေစလေးများ အေးအေးဆေးဆေးရေးစေလိုကြောင်း မည်မျှပင် တိုက်တွန်းနားချချ သူကတော့ မောရပန်းရမှန်းမသိ ဆိုင်ကယ်တစ်စီးဖြင့် အများအကျိုးဆောင် ကိုယ့်အကျိုးအောင်ထုံးကို လက်ကိုင်ထားသူတစ်ဦးဖြစ်သည်။

"ဒီနေ့ ရုံးဆင်းတာ စောလှချည်လား"

၁၁ နာရီပင်မခွဲသေး ကျော်စွာအိမ်ပြန်ရောက်လာသည်မို့ ဦးခင်မောင်တင့်က အံ့သြစွာဆိုသည်။

"မနက်စာ မုန့်ဟင်းခါးစားတဲ့ရက်တွေဆို သူဗိုက်ဆာပြီလေ အဘရဲ့"

ခင်ပွန်းသည်အကြောင်းသိထားသော ဇနီးသည် ခင်ခင်က ဦးခင်မောင်တင့်ကို ဖြေပေးလိုက်သည်။

"ကဲ ဆိုစမ်းပါအုံး၊ ထုံးစံအတိုင်းပဲလား... ဟားဟား"

ကျော်စွာက သဘောကျစွာရယ်မောရင်းမေးတော့-

"အေးပေါ့ဗျာ ဘယ်သူရှိမလဲ ဒီလူကြီးပဲပေါ့၊ ဒီလူကြီး စတဲ့ဇာတ်လမ်းတွေပေါ့"

"ဘာအခုမှ ဒီလူကြီးစတဲ့ ဇာတ်လမ်းလဲ။ ဦးခင်မောင်တင့် ခေါ်လာတာမဟုတ်ဘူးလား အဲဒီလူကြီးကို။ အခုတော့ ငါးပါးမှောက်ရုံမက ဆရာမနိုင် နှစ်ဆောင်မြိုင်တွေဖြစ်နေပြီမဟုတ်လား"

"ထမင်းပြင်လိုက်ရတော့မလား ယောက်ျား"

"အေး. . .စားမယ်ကွာ၊ ဦးခင်မောင်တင့် တစ်ခါတည်းစားမှာလား။ မဆာသေးရင် ခင်ခင်တို့နဲ့မှ စားကြပေါ့"

"ကျွန်တော်မဆာသေးပါဘူးဗျာ။ ပြီးမှပဲ မခင်တို့နဲ့စားလိုက်ပါ့မယ်"

"ကဲ စားကောင်းသောက်ကောင်းအောင် ဦးမြင့်သန်းဟင်းတစ်ခွက် ဘေးကအပိုဆောင်း ပေးစမ်းပါအုံးဗျာ"

"ဟားဟားဟား ကိုကျော်စွာကတော့ လုပ်တော့မယ်ဗျာ။ တကယ့်သိုက်ဆရာကိုမှ ကျုပ်ကခေါ်လာမိတာပါ၊ ကျုပ်အပြစ်တွေပါ"

သူ့ရွှံ့ပြောသည်ကို ဦးခင်မောင်တင့်က သဘောကျစွာရယ်လျက် နောက်ဆုံးရရှိလာသော ဦးမြင့်သန်း၏ သတင်းထူးကို ရေနွေးတစ်ခွက်နှင့်အတူ မျှောချလေသည်။

"တော်တော်မလွယ်တဲ့လူဗျာ။ သူ့ကြောင့်ပဲ ပရဟိတလုပ်လိုတဲ့ မိတ်ဆွေတွေတောင် မူလစိတ်လေးတွေပျောက်ကုန်ကြပြီ။ နေရာတကာ သင်းက ဆရာကြီးဝင်ဝင်လုပ်၊ ဘယ်သူဘယ်ဝါ အကောင်ကြီးကြီးတွေနဲ့ ဘယ်လိုပိုင်ကြောင်း၊ သူ့ကိုဆို ဘယ်အဖွဲ့က ဘယ်လိုအရေးပေးကြောင်း၊ အခုလဲ အလှူအတန်းအတွက်ပေးတဲ့ သုခမ္မလား မဏိဇောတဆိုလား ဘာလားမသိပါဘူး ရအောင်ဆိုပြီး ကြံဖန်နေပြန်ပြီ။ လှူတာတန်းတာက ဘာမှမရှိသေးဘူး၊ ဒီဘွဲ့ကြီးရအောင်ဆိုပြီး ကုလားဖန်ထိုးနေလို့ ကျုပ်ကြားကြားချင်း မနေနိုင်မထိုင်နိုင်ဖြစ်လာလို့ပါ ကိုကျော်စွာရာ"

"ကိုကျော်စွာ သိတဲ့အတိုင်းပဲ ကျုပ်တို့ပရဟိတလုပ်တယ်ဆိုတာ ဘာအခွင့်အရေး အကျိုးအမြတ်မှ လိုချင်လို့မဟုတ်ဘူး။ ဥက္ကဋ္ဌတို့၊ အတွင်းရေးမှူးတို့ ဆိုတာလဲ ဆရာတော် ခွင့်ပြုပေးထားတဲ့အတိုင်းပဲ ကျုပ်တို့လုပ်ကြတာ။ ခုလက်ရှိ ဆရာတော် ဦးဆောင်မှုနဲ့လဲ အဆင်ပြေနေတာပဲမဟုတ်လား။ ဒီလူက ဆရာတော်ကိုတောင် အပိုင်ချုပ်လာတယ်။ ဆရာတော်ကလဲ ကျောင်းဝေယျာဝစ္စဖြည့်ဆည်းပေးနေတဲ့ မျက်နှာထောက်ပြီး ဘာမှမပြောတော့ ကျုပ်တို့လို မနေတတ်တဲ့သူတွေပဲ စိတ်ရှုပ်ရတာပေါ့။ ဒီကြားထဲ ဦးဝေထွန်းကလဲ အလကားစားသောက်သွားလာခွင့်ရနေတော့ ဦးမြင့်သန်းလုပ်သမျှ မြှောက်ပေးနေတော့တာ"

ကျော်စွာ ထမင်းစား၍ပြီးလေပြီ။ ဦးခင်မောင်တင့်၊ ဦးမြင့်သန်းနဲ့ ဦးဝေထွန်းတို့အကြောင်းတွေကို သူသိတန်သမျှ သိပြီးပြီမို့ သိပ်ထူးထွေပြီး ခံစားအံ့သြမနေပါချေ။ အသက် ၆၀ ကျော်အရွယ် အဘိုးကြီးတစ်ပိုင်းဖြစ်နေကြသည့်တိုင် သူတို့ချင်းစကားများ၊ သူတို့ချင်းမတည့်၊ စိတ်ဆိုးစိတ်ကောက်ကြ။ သို့သော် စကားများပြီး သုံးရက်လောက်ဆို တစ်ခွက်တစ်ဖလား ချီးယားပြီးနောက် သူတို့မဟုတ်သလို ဖြစ်နေကြပြန်သည်။

ကလေးစိတ်ဆိုသည့် ဝေါဟာရကို ဆယ်ကျော်သက်များထက် သူတို့ ၆၀ ကျော်အရွယ်တွေမှာ ပိုတွေ့နေရသည်။ သူတို့အထဲမှာ အရိုးသားဆုံးက ဦးခင်မောင်တင့်။ ထုံးစံအတိုင်း ရိုးသူပီပီ ခံစရာရှိ သူသာ ရှေ့ဆုံးက အမှတ်စဉ်တစ် ခေါင်းထိုးပေးရသည်။

"ကဲ ဦးခင်မောင်တင့်ရေ ကျန်တဲ့ ဒုတိယပိုင်းကို သမီးတော် မခင်ခင်နဲ့သာ ဆွေးနွေးပေတော့။ ကျွန်တော် ရုံးပြန်ပြေးလိုက်အုံးမယ်"

ဦးခင်မောင်တင့်က ကျော်စွာတို့မိသားစုကို ခင်တွယ်သည်။ အခါအားလျော်စွာ ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရောက်လာတတ်သည်။ "ရွှေမေတ္တာ" အမည်ရှိ ပရဟိတအသင်းတွင် လူငယ်များနှင့်အပြိုင် အသင်းဝင်ထားသည်။ ယခင်က ထိုအသင်းတွင် ကျော်စွာနှင့်ခင်ခင်တို့ဇနီးမောင်နှံလည်း ပရဟိတအဖြစ် ဝင်ခဲ့ကြသည်။

ဝင်ပြီး နှစ်နှစ်လောက်အကြာမှာပဲ မိမိတို့၏ ပကတိ ပရဟိတ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် သွေဖည်စွာ ပရဟိတခေါင်းစဉ်တပ်ချင်သူများ အကြောင်းအမျိုးမျိုးပြဝင်ရောက်လာရာမှ ထိုအဖွဲ့မှ ကျော်စွာတို့ ထွက်ခဲ့ကြသည်။ အခုဆို ငါးနှစ်ပင်ရှိပါတော့မည်။

(၂)

ဦးမြင့်သန်း။

အသက် ၆၂ နှစ်ခန့်။ အသားလတ်လတ်၊ အရပ်ကခြောက်ပေနီးပါး။ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းတစ်ဦး။ နယ်နယ်ရရအဆင့်ဖြင့် အငြိမ်းစားယူခဲ့သူတော့မဟုတ်။ နယ်နယ်ရရမဟုတ်သဖြင့် အငြိမ်းစားယူပြီးနောက် အတော်အသင့် သုံးနိုင်ဖြုန်းနိုင်သည်။

ရည်ရွယ်ချက်တစ်ခုခုကို အကောင်အထည်မဖော်မီ မြေပြင်လေ့လာကွင်းဆင်းပြီး ပိုင်မှလုပ်မည်ဟူသည့် လူသားတစ်ဦးဖြစ်ကြောင်း ဆုံတွေ့လိုက်သည့် ခဏတာကာလမှာပင် သိခွင့်ရ၏။

သူက ကျော်စွာတို့နေသည့်မြို့သို့ အငြိမ်းစား ဘဝဖြင့်ပြောင်းရွှေ့လာခဲ့သူဖြစ်သည်။ မိမိတို့ ရွှေမေတ္တာပရဟိတသို့ ရောက်ရှိအောင် သူပထမဆုံးချဉ်းကပ်ခဲ့သူက ရိုးသားပြီး တက်ကြွမှုဖြင့် နေရာတကာပါတတ်သူ ဦးခင်မောင်တင့်ဖြစ်၏။ ဆိုရလျှင် ဦးခင်မောင်တင့်ကိုယ်တိုင် ဦးမြင့်သန်းကို ခေါ်ဆောင်လာခဲ့ခြင်းပင်ဖြစ်သည်။

လူငယ်၊ လူလတ်ပိုင်းများဖြင့် စုဖွဲ့ထားသော ရွှေမေတ္တာပရဟိတအသင်းသည် တကယ့်လူမှုဝန်ထမ်းစိတ်အပေါ်အခြေခံသည့် အသင်းတစ်သင်းပင်ဖြစ်သည်။ အများရှိသေလေးစားပြီး ပရဟိတအကျိုးသယ်ပိုးလိုသည့် ဆရာတော်တစ်ပါး၏ ဦးဆောင်မှုဖြင့် အသင်းလေးပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ နောက်ပိုင်း ထိုအသင်းသို့ ဆရာတော်ကို ကိုးကွယ်ကြသည့် အငြိမ်းစားများ ဆက်သွယ်လာကြရာမှ အင်အား တဖြည်းဖြည်း တိုးပွားလာကြသည်။

လုပ်ငန်းခွင်နှင့် ကင်းကွာလာကြသည့် အငြိမ်းစားများက အိမ်မှာခြေချုပ်မိသည်ကို မခံစားနိုင်။ ရှိသူလည်းရှိသူမို့၊ မရှိသူလည်းမရှိသူမို့ အစုအဝေးဖြင့် နေချင်ကြသေးသည်။ အငြိမ်းစားအချင်းချင်း ဘဝသစ်တစ်ခုကို တည်ဆောက်လိုပုံရသည်။

ဤသို့ဖြင့် နယ်ပယ်စုံမှအငြိမ်းစားများ၏ စုဝေးရာသည် သူတို့ရွှေမေတ္တာပရဟိတအသင်းလေး ဖြစ်လာသည်။ နယ်ပယ်စုံမို့ တစ်ဦးနှင့်တစ်ဦး ပိုင်ဆိုင်ခဲ့မှုအပေါင်း၊ အာဏာဟောင်းများကလည်း မတူညီကြ။ အချို့က ပကတိရိုးသားစွာ အငြိမ်းစားဘဝနှင့်အတူ အာဏာကို လုပ်ငန်းခွင်မှာ ချန်ရစ်ခဲ့ကြသည်။

**❖ လူငယ်၊ လူလတ်ပိုင်းများဖြင့်စုဖွဲ့ထားသော ရွှေမေတ္တာပရဟိတအသင်းသည် တကယ့်လူမှုဝန်ထမ်းစိတ်အပေါ်အခြေခံသည့် အသင်းတစ်သင်းပင်ဖြစ်သည်။ အများရှိသေလေးစားပြီး ပရဟိတအကျိုးသယ်ပိုးလိုသည့် ဆရာတော်တစ်ပါး၏ဦးဆောင်မှုဖြင့် အသင်းလေးပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ နောက်ပိုင်း ထိုအသင်းသို့ ဆရာတော်ကို ကိုးကွယ်ကြသည့် အငြိမ်းစားများ ဆက်သွယ်လာကြရာမှ အင်အားတဖြည်းဖြည်း တိုးပွားလာကြသည်။ ❖**

အချို့ကလည်း အရှိန်မကုန်သေး။

ဆရာတော်၏ အဆုံးအဖြတ်ဖြင့်သာ လုပ်ငန်းလည်ပတ်ခဲ့သော ပရဟိတရိပ်မြုံသို့ ပစ္စည်းလေးပါး ဒါယကာဟူသည့် ခေါင်းစဉ်ကိုဆုပ်ကိုင်ရင်း နေရာရလိုသူများ တဖြည်းဖြည်း ဝင်ရောက်လာသည့်နောက် မူလက တက်ကြွပျော်ရွှင်စွာ စေတနာ့ဝန်ထမ်းတာဝန်ယူခဲ့သူများထံမှ စိတ်မသက်သာဖွယ်ရာအသံများ ထွက်ပေါ်လာခဲ့လေတော့သည်။

ဆက်လက်ဖော်ပြပါမည်။

# ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲကေအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီး



**ကလေး ဧပြီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲကေအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၉၂၉၂ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလဒုတိယပတ်မှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၈၁ ဒသမ ၃၂ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ကလေးမြို့နယ်မှာ မြေပဲ ၁၉၂၉၂ ဧကစိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မြေပဲခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်းလျက်ရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာန်အေးက ပြောပြသည်။

ကလေးမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရန်၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများ ယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်း၍ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် မြေပဲကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာန်အေးက ပြောပြ၍ သိရသည်။

(၂၀၆)

# ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ငါးသလဲထိုး ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဒေးဒရဲ ဧပြီ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ငါးသလဲထိုး ပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဒေးဒရဲမြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်ဒေါ်ယဉ်ငွေးက ပြောပြသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဖေဖော်ဝါရီလအတွင်းက ငါးသလဲထိုးပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ်လအတွင်း ငါးသလဲထိုး ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးသလဲထိုး တစ်ပိဿာလျှင် အရွယ်အစားနှင့် အရည်အသွေးအလိုက် ငွေကျပ် ၁၈၅၀၀ မှ ၂၅၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။



"ပြီးခဲ့တဲ့လထဲမှာ ဒေးဒရဲမြို့နယ်ကနေ ငါးသလဲထိုးတွေကို ရန်ကုန်ဈေးကွက်ကို အများအပြား တင်ပို့ရောင်းချခဲ့ပါတယ်။ ရန်ကုန်ဈေးကွက်ကို ရေထွက်ကုန်တွေ အဓိကတင်ပို့ ရောင်းချနေတာပါ။ ဒေသထွက် ငါးသလဲထိုးတွေကို လက်ရှိရန်ကုန်ဈေးကွက်က မှာယူမှုများသလို နောက်ထပ်လဲ ချိတ်ဆက်မှာယူနေပါတယ်။ ကုန်ချိန်အများအပြားတင်ပို့ရတော့ ငါးလုပ်ငန်းနဲ့ဆက်စပ်သူတွေ အဆင်ပြေနေပါတယ်"ဟု ဒေးဒရဲမြို့နယ် ငါးမျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ယဉ်ငွေးက ပြောပြသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငါးသလဲထိုးများအပါအဝင် ရေထွက်ကုန်များ တင်ပို့မှုကောင်းလာသည့်အတွက် ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ရေလုပ်သားများ အလုပ်အကိုင် အခွင့်အလမ်းများ အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ရွာငံမြို့နယ် မြောက်လက်ကုန်းကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**ရွာငံ ဧပြီ ၂၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အလယ်ချောင်ကျေးရွာအုပ်စု မြောက်လက်ကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဧပြီ ၂၆ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရွာငံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းမြတ်ထိုက်က ကျေးရွာမှ ရွေးချယ်ထားသော ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ရာ ၎င်းစီမံကိန်းကို ကျေးရွာသူ၊ ကျေးရွာသားများက တာဝန်ယူ၍ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် တက်ရောက်လာကြသော မြောက်လက်ကုန်းကျေးရွာမှ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ် ဆောင်ရွက်နိုင်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီဝင်ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**

## ညောင်ရေသွန်းပွဲ

\- လကဆုန် ညောင်ရေသွန်း
ကုသိုလ်ထွန်း တို့မြန်မာ၊
စတုဒိသာ စုံလင်လှ
ဒါနဝေဖြာ၊
စီတန်းလျက် သွားစို့ဗျာ
ကျောင်းတော်သာ ရောက်ဖို့၊
ရေအိုးတွေ ကိုယ်စီပွေ့
ပျော်မွေ့ပါလို့။

\- ရှစ်ခွင်ဝယ် အုံ့ကာမှိုင်း
တိမ်လှိုင်းက မည်းမည်းမှောင်၊
အေးချမ်းသည် ကဆုန်လ
ထူးလှဂုဏ်ရောင်၊
ကဆုန်လပြည့် ပြိုမယောင်
မိုးတိမ်တောင် အလှတရား၊
ပွဲခါချိန် ညောင်ရေမိုး
သွန်းဖြိုးစေသား။

\- မြန်မာတွေ နှလုံးသား
အပြုံးများ ဝေဆာနေ၊
မွန်မြတ်စွာ ဆောင်ရွက်ပြု
ကောင်းမှုစုံပေ၊
ကဆုန်လ အေးချမ်းစေ
မြန်မာတွေ သဒ္ဒါပွား၊
ရွှင်လန်းစွာ ညောင်ရေပွဲ
ဆင်နွှဲစို့လား။ ။

**မောင်မျိုးချစ်(အညာမြေ)**

# နောင်ချိုမြို့နယ် ဘန့်ဘွေးကျင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**နောင်ချို ဧပြီ ၂၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ဘန့်ဘွေးကျင်းကျေးရွာ၌ ရေရရှိရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နောင်ချိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်ထွေးဝင်းနှင့် တာဝန်ရှိသူများက ဘန့်ဘွေးကျင်းကျေးရွာ၌ စိမ့်စမ်းရေသွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများအတိုင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဘန့်ဘွေးကျင်းကျေးရွာ၌ တစ်မိုင်လေးဖာလုံ စိမ့်စမ်းရေသွယ်တန်းခြင်း၊ ဂါလန် ၅၀၀၀ ဆံ့အုတ်ရေကန်တည်ဆောက်ခြင်း၊ အလျား ၂၅ ပေ၊ အနံသုံးပေ၊ အမြင့် ငါးပေရှိရေတားတမံတည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၆၄ ဒသမ ၅ သန်းဖြင့် ယခုလပထမပတ်မှစတင်၍ ဌာနက တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါ ၃၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း နောင်ချိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်ထွေးဝင်းထံမှ သိရသည်။

**မင်းမြင့်မိုရ်**

# ဂီတချစ်သူ

မိုးမြင့်တိမ်ဦး

**နိဒါန်း**

အမှန်အတိုင်းသာ ကြိုကြိုတင်တင်ဝန်ခံပါရစေ။ စာရေးသူဟာ ဂီတနဲ့ပတ်သက်လို့ ဆိုလည်း မဆိုတတ်ပါဘူး။ ဘာတူရိယာမှလည်း တစ်ခုမှ တီးတတ်မှုတ်တတ်တာမရှိပါဘူး။ ဆိုတာတီးတာ ဘာမှ မတတ်ဘဲနဲ့များ ဂီတချစ်သူဆောင်းပါးကို ဘာလို့ ရေးတာလဲ။ မေးချင်လည်းမေးပါ။ သာမန်တေးချစ်သူ သီချင်းဝါသနာရှင်တစ်ယောက်အနေနဲ့ တင်ပြလို့တော့ရတယ်မဟုတ်လား။ ဘယ်သူ့ကိုမှလည်း မထိခိုက်စေရပါဘူး။ ဘယ်သူဘယ်ဝါကိုမှလည်း ဝေဖန်ချင်လို့ရေးတာလည်းမဟုတ်ပါ။ စာဖတ်သူနဲ့ သိတာ၊ မြင်တာချင်း ဆွေးနွေးဖလှယ်ချင်တဲ့ သဘောသက်သက်ပါ။

စာဖတ်သူမှာလည်း လက်ကိုင်ဖုန်းတစ်လုံးလည်း ရှိမယ်။ ယူကျူနဲ့အခြားလိုင်းတွေလည်း သုံးတယ်ဆိုပါစို့။ အခုတင်ပြတဲ့ အဆိုတော် (မိမိလက်လှမ်းမီသမျှ၊ ကောက်ကာငင်ကာ နားထောင်မိတဲ့အထဲက စိတ်ထဲပေါ်လာတဲ့အမည်တွေကို အဘိဓာန်အက္ခရာစဉ်နဲ့ အစီအစဉ်တကျ ရှေ့နောက်စဉ်ပြီး ရေးချထားတာပါ။) နာမည်တွေက အသက်တို့၊ ဝါတို့ကျော်ကြားခြင်း၊ အောင်မြင်ခြင်း၊ ပရိသတ်လေးစားမှုရှိခြင်း၊ တန်ဖိုးထားအားပေးကြတဲ့ ပရိသတ်အနည်းအများ ဆိုတာတွေတော့ အထိုက်အလျောက်ကွာခြားကြမှာပါ။ ဓမ္မဓိဋ္ဌာန်ကျကျ အဘိဓာန်အက္ခရာစဉ်စနစ်နဲ့သာ ရှေ့နောက်စဉ်ထားခဲ့ခြင်းမို့ တော်ခြင်း၊ ညံ့ခြင်း၊ ကြိုက်ခြင်း၊ မကြိုက်ခြင်း စတဲ့ပုဂ္ဂိုလ်ရေး ဘက်လိုက်မှုလုံးဝမရှိခဲ့ပါဘူး။ စည်းကမ်းစနစ်နဲ့ပါပဲ။

နာမည်တွေကို အရေးတကြီးအလေးထားပြီး ဖော်ပြပေးနေတာက ဘာကြောင့်လဲ။ ဟာဗျာ လူမှာနာမည်က အရေးအကြီးဆုံးလို့စာရေးသူက ခံယူတဲ့လူလေ။ နာမည်ကိုတန်ဖိုးထားဆုံးပဲ။ နာမည်ဆိုတာ လေးစားရမည့်အရာလို့သာ မှတ်ယူထားလို့ အမည်နာမအရေးအတွက် တတ်နိုင်သမျှ ကကြီးမှ အ အထိ စုဆောင်းရှာဖွေတင်ပြပေးတာလေ။

**နာမည်**

နာမည်တွေသိရတော့ ဘာလုပ်ရမှာလဲ။

နားထောင်ပြီးသားဆိုရင် ပြီးတာပါပဲ။ ဘာမှ ထူးထူးခြားခြား အရေးမကြီးပါဘူး။ မကြားဖူးခဲ့ပါဘူး။ တစ်ခါမှ နားမထောင်ဖူးဘူးဆိုရင်တော့ နားထောင်ကြည့်လိုက်ပါလား။ မြန်မာသံ မြန်မာမှု၊ မြန်မာ့ဂီတကို နားဆင်ကြည့်ကြစေချင်တယ်လေ။ ဘာဖြစ်လို့လဲ။ မြန်မာနိုင်ငံသားတွေက မြန်မာဂီတလောက၊ မြန်မာတေးသီဆိုသူတွေ၊ တီးမှုတ်နေကြသူတွေကို အားပေးကြမှ ဖွံ့ဖြိုးရှင်သန်မှာမို့ပါ။ မိမိတို့လူမျိုးရဲ့ရိုးရာ ယဉ်ကျေးမှု ဂီတအနုပညာအမွေအနှစ်ကို စာဖတ်သူတို့၊ စာရေးသူတို့ တိုင်းရင်းသားတွေက အားမပေးတော့ဘူးဆိုရင် တိမ်ကောသွားနိုင်တာပေါ့။ ပပျောက်သွားနိုင်တာပေါ့။ ခေတ်ကာလအလျောက် ဂီတရေစီးကြောင်းကြီးကတော့ အချိန်နဲ့အမျှ စီးဆင်းနေပေမှာပဲ။ သို့ပေမယ့် ချောင်းရိုးမြောင်းရိုးလို သောင်ထွန်း၊ ကျွန်းပေါ်ပြီး ရေစီးကြောင်းကောသွားတာမဖြစ်စေရဘူး။ လူမျိုးရဲ့ ဂုဏ်ကို ထိန်းသိမ်းဖို့ရာ တန်ဖိုးမြင့်မားတဲ့ ဂီတ၊ ပန်းချီ၊ စာပေ စတဲ့အနုပညာတွေဟာ ရှင်သန်ခိုင်မာနေဖို့ အရေးမကြီးပေဘူးလားခင်ဗျာ။ အသေအချာ စဉ်းစားရမှာပါ။

**ရည်ရွယ်ချက်**

ဒီကနေ့ဖော်ပြတဲ့အမည်နာမ အဆိုတော်တွေဟာ နောင်တစ်ချိန်ဂီတသမိုင်းမှာ မှတ်တမ်းဝင်စေမယ့်အထောက်အထားစံချိန်တင်မယ့် သူတွေလည်း ဖြစ်ချင်ဖြစ်မှာပေါ့။ နာမည်နာမကို အလေးထား ဖော်ပြခြင်းက ကြားရသိရရင် မိတ်ဆက်ထားလို့ ကြားဖူး သိဖူးတော့ နားထောင်ကြည့်ဖြစ်မှာပေါ့။ မကြိုက်ရင်လည်းနေပါလေ။ ရပါတယ်။

ဘာဖြစ်လို့နာမည်တွေ ဖော်ပြမိတ်ဆက်ပေးနေတာလဲ။

ကြော်ငြာခရသလား။ မရပါဘူး။

ပွဲစားခရလို့လား။ မဟုတ်ပါဘူး။

ဒါဆိုဘာလို့ဖော်ပြနေရသေးလဲ။ မပါလည်း ရတာပဲ။

နာမည်မကျော်သေးသူလည်း ရှိပေလိမ့်ဦးမယ်။ မြန်မာသံ၊ မြန်မာမှု၊ မြန်မာ့ဂီတ၊ တေးသီချင်းကို သီဆိုနေကြသူများကိုတော့ တန်ဖိုးထား၊ လေးစား၊

> ❖ အနုပညာသမားကတော့ သူကအနစ်နာခံ၊ စွန့်လှူအပင်ပန်းခံပြီး ဖန်တီးခဲ့တဲ့စာပေ၊ ဂီတ၊ ပန်းချီ၊ တေးသီချင်း စတဲ့လက်ရာတစ်ခုခု သို့မဟုတ် လက်ရာဖန်တီးမှုများဟာ နောင်လာနောက်သား ဘာသာလူမျိုးမခွဲခြားဘဲ မွန်မြတ်တဲ့အမွေပေးဝေနိုင်ပေတယ်။ ဆေးရောင်မမှိန်တဲ့ ပန်းချီကားလိုပဲ။ မွေးရနံ့မပြယ်တဲ့ အနုပညာပန်းတွေဟာ အမြဲတစေ မွှေးပျံ့ထုံသင်းနေလို့ လူ့အဖွဲ့အစည်းကို နှစ်ပေါင်းများစွာ အလှဆင်နေနိုင်တယ်။ အင်မတန်တန်ဖိုးထား လေးစားစရာပါလား။ သိပြီနော်။ ဘယ်သူမဆို လူတိုင်းဟာ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားလေးစားတတ်ဖို့လိုပါတယ်။ ❖

အားပေးကြစေချင်တယ်။ ကြော်ငြာခလည်း မလိုပါ။ ပွဲခလည်းမလိုပါ။ နိုင်ငံတော်နဲ့ လူမျိုးအတွက် "ယဉ်ကျေးမှုစစ်မျက်နှာမှာ စေတနာ့ဝန်ထမ်းပါဝင်တာဝန်ယူတဲ့ တေးချစ်သူစစ်သည်တော်တစ်ယောက်နေရာ"က ရေးနေခြင်းသာဖြစ်ပါတယ်။ စေတနာ့ဝန်ထမ်း (Volunteer) လုပ်ဆောင်နေတာလေ။ ဘာ့ကြောင့်လဲ။ နိုင်ငံနဲ့ လူမျိုးကိုချစ်လို့ပါ။

ရည်ရွယ်ချက်က လူပုဂ္ဂိုလ်တွေနဲ့ ဆိုင်တယ်ဆိုပေမယ့် တကယ့်အနှစ်သာရ သက်ဆိုင်မှုက တေးသီချင်းလောက၊ ဂီတနယ်မြေ၊ အနုပညာ ကမ္ဘာဆိုတဲ့ (သက်မဲ့) အရာကို မတိမ်ကော မပပျောက်ရလေအောင် ရှင်သန်ထိန်းသိမ်းချင်တတ်တဲ့ "ပြည်သူအများရဲ့ တာဝန်သိစိတ်"ကို ထင်ဟပ်တင်ပြချင်တဲ့ ရည်ရွယ်ချက်စေတနာပါ။ ဒီလောက်ဖော်ပြရင် ရည်ရွယ်ချက်ကို သဲသဲကွဲကွဲ နားလည်နိုင်ပါပြီ။ ဒီအမည်နာမတွေထဲမှာ စာရေးသူနဲ့ ဆွေမျိုးတော်သူလည်းတစ်ဦးမှမပါပါဘူး။ သိကျွမ်းဖူးသူလည်း တစ်ယောက်မှမပါပါဘူး။ ဘာအကျိုးမှလည်းမမျှော်ကိုးပါဘူး။ မိမိတို့ရဲ့နိုင်ငံနဲ့ လူမျိုးကောင်းကျိုးကိုသာ မြတ်နိုးလေးစားစွာ ကောင်းကျိုးပြုချင်ပါတယ်။ ဒါပါပဲ။

**ဖော်ပြချက်**

ဖုန်းကိုနေ့စဉ်ပွတ်ဖြစ်တယ်။

ရုပ်ရှင်လည်း မကြည့်ပါဘူး။ ဘောလုံးပွဲတွေလည်း မကြည့်ဖြစ်ပါဘူး။ သတင်းလည်းနားမထောင်ဖြစ်ပါဘူး။ (သတင်းစာပဲ ဖတ်ပါတယ်)။ ဖုန်းလိုင်းထဲက အတင်းအဖျင်း၊ အပုတ်အခတ်တွေလည်း မကြည့်ပါဘူး။ အစာအဟာရဖြစ်စေမှာထက် အမှိုက်သရိုက်၊ အပုပ်အသိုး၊ အဆိပ်တွေက များနေတာကိုး။ ဝေးဝေးရှောင်ပါတယ်။

**အားကစား**

လက်ဝှေ့တော့ကြည့်ဖြစ်ပါတယ်။

အနောက်တိုင်းလက်ဝှေ့ကြိုးဝိုင်း။

ကမ္ဘာ့အဆင့်ဝိတ်တန်းအားလုံး (အဆင့်ရှစ်ဆင့်စလုံး) ချန်ပီယံရွှေတံဆိပ်ဒိုင်းဆုရတဲ့ ဖိလစ်ပိုင်နိုင်ငံသား မန်နီပတ်ကွီယို လက်ဝှေ့ပွဲတိုင်းအားပေးတယ်။ သူ့ရဲ့နည်းပြက အမေရိကန်က ဖရက်ဒီရို့ချ်ဖြစ်ပါတယ်။ ဂျပန်က နာအိုယာ၊ အီနိုဝေလည်းပွဲတိုင်းကြည့်ဖြစ်ပါတယ်။ သူ့ရဲ့နည်းပြက သူ့အဖေကိုယ်တိုင်ပါပဲ။

ယူကရိန်းက အလက်ဇန္ဒါးအူးဆစ်ကိုလည်း အမြဲတမ်းအားပေးတယ်။ သူ့ရဲ့နည်းပြကလည်း သူ့ဖခင်။

ရုရှားကဗီဇို၊ အမေရိကန်မှ တဲရင့်စ်၊ ကရောဖို့ဒ် (ရှုံးပွဲမရှိ) အားကစားသမားတစ်ယောက်ရဲ့ အမည်နာမဆိုတာ အောင်မြင်ရင်သူ့ရဲ့ ဂုဏ်သတင်းဟာ နိုင်ငံနဲ့လူမျိုးကို ဂုဏ်တက်အောင် ကောင်းကျိုးဆောင်နိုင်ပေတာပဲ။ ကမ္ဘာကျော်ဘောလုံးသမား လိုင်ယွန်နယ် မက်ဆီ (အာဂျင်တီးနား)၊ ခရစ်စတီယာနိုရော်နယ်ဒို (ပေါ်တူဂီ) စတဲ့ပုဂ္ဂိုလ်တွေကို ကြည့်လိုက်ပါ။ သူတို့ထူးထူးခြားခြား အပင်ပန်းခံလေ့ကျင့်ခဲ့လို့ ထူးထူးချွန်ချွန်တော်ကြလေတော့ လုပ်ခငွေကြေးသန်းပေါင်းများစွာရလို့ ချမ်းသာကြွယ်ဝကြတာနဲ့မပြီးသေးဘူး။ သူ့ရဲ့မိခင်နိုင်ငံဖြစ်တဲ့ အာဂျင်တီးနားနိုင်ငံတို့၊ ပေါ်တူဂီနိုင်ငံတို့ပါ ကမ္ဘာပေါ်မှာ ကလေးသူငယ်ကအစ လူတိုင်းကြားသိလေးစားနေကြတယ်လေ။

အားကစားနယ်ပယ်ဟာ နိုင်ငံပိုင်နက်နယ်မြေ နယ်နိမိတ်ကို ဖြတ်ကျော်နိုင်တဲ့ အတောင်ပံပါတယ်နော်။ စာပေ၊ ဂီတ၊ ပန်းချီဆိုတဲ့ အမျိုးသားယဉ်ကျေးမှုကလည်း အလားတူ အတောင်ပံပါတာပဲ။ နိုင်ငံနယ်နိမိတ်ကို ကျော်လွန်ပြီး ပြည်ပနိုင်ငံများစွာထိ ထိုးဖောက်ရောက်ရှိအောင်မြင်ကျော်ကြားနိုင်တာပဲ။ ဒါကို သိသလိုလိုနဲ့ မျက်ကွယ်ပြုထားလို့မရဘူး။ သိမှတ်ထားရမယ်။

**အနုပညာသမား**

နိုင်ငံရေးသမားဆိုတာ တိုင်းပြည်ရဲ့ကောင်းကျိုး၊ ဆိုးကျိုးကို သူလုပ်နိုင်တယ်။ နာမည်ကျော်ရင်လည်း အချိန်တစ်ခုသာပါပဲ။ ကောင်းကောင်း၊ ဆိုးဆိုးပါ။

အနုပညာသမားကတော့ သူကအနစ်နာခံ၊ စွန့်လှူအပင်ပန်းခံပြီး ဖန်တီးခဲ့တဲ့စာပေ၊ ဂီတ၊ ပန်းချီ၊ တေးသီချင်း စတဲ့လက်ရာတစ်ခုခု သို့မဟုတ် လက်ရာဖန်တီးမှုများဟာ နောင်လာနောက်သား ဘာသာလူမျိုးမခွဲခြားဘဲ မွန်မြတ်တဲ့ အမွေပေးဝေနိုင်ပေတယ်။ ဆေးရောင်မမှိန်တဲ့ ပန်းချီကားလိုပဲ။ မွှေးရနံ့မပြယ်တဲ့ အနုပညာပန်းတွေဟာ အမြဲတစေ မွှေးပျံ့ထုံသင်းနေလို့ လူ့အဖွဲ့အစည်းကို နှစ်ပေါင်းများစွာ အလှဆင်နေနိုင်တယ်။ အင်မတန်တန်ဖိုးထား လေးစားစရာပါလား။ သိပြီနော်။

ဘယ်သူမဆို လူတိုင်းဟာ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားလေးစားတတ်ဖို့လိုပါတယ်။ မိမိနေရာ၊ မိမိတာဝန်၊ မိမိဝတ္တရား၊ မိမိအရည်အသွေး၊ မိမိစွမ်းအားကို သေသေချာချာ သိထားရပါမယ်။ မွှေးပျံ့တဲ့သင်းထုံလှပတဲ့ နှင်းဆီပန်းကို နှင်းဆီပန်းလို့ မခေါ်ဘဲ အခြားအမည်ပြောင်းလဲခေါ်ဝေါ်ရင်လည်း ရပါတယ်။ သို့တစေ သူ့ရဲ့မွှေးရနံ့ကတော့ မပျောက်ပျက်ပါဘူးတဲ့။ ဟုတ်လား။

အနောက်တိုင်းကဗျာဆရာတစ်ဦး ရေးသီကုံးခဲ့တာ။ ဆိုထုံးစကားတောင်ဖြစ်ခဲ့ပါရဲ့နော်။

**ဂုဏ်သတင်း**

အနုပညာရှင်တွေဟာ မိမိရဲ့အရည်အချင်း၊ အရည်အသွေး၊ အနုပညာဂုဏ်သတင်းကို မိမိကိုယ်တိုင်က တန်ဖိုးထားလေးစားတတ်စေချင်ပါတယ်။ ဒါမှသာကျက်သရေရှိတယ်။ အစဉ်တစိုက် အရည်အသွေးတိုးတက်အောင်ဆည်းပူးလေ့လာ၊ လေ့ကျင့်၊ ဖန်တီးနေဖို့လည်းလိုတယ်။

ယခုဖော်ပြတဲ့ စာရေးသူလက်လှမ်းမီသမျှမှာ ဂီတလောက အဆိုတော်တွေစာရင်းမှာ ရှေ့ခေတ်ကာလဆိုရမယ့် ခင်ခင်ညွန့်၊ မေလှမြိုင်၊ မလှရွှေ၊ မာမာအေး၊ တင်တင်မြ၊ ချစ်စပယ်တို့မပါ။

ရှေ့ပိုင်းကာလ ခေတ်ပြားခေတ်နဲ့ အဖြူအမည်းရုပ်ရှင်ခေတ်က၊ ခင်မောင်ရင်၊ ပြည်လှဖေ၊ မောင်တင်မောင်၊ သုခ၊ မကြည်အောင်၊ မအေးမိ၊ လေဘာတီမြရင်၊ မေမေဝင်း၊ ကြည်ကြည်ဌေး၊ တင်တင်မူတို့မပါ။ ထားပါတော့။

ယနေ့ခေတ်မှာ မြင်နေ၊ ကြားနေကြရတဲ့ လက်ရှိအဆိုကျော်များ၊ ဆိုင်းနဲ့ဖြစ်စေ၊ တီးဝိုင်းနဲ့ဖြစ်စေ၊ သီဆိုနေကြတဲ့သူတွေ စာရင်းနမူနာပါ။ ပြည့်စုံတယ်တော့ မဟုတ်ပါ။ ပြည့်စုံခြုံငုံအောင် ဖော်ပြရင် ခုဂဏန်း၊ ဆယ်ဂဏန်းနဲ့ မရနိုင်ဘူး။ ငါးရာတစ်ထောင်ရှိပေလိမ့်မယ်။

**ယနေ့ခေတ်**

အမည်အကုန်ပါတဲ့ စာရင်းတော့ မဟုတ်ပါ။

နမူနာသဘောအကျဉ်းမျှသာပေါ့ ခင်ဗျာ။

ကျန်ရစ်သူများခွင့်လွှတ်ပြီး ဖြည့်ကြည့်ပါ။

ကျောက်ပန်းတောင်းခင်စိုးဦး၊ ခက်ခက်မိုးဦး၊ ခင်မောင်တိုး၊ ခင်မိုးပန်းချီ၊ ခင်ရတနာစိုး၊ ခိုင်ရွှေဝါ၊ ချယ်ရီသင်း၊ ဂျူဝယ်၊ စိုးစန္ဒာထွန်း၊ စိမ့်နေခြည်၊ ဆွေဆွေမြင့်(မြို့မ)၊ ထက်ထက်စိုးစံ၊ နီနီဝင်းရွှေ၊ နေခြည်၊ နိုနို၊ နိုရာ၊ နှင်းပွင့်ဖြူ၊ နှင်းရည်သန့်၊ ဖော်ဝေး၊ ဗညားဟန်၊ ဗီဗာဟိန်း၊ မနော၊ မေဆွိ၊ မေသဇင်၊ မေသက်ထားဆွေ၊ မေသွန်းခါ၊ မိုးကျော်လှိုင်၊ မြင့်မြင့်ဇော်၊ ရဲမြင့်မြတ်၊ ရီရီသန့်၊ ရွှေစင်ရုပ်လွှာ၊ ရွှေရုပ်လေး၊ ရွှေနန်းထက်၊ ရွှေဖူးသွယ်၊ ရွှေဖြူ၊ ရွှေမွန်၊ ရွှေမှော်(အဆိုးလေး)၊ ရွှေရည်လင်းလက်၊ ရွှေရည်သိန်းတန်၊ ရွှေယမင်းဦး၊ ရှင်းသန့်ဇင်၊ ရွှန်းလဲ့မေ၊ ဝိုင်းလမင်းအောင်၊ သဟာအောင်၊ သူဇာအောင်၊ သဲနုဝါ၊ သုန်နန္ဒီ၊ ဟေမာနေဝင်း၊ အိသက်ထားမွန်၊ အိသန္တာမွန်၊ အိအိချွန်၊ အေသင်ချိုဆွေ၊ အေးမြဖြူ၊ အေးမြသူ၊ အေးမြတ်မွန် (ချိုမိုင်မိုင်)။

**နိဂုံး**

အနုပညာသမားဆိုတာ ကြည့်ရှုနားဆင်အားပေးကြတဲ့ ပရိသတ်အင်အားကို အားပြုကြရတာပါ။ ချစ်ခင်အားပေးကြစေလိုတယ်။ အနုပညာနဲ့ ပရိသတ်ဆိုတာ အပြန်အလှန် လေးစားတန်ဖိုးထားပြီး ချစ်ချစ်ခင်ခင် အကျိုးပြုနေကြရမှာပါ။

# ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲကေအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီး



ပွင့်ဖြူ မေ ၂၇

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲကေအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မြေပဲ ၃၁၆၉ ကေ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ မြေပဲစိုက်ခင်းများကို ဒေသခံတောင်သူများက ယခုနှစ် ဇန်နဝါရီလပထမပတ်မှ စတင်နုတ်သိမ်းဆောင်ရွက်ခဲ့ရာ ယနေ့တွင် မြေပဲကေအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၅၄ ဒသမ ၆ တင်း ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ မြေပဲ ၃၁၆၉ ကေ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ မြေပဲစိုက်ခင်းတွေကို လက်ရှိမှာ ကေအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ မြေပဲကို တစ်နှစ်ထက် တစ်နှစ် တိုးချဲ့စိုက်ပျိုးတာတွေ ရှိလာပါတယ်။ တောင်သူတွေကိုလဲ မြေပဲ စိုက်ပျိုးရာမှာ အထွက်နှုန်းများ တိုးတက်စေဖို့ မျိုးကောင်းမျိုးသန့်တွေ ရရှိအောင်၊ GAP နည်းစနစ်နဲ့အညီ စိုက်ပျိုးနိုင်အောင်၊ ပိုးမွှားရောဂါကင်းရှင်းအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးပါတယ်။ နောက်ပြီး မြေပဲနုတ်သိမ်းတာနဲ့ ပတ်သက်ပြီး အထွက်နှုန်း လျော့နည်းမှုမဖြစ်အောင် အချိန်မီ နုတ်သိမ်းကြဖို့နဲ့ နုတ်သိမ်းပြီး မြေပဲများကို အမိုးအကာအောက်သို့ စနစ်တကျ ထားသိုသိမ်းဆည်းကြဖို့ အသိပညာပေးတာတွေ လုပ်ဆောင်ပေးခဲ့ပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

မြေပဲကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ပြည်တွင်း စားသုံးဆီဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင် ( ညောင်ဦး )**

# မနုဖြူမြို့နယ်တွင် ဒေသထွက်ခဝဲသီးများ အရောင်းအဝယ်ကောင်းမွန်နေ

မနုဖြူ မေ ၂၇

ရောဝတီတိုင်းဒေသကြီး မနုဖြူမြို့နယ်တွင် ဒေသထွက်ခဝဲသီးများ ဝယ်ယူအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း မနုဖြူမြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြ၍ သိရသည်။

မနုဖြူမြို့နယ်တွင် ဒေသထွက်ခဝဲသီးများ ကုန်စိမ်းဈေးကွက်တွင် ယခုနှစ် ဧပြီလ ဒုတိယအပတ်မှ စတင်ပြီး ယနေ့တိုင် အရောင်းအဝယ်ကောင်းမွန်နေပြီး လက်ရှိ တစ်ရက်လျှင် ခဝဲသီးအလုံးရေ ၂၅၀၀၀ မှ ၄၀၀၀၀ ထိ ဝယ်ယူမှု အားကောင်းလာပြီး အရောင်းအဝယ် ကောင်းနေကြောင်း၊ အဆိုပါ ခဝဲသီးအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၂၇၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဒီဘက်ကနေထွက်တဲ့ ခဝဲသီးတွေကို အခြားမြို့နယ်တွေက ဝယ်ယူအားများနေတာပါ။ လက်ရှိ ခဝဲသီးအလုံးရေ ၄၀၀၀၀ ထိ တစ်ရက်တာ အရောင်းအဝယ် ဖြစ်နေပါတယ်။ ဒေသထွက်ကုန်ဖြစ်တော့ သက်သာပြီးသန့်ရှင်း လတ်ဆတ်တဲ့ စားသောက်ကုန်တွေကို စားသုံးနိုင်မှာဖြစ်ပါတယ်။ အခုလို ဒေသထွက်ကုန်ခဝဲသီးတွေ ဝယ်ယူမှု အားကောင်းလာတော့ ဟင်းသီးဟင်းရွက် စိုက်ပျိုးတဲ့ တောင်သူတွေ ပိုမိုအဆင်ပြေလာပါတယ်"ဟု မနုဖြူမြို့နယ် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြသည်။



မနုဖြူမြို့နယ်တွင် လက်ရှိ ခဝဲသီးများ အပါအဝင်ဒေသထွက် ရာသီကုန် ဟင်းသီးဟင်းရွက်များ ပေါ်နေသည့်အချိန် ဖြစ်ကြောင်း၊ အဆိုပါ ခဝဲသီးများ ဝယ်ယူမှု အားကောင်း အရောင်းသွက်လာသည့်အတွက် ထပ်မံတိုးချဲ့ စိုက်ပျိုးရန် ပြင်ဆင်နေကြောင်း၊ သိရသည်။ **ကျော်ကျော်လင်း**

# လှည်းကူးမြို့နယ် အင့်ကန့်လန့်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

လှည်းကူး မေ ၂၇

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးခရိုင် လှည်းကူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြာအင်းကျေးရွာအုပ်စု အင့်ကန့်လန့်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို မေ ၂၆ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လှည်းကူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာစိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းတွင် လိုက်နာရမည့် မူဘောင်များနှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းကော်မတီဝင်များ ရွေးချယ်ရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ တာဝန်ဝတ္တရားများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့်တာဝန်ရှိသူများက ကျေးရွာတာဝန်ရှိသူများနှင့်အတူ အင့်ကန့်လန့်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး အတွက် ကျေးရွာသူ၊ ကျေးရွာသားများ၏ အများ သဘောဆန္ဒနှင့်အညီ စီမံကိန်း ကော်မတီဝင် ခုနစ်ဦးကို ရွေးချယ် ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ ၂၀၂၆ – ၂၀၂၇ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများကို အသုံးပြု၍ တစ်နိုင်တစ်ပိုင် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အထွေး**

# ဖာပွန်မြို့နယ် တံတားဦးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ဖာပွန် မေ ၂၇

ကရင်ပြည်နယ် ဖာပွန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ ဖာပွန်မြို့နယ် တံတားဦးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖာပွန်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဦးကိုကိုနှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ တံတားဦးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် လအလိုက်ဖြည့်သွင်းရသည့် စာရင်းဇယားများ ဖြည့်သွင်းထားရှိမှု၊ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်မှု ရှိ၊ မရှိ အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ တံတားဦးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ငွေကျပ် သန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၃၅ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၃၄ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၀ ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၇၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၁၅ သိန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ဖာပွန်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **ကိုသက်**

# မိုင်းရှူးမြို့နယ် နမ့်ဖတ်ကျေးရွာ၌ Slab Culvert များတည်ဆောက်နေမှု စစ်ဆေး

မိုင်းရှူး မေ ၂၇

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးခရိုင် မိုင်းရှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နမ့်ဖတ်ကျေးရွာ၌ ကုန်ထုတ်လမ်းပေါ်တွင် Slab Culvert များ တည်ဆောက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်သီတာဟန်နှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက နမ့်ဖတ်ကျေးရွာ ကုန်ထုတ်လမ်းပေါ်၌ အလျား ငါးပေ၊ အနံ ၂၂ ပေ၊ အမြင့် ငါးပေရှိ Slab Culvert သုံးစင်း တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လုပ်ငန်းများအချိန်မီ ပြီးစီးရေးနှင့် စံချိန်စံညွှန်းပြည့်မီရေး အလေးထားဆောင်ရွက်ရန် မှာကြားခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ လုပ်ငန်းများကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် သိန်း ၂၇၀ ဖြင့် ယခုနှစ် ဧပြီလတတိယပတ်မှ စတင်၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းနှင့် ကျေးရွာသူ၊ ကျေးရွာသားများ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ယခုအခါလုပ်ငန်းများ၂၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက အဆိုပါကျေးရွာရှိ အိမ်ခြေ ၅၈ အိမ်၊ လူဦးရေ ၃၆၀ တို့၏ စိုက်ပျိုးမြေ ၃၃၉ ဧကမှ ထွက်ရှိသောသီးနှံများကို ရာသီမရွေးလွယ်ကူလျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်မည် ဖြစ်ကြောင်း မိုင်းရှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **ချိုသန်းညွန့်**

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

**ငွေပုလဲသိ**

# ကောင်းမြတ်သော အစဉ်အလာများကို လက်ဆင့်ကမ်းထိန်းသိမ်းကြပါစို့

❖ ညောင်ရေသွန်းသည့်ဓလေ့သည် မြန်မာလူမျိုးတို့တွင်သာ ရှိသည့်ဂုဏ်ယူဖွယ်ရာ မြန်မာ့ရိုးရာပွဲတော်စစ်စစ်ဖြစ်သည်။ ကဆုန်လပြည့်နေ့တွင် ရေအိုးကိုယ်စီရွက်၍လည်းကောင်း၊ တချို့မှာ ဆိုင်းထမ်းများထမ်း၍လည်းကောင်း၊ ဗောဓိညောင်ပင်ရှိရာသို့သွား၍ ရေစင်သွန်းလောင်းကြသည်မှာ ယဉ်ကျေးသိမ်မွေ့ကျက်သရေပြည့်ဝလှသော မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာအသွင်သဏ္ဌာန်ပင်ဖြစ်သည်။ ညောင်ရေသွန်းပွဲတော်များကို ပုဂံ၊ ပင်းယ၊ အင်းဝခေတ်ကပင် ဆင်နွှဲခဲ့ကြောင်း အထောက်အထားများအရသိရသည်။ ခေတ်အဆက်ဆက်တွင်လည်း ရှေးစာဆိုများက ညောင်ရေသွန်းလောင်းပုံများကို စာပေဖြင့် မှတ်တမ်းပြုခဲ့ကြသည်။ ❖

"တစ်ပုံတစ်ခန်း၊ ကဆုန်ဆန်းဖို့ ယုန်စန်းငွေလ၊ စန္ဒရနှင့် ပုဏ္ဏားတာရာ၊ ကြယ်ဝိသာလည်း၊ အာကာမြင့်ခေါင်၊ ကွန်ရွှန်းငယ်ပြောင်သည်၊ တိမ်မှောင်ကြွေလို့ လင်းတော့တယ်"ဟု ကဆုန်လ၏ သာယာပုံကို စာဆိုဦးကြင်ဥက ဖော်ကျူးခဲ့သည်။ မြန်မာ့ဆယ့်နှစ်လရာသီတွင် ဒုတိယမြောက်လဖြစ်သည့် ကဆုန်လတွင် သုံးလောကထွတ်ထား၊ သဗ္ဗညုမြတ်စွာဘုရားရှင်၏ ထူးခြားသောဖြစ်တော်စဉ်လေးရပ်ဖြစ်သည့် ဗျာဒိတ်တော်ခံယူတော်မူသည့်နေ့၊ ဖွားမြင်တော်မူသည့်နေ့၊ ဘုရားဖြစ်တော်မူသည့်နေ့နှင့် ပရိနိဗ္ဗာန်စံဝင်တော်မူသည့်နေ့တို့ဖြစ်သည့်အတွက် ကဆုန်လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးတို့၏ အမြတ်ဆုံးနေ့အဖြစ် မှတ်ယူကြခြင်းဖြစ်သည်။

ဗုဒ္ဓဘာသာဝင်များက မြတ်စွာဘုရားရှင်အား ရည်မှန်းအာရုံပြု၍ "ကဆုန်လပြည့် (ဗုဒ္ဓနေ့) ညောင်ရေသွန်းပွဲတော်" ကို အစဉ်အလာအရ ကျင်းပကာ ရိုးရာပွဲတော်အဖြစ် သတ်မှတ်လာခဲ့သည်မှာ ယနေ့ထိတိုင်ပင်ဖြစ်ပေသည်။ ဘုရားရှင်သည် ဤနေ့ ဤအခါ၌ သဗ္ဗညုတရွှေဉာဏ်တော်ကို ရတော်မူရန်အတွက် ဗောဓိညောင်ပင်အားအမှီပြု၍ တရားအားထုတ်တော်မူခဲ့သည်။ မဟာဗောဓိညောင်ပင်ဆိုသည်မှာ ဘုရားလောင်း သိဒ္ဓတ္ထမင်းသား ဖွားမြင်တော်မူသောနေ့တွင် အတူတကွ ဖြစ်ထွန်းပေါ်ပေါက်ခဲ့သည့် ဖွားဖက်တော်ခုနစ်ပါးတွင် တစ်ပါးအပါအဝင်ဖြစ်သကဲ့သို့ သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်ရှိစေရန် များစွာအထောက်အကူပြုခဲ့သည်။ ထို့ကြောင့် ဗောဓိညောင်ပင်သည် ပူဇော်ထိုက်သည့် ထူးမြတ်သော သစ်ပင်ဖြစ်ခြင်း၊ ဂုဏ်အားဖြင့် ကြီးမြတ်သည့် သဘောရှိသည့်အတွက် မဟာဗောဓိညောင်ပင်ဟု ခေါ်ဝေါ်ကြခြင်းဖြစ်သည်။

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေစဉ် အနာထပိဏ်သူဌေးကြီးက ရှင်အာနန္ဒာမထေရ်မြတ်မှတစ်ဆင့် ဘုရားရှင်သို့ လျှောက်ထားစေသည်မှာ "ဘုရားရှင်အား ကြည်ညို၍ လာရောက်ဖူးမြော်ကြသည့်ပုဂ္ဂိုလ်များ ဇေတဝန်ကျောင်းတော်၌ ဘုရားရှင်မရှိသည့် အချိန်နှင့် ကြုံချိန်တွင် မည်သည်ကို ပူဇော်ကြည်ညိုနိုင်ကြောင်း" လျှောက်ထားခဲ့ရာ ဘုရားရှင်က "ငါဘုရားရှင် ပရိနိဗ္ဗာန် စံဝင်တော်မူပြီးနောက် ဓာတ်တော်ရတနာများဖြစ်သော သာရီရိကစေတီ၊ အသုံးအဆောင်များဖြစ်သော သပိတ်၊ သင်္ကန်းစသည့်ပရိဘောဂစေတီ၊ ဘုရားရှင်အား ရည်မှတ်သွန်းထုထားသော ဥဒ္ဒိဿစေတီများအား ကိုးကွယ်နိုင်ကြပေသည်။ ဘုရားရှင် သစ္စာတရားလေးပါးကို ပိုင်းခြားသိမြင်တော်မူသော မဟာဗောဓိညောင်ပင်သည်လည်း စေတီမည်၍ ဖူးမြော်ကိုးကွယ်ပူဇော်နိုင်ကြသည်"ဟု မိန့်ကြားတော်မူသည်။ ထို့ကြောင့် မြန်မာတို့သည် မဟာဗောဓိညောင်ပင်ကို ပရိဘောဂစေတီအဖြစ် ထည့်သွင်းသတ်မှတ် ညောင်ရေသွန်းလောင်းပူဇော်ကြခြင်း၊ မြင့်မြတ်သော သစ်ပင်အဖြစ် အလေးအမြတ်ထားကြခြင်းဖြစ်သည်။

မြန်မာ့သမိုင်းတွင် အစောဆုံး ဗောဓိညောင်ပင်ကို အေဒီ ၁၀၄၄ ခုနှစ်တွင် နန်းတက်သော အနော်ရထာမင်းမြတ်က စိုက်ပျိုးသည်။ မထေရ်မြတ်ရှင်အရဟံနှင့်အတူ ပင်းယမြို့သို့ သွားရောက်ပြီး ထေရဝါဒဗုဒ္ဓသာသနာထွန်းကားခြင်း အထိမ်းအမှတ်အဖြစ် စိုက်ပျိုးခြင်းဖြစ်သည်။ ပုဂံခေတ်မှာပင် အေဒီ ၁၁၇၃ တွင် နန်းတက်သော နရပတိစည်သူမင်းသည် ဆရာတော်အရှင် မဟာကဿပမထေရ်မြတ် သီရိလင်္ကာမှ ယူဆောင်လာသော မဟာဗောဓိညောင်မျိုးစေ့ကို လက်ခံပြီးစိုက်ပျိုးသည်။ ပင်းယခေတ် ဥဇနာမင်းသည် အေဒီ ၁၃၄၀ ပြည့်နှစ်တွင် မဟာဗောဓိညောင်ပင်စိုက်ပျိုးခဲ့ပြီး အင်းဝခေတ် နရပတိဘုရင်သည် အေဒီ ၁၄၄၂ တွင်လည်းကောင်း၊ မဟာသီဟသူရသည် အေဒီ ၁၄၆၈ တွင်လည်းကောင်း သီရိလင်္ကာမှရရှိခဲ့သော မဟာဗောဓိညောင်ပင်ပျိုများကို စိုက်ပျိုးခဲ့သည်။

ဓမ္မစေတီမင်းလက်ထက်တွင် သီရိလင်္ကာမှ ရရှိသော မဟာဗောဓိညောင်ပင်မျိုးစေ့များကို ရွှေတိဂုံစေတီတော် အနောက်မြောက်ဘက်တွင် စိုက်ပျိုးခဲ့သည်။ ထိုနေရာကို ယနေ့အချိန်ထိ ဗောဓိကုန်းဟု ခေါ်တွင်သည်။ ကုန်းဘောင်ခေတ် ဘိုးတော်ဘုရားသည် မင်းကွန်းဘုရားကြီး၏ ပရိဝုဏ်အတွင်း၌ ဗုဒ္ဓဂါယာမှရရှိသော မဟာဗောဓိညောင်ပင်ပျိုနှစ်ပင်ကို အခမ်းအနားဖြင့် စိုက်ပျိုးတော်မူသည်။ ရတနာပုံခေတ် မင်းတုန်းမင်းတရားကြီးလက်ထက် အေဒီ ၁၈၆၀ ခုနှစ်တွင် သီရိလင်္ကာမှရရှိသော မဟာဗောဓိညောင်ပင်ပျိုများကို မန္တလေးနန်းတော်တောင်ဘက် ယခု ဗောဓိကုန်းဟု ခေါ်တွင်ရာနေရာတွင် စိုက်ပျိုးသလို ကျောက်တော်ကြီးဘုရား၏ ထောင့်လေးထောင့်တွင်လည်း စိုက်ပျိုးခဲ့သည်။

ရွှေတိဂုံစေတီတော် အနောက်မြောက်ထောင့်တွင်ရှိသော ဗောဓိညောင်ပင်ကို မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိသည့် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်တွင် စိုက်ပျိုးခဲ့ခြင်းဖြစ်သည်။ ၎င်းဗောဓိညောင်ပင်တစ်ပိုက်တွင် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ၁၉၇၅ ခုနှစ်ခန့်က စိုက်ပျိုးခဲ့သော ဗောဓိညောင်ပင် ရှိသည်။ ထိုညောင်ပင်ကို ကဆုန်လပြည့်နေ့ရောက်တိုင်း ညောင်ရေသွန်းလောင်းကြသည်။ ကမ္ဘာအေး သီရိလင်္ကာဗောဓိညောင်ပင်၊ မဟာဝိဇယစေတီနှင့် ရွှေတိဂုံကုန်းတော်ရှိ လွတ်လပ်ရေးဗောဓိညောင်ပင်တို့မှာ ထင်ရှားသည့်ဗောဓိညောင်ပင်များဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့အနီးတွင် ဗောဓိညောင်ပင်ပျို ၁၀၀၀ စိုက်ပျိုးရာမှ ထိုနေရာအား ဗောဓိတစ်ထောင်ဟုခေါ်တွင်ကာ ယနေ့ထိ အမည်တွင်ထင်ရှားကျော်ကြားလျက်ရှိသည်။ မြန်မာနိုင်ငံတွင်ဗောဓိညောင်ပင်စိုက်ပျိုးသောဓလေ့မှာ မျက်မှောက်ခေတ်ထိ ဆက်လက်ရှင်သန်ဆဲဖြစ်သည်။

ကဆုန်လပြည့်နေ့ ညောင်ရေသွန်းလောင်းခြင်းသည် အပါယ်တံခါးပိတ်သည်ဟု အယူအဆရှိပြီး ညောင်းကိုင်းကို ဝါးလုံးနှင့် ညောင်ထောက်ပါက အသက်ရှည်သည်ဟု အယူအဆရှိကြသည်။ မြေခတ်တွင် ရေခန်းသည့် ကဆုန်လကဲ့သို့သော နွေကာလတွင် မဟာဗောဓိညောင်ပင်များကို ကဆုန်ညောင်ရေသွန်းလောင်းခြင်းသည် မဟာဗောဓိညောင်ပင်များ စိမ်းလန်းစိုပြည်၍ အခက်အလက်တို့ ဝေဆာစေခြင်း၊ သက်တမ်းရှည်စေခြင်းနှင့် သက်တော်ထင်ရှားရှိသော ဘုရားရှင်အား ပူဇော်ရာရောက်ခြင်းတို့ကြောင့် တည်ငြိမ်အေးချမ်း၍ သာယာဝပြောသော နိုင်ငံအဖြစ် တည်ရှိစေရုံသာမက နိုင်ငံသူ၊ နိုင်ငံသားများအားလုံးကိုလည်း နှလုံးစိတ်ဝမ်းအေးချမ်းစေလျက် တူညီသောအကျိုးတရားများကို ဖြစ်ထွန်းစေမည်ဖြစ်သည်။

ကဆုန်လပြည့်နေ့သည် ဗုဒ္ဓဘာသာသမိုင်းတွင် ထူးခြားမွန်မြတ်သည့် နေ့ထူးနေ့မြတ်ဖြစ်ကြောင်းကို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့က ၁၉၉၉ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် ကျင်းပခဲ့သည့် အထွေထွေညီလာခံ၌ ကဆုန်လပြည့်(ဗုဒ္ဓနေ့)ကို "နိုင်ငံတကာ ဝိသာခါ အခါတော်နေ့" ဟု ဆုံးဖြတ်ချက်ထုတ်ပြန်ခဲ့သည်။ ထိုဆုံးဖြတ်ချက်အရ ဗုဒ္ဓဘာသာဝင်တို့အတွက် လေးစားဂုဏ်ယူဖွယ်ရာ နိုင်ငံတကာရုံးပိတ်ရက် တစ်ရက်အဖြစ် သတ်မှတ်ခဲ့သည်။ ကဆုန်လပြည့်နေ့တွင် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်းသည် ကမ္ဘာ့လူသားတို့အတွက် အလိုအပ်ဆုံးသော ကာယ၊ စိတ္တနှစ်ဖြာသုခကို ပေးစွမ်းနိုင်ခြင်း၊ မေတ္တာစွမ်းအားဖြင့် ဓမ္မက အဓမ္မကို အနိုင်ယူခဲ့သော မြတ်ဗုဒ္ဓဘုရားရှင်၏ ကျေးဇူးတော်ကို အမှူးပြု၍ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုအပေါ် ပေးစွမ်းထောက်ကူနိုင်သော လက္ခဏာများဖြင့် ပြည့်စုံသော ကောင်းကျိုးအမှတ်အသားများ ရှိခြင်းတို့ကြောင့် ထိုသို့ သတ်မှတ်ခြင်းခံခဲ့ရသည်။

ကဆုန်လသည် အပူခတ်လွန်ကဲသော ကာလဖြစ်သည့်အတွက် အင်း၊ အိုင်များ ရေအခန်းခြောက်ဆုံးအချိန်ဖြစ်သည်။ သစ်ပင်ပန်းမန်များ ညှိုးနွမ်းခြောက်သွေ့ခြင်း မရှိစေရန်အတွက် မိုးရွာသွန်းစေရန် တောင်းဆုပြုသည့်ဆန္ဒများ ပါရှိပေသည်။ ရမည်းသင်းမင်းတရားကြီးလက်ထက်တွင် ကဆုန်လ၌ မိုးမရွာ၍ အိပ်မက်မြင်မက်ရာ၊ ထိုအိပ်မက်ထဲကအတိုင်း ပတ္တမြားစေတီဘုရား၌ ညောင်ရေသွန်းလောင်းခြင်းကိစ္စကို စီရင်ခဲ့ရာ မိုးသည်းထန်စွာရွာချခဲ့ကြောင်းနှင့် မိုးခေါင်ရေရှားသော အရပ်များတွင် မိုးကြီးရွာချစေရန် ညောင်ရေသွန်းလောင်းသော ဓလေ့ရှိခဲ့ကြောင်း လေ့လာသိရှိရသည်။

ညောင်ရေသွန်းသည့်ဓလေ့သည် မြန်မာလူမျိုးတို့တွင်သာရှိသည့် ဂုဏ်ယူဖွယ်ရာ မြန်မာ့ရိုးရာပွဲတော်စစ်စစ်ဖြစ်သည်။ ကဆုန်လပြည့်နေ့တွင် ရေအိုးကိုယ်စီရွက်၍လည်းကောင်း၊ တချို့မှာ ဆိုင်းထမ်းများ ထမ်း၍လည်းကောင်း၊ ဗောဓိညောင်ပင်ရှိရာသို့သွား၍ ရေစင်သွန်းလောင်းကြသည်မှာ ယဉ်ကျေးသိမ်မွေ့ ကျက်သရေပြည့်ဝလှသော မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာအသွင်သဏ္ဌာန်ပင်ဖြစ်သည်။

ညောင်ရေသွန်းပွဲတော်များကို ပုဂံ၊ ပင်းယ၊ အင်းဝခေတ်ကပင် ဆင်နွှဲခဲ့ကြောင်း အထောက်အထားများအရ သိရသည်။ ခေတ်အဆက်ဆက်တွင်လည်း ရှေးစာဆိုများက ညောင်ရေသွန်းလောင်းပုံများကို စာပေဖြင့် မှတ်တမ်းပြုခဲ့ကြသည်။ ပင်းယခေတ်တွင်ရေးသားသည့် ပြည်မင်းမျက်နှာရှည်ကာချင်းတွင် "စံကားဝတ်စုံမြေ၊ သွန်းညောင်ရေထုံး လေတန့်စကူး၊ နွေလဆန်း၊ ဆန်းလဦး၊ ဝတ်ဆံရွှေသား၊ စံကားပွင့်လှဦး" ဟူ၍ ရေးထိုးထားကြောင်း တွေ့ရသည်။ ကုန်းဘောင်ခေတ်သို့ ရောက်သော စာဆိုတော် လက်ဝဲသုန္ဒရအမတ်ကြီး၏ မဲဇာတောင်ခြေချီရတုတွင် "ပွဲခါညောင်ရေ၊ သွန်းမြဲပေတည့်၊ ရှိသေသဒ္ဓါ၊ ထုံးစဉ်လာဖြင့်၊ မဲဇာရပ်သူ၊ တောင်းဆုယူသည်" ဟု ထည့်သွင်းဖွဲ့ဆိုခဲ့သည်။

ကဆုန်လမြတ်၏ ရာသီပန်းမှာ ထုံသင်းပျံ့သောရနံ့ရှိသည့် "စံကားပန်း" ဖြစ်သည်။ စံကားပန်းလေးများသည် အဖြူရောင်၊ အဝါရောင် အမျိုးမျိုးရှိကြသည်။ ကဆုန်လကို ပုဂံခေတ်ကျောက်စာများတွင် ကဆုန်၊ ကုဆုန်ဟူ၍ နှစ်မျိုးရေးသားကြသည်။ က၊ ကုတို့သည့် ရေဟုအဓိပ္ပာယ်ရ၍ ဆုန်သည် သွန်းလောင်းသည်ဟု အဓိပ္ပာယ်ရသည်။ ထို့ကြောင့် ကဆုန်လဆိုသည်မှာ ရေသွန်းလဟု ဆိုလိုသည်။

ကဆုန်လပြည့်နေ့တွင် ကဆုန်ညောင်ရေသွန်းလောင်းပွဲ အခမ်းအနားကျင်းပခြင်းအပြင် အမြို့မြို့အနယ်နယ်တွင် ဗုဒ္ဓနေ့အထိမ်းအမှတ်အဖြစ် သံဃာတော်များကို လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နေ့ဆွမ်းဆပ်ကပ်လှူဒါန်းခြင်း၊ ဗုဒ္ဓနေ့အထိမ်းအမှတ် စာတမ်းဖတ်ပွဲကျင်းပခြင်း၊ ဆီမီးတိုင်များ ကိုင်ဆောင်၍ လှည့်လည်ပူဇော်ခြင်း၊ ဓမ္မသဘင်ဆင်ယင်ကျင်းပခြင်း စသည့်အခမ်းအနားများကို စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် ပြုလုပ်ပူဇော်၍ ကုသိုလ်ကောင်းမှုပြုကြပါသည်။

ကံ ကံ၏အကျိုးကို သက်ဝင်ယုံကြည်သည့်အတိုင်း ကောင်းမှုမြတ်နိုးကာ ကောင်းမှုပြုလုပ်သူတိုင်းအတွက် ကောင်းသောအကျိုးတရားများ တိုးပွားရရှိနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် မင်းကောင်းမင်းမြတ်အဆက်ဆက်တို့၏ သာသနာတော်ကို စောင့်ရှောက်ထိန်းသိမ်းမှုကြောင့် ယနေ့တိုင်ကမ္ဘာတွင် မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓသာသနာတည်တံ့ခိုင်မြဲရှည်ကြာသော နိုင်ငံအဖြစ် ဂုဏ်ယူဖွယ်တည်ရှိနေခြင်းဖြစ်ပေသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံသူ၊ နိုင်ငံသားတို့သည် မြတ်ဗုဒ္ဓ၏ အဆုံးအမများနှင့် ထုံမွှမ်းနေသော ကောင်းမြတ်သည့် အစဉ်အလာ ဓလေ့ထုံးတမ်းများကို လက်ဆင့်ကမ်း ထမ်းဆောင်ကာ နိုင်ငံအကျိုး၊ သာသနာအကျိုးပြု၍ မတူကွဲပြားမှုများအကြား ညီညီညွတ်ညွတ်ဖြင့် နိုင်ငံတော်တည်ငြိမ် အေးချမ်းဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အုတ်တစ်ချပ်သဲတစ်ပွင့်အဖြစ် ပါဝင်ထမ်းဆောင်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား**

**-နေ့စဉ်ထုတ်သတင်းစာများ**

# ဂျပန်နိုင်ငံ ဟော့ကိုင်းဒိုးတွင် ပြင်းအား ၆ ဒသမ ၁ မဂ္ဂနီကျူအဆင့်ရှိသော ငလျင်လှုပ်ခတ်မှု ဖြစ်ပွားခဲ့ပြီးနောက် နောက်ဆက်တွဲငလျင်များလှုပ်ခတ်နိုင်သဖြင့် ဒေသခံများကိုသတိပေးထား



**တိုကျို မေ ၂၇**

ဂျပန်နိုင်ငံ ဟော့ကိုင်းဒိုးတွင် ပြင်းအား ၆ ဒသမ ၁ မဂ္ဂနီကျူ အဆင့်ရှိသော ငလျင်လှုပ်ခတ်မှု ဖြစ်ပွားခဲ့ပြီး နောက်ဆက်တွဲ ငလျင်များ လှုပ်ခတ်နိုင်သဖြင့် ဂျပန်မိုးလေဝသအေဂျင်စီ (JMA) က ဒေသခံများကို သတိပေးထားကြောင်း ယနေ့ သတင်းများအရ သိရသည်။

ငလျင်လှုပ်ခတ်မှုသည် ယနေ့ နံနက်အစောပိုင်းတွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်ပြီး ငလျင်သည် မြေအောက် အနက် ကီလိုမီတာ ၈၀ ခန့်တွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ငလျင်ဗဟိုချက်သည် အနက် ၈၀ ဒသမ ၁ ကီလိုမီတာ၊ မြောက်လတ္တီတွဒ် ၄၂ ဒသမ ၆၃ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၁၄၂ ဒသမ ၉၅ ဒီဂရီတွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ အာဏာပိုင်များက အခြေအနေကို ဆက်လက်စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

ငလျင်ကြောင့် ဟော့ကိုင်းဒိုးရှိ Urahoro ဒေသအပါအဝင် အချို့ဒေသများတွင် ငလျင်၏တုန်ခါမှုကို သိသိသာသာ ခံစားခဲ့ရပြီး အာဏာပိုင်များ၏ ထုတ်ပြန်ချက်အရ အိမ်ထဲရှိပစ္စည်းများ ပျက်စီးခြင်း၊ လူနေအိမ်များ ပျက်စီးခြင်းတို့ ဖြစ်ပေါ်ခဲ့ကြောင်း၊ သို့သော် လူထိခိုက်ဒဏ်ရာရရှိမှု မရှိခဲ့သော်လည်း နောက်ဆက်တွဲ ငလျင်လှုပ်ခတ်မှုများ ဖြစ်ပေါ်နိုင်သည့်အတွက် ပြည်သူများကို သတိထားနေထိုင်ရန် အာဏာပိုင်များက အသိပေးထားသည်။

ဂျပန်နိုင်ငံသည် ပစိဖိတ်မီးကွင်းပေါ်တွင် တည်ရှိသောကြောင့် ငလျင်များ မကြာခဏ ဖြစ်ပွားလေ့ရှိသဖြင့် ဒေသခံများနှင့် အာဏာပိုင်များသည် အရေးပေါ်တုံ့ပြန်မှုစနစ်များကို အမြဲတမ်း အသင့်ထားရှိထားကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

# ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မိုးကြိုးပစ်မှုများကြောင့် လူ ၁၂ ဦး သေဆုံးခဲ့

**ဒါကာ မေ ၂၇**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မေ ၂၆ ရက်က မိုးသည်းထန်စွာရွာသွန်းမှုနှင့် မိုးကြိုးပစ်မှုများကြောင့် လူ ၁၂ ဦး သေဆုံးခဲ့ကြောင်း ယနေ့ သတင်းများအရ သိရသည်။

မိုးသည်းထန်စွာရွာသွန်းမှုများ နိုင်ငံတစ်ဝန်း နေရာအနှံ့အပြား တွင်ဖြစ်ပွားခဲ့ပြီး မိုးကြိုးပစ်မှုများ ဖြစ်ပွားခဲ့ကြောင်း၊ မိုးကြိုးပစ်မှုများကြောင့် သေဆုံးသူအများစုမှာ ကျေးလက်ဒေသများမှ ဖြစ်ပြီး လယ်ထဲတွင် အလုပ်လုပ်နေစဉ် ဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

သေဆုံးသူများအနက် အချို့မှာ မိုးရွာနေချိန်တွင် အမိုးအကာမရှိဘဲ ပြင်ပတွင်ရှိနေစဉ် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ မိုးကြိုးပစ်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူများကို ဒေသခံအာဏာပိုင်များနှင့် ကယ်ဆယ်ရေးအဖွဲ့များသည် နီးစပ်ရာဆေးရုံများသို့ အမြန်ဆုံး ပို့ဆောင်ကုသပေးခဲ့ကြသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် မိုးကြိုရာသီဝင်ချိန်တွင် မိုးကြိုးပစ်မှုများ မကြာခဏ ဖြစ်ပွားလေ့ရှိသော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး၊ အထူးသဖြင့် လယ်ယာလုပ်ငန်းများ အများဆုံးလုပ်ကိုင်ကြသော ကျေးလက်ဒေသများတွင် မိုးကြိုးအန္တရာယ်ပိုမိုမြင့်မားလေ့ရှိသဖြင့် ဒေသခံများကို ယခုကာလတွင် ရာသီဥတုပြောင်းလဲမှုများကြောင့် မိုးကြိုးမုန်တိုင်းများကို သတိပြုကြရန် မိုးလေဝသပညာရှင်များက သတိပေးထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်မြောက်ဘက်ပိုင်းတွင် လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် လူနှစ်ဦးသေဆုံးကာ လူနေအိမ်ခြေများပျက်စီး

**ဝါရှင်တန် မေ ၂၇**

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် မြောက်ဘက်ပိုင်းတွင် လေဆင်နှာမောင်း ဖြတ်သန်းတိုက်ခတ်မှုကြောင့် ဒေသခံလူနှစ်ဦး သေဆုံးခဲ့ပြီး လူနေအိမ်များ ပျက်စီးခဲ့ရကြောင်း တက္ကဆက်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက အတည်ပြု ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

လေဆင်နှာမောင်းသည် ဝိုက်ကောင်တီကို ဗဟိုပြု၍ တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး သေဆုံးသူနှစ်ဦးကိုလည်း သက်ဆိုင်ရာသို့ အပ်နှံစစ်ဆေးကာ မိသားစုဝင်များကို အသိပေးထားကြောင်း၊ လေဆင်နှာမောင်းကြောင့် မိသားစုပေါင်း ၂၀ ကျော်ကို ဘေးလွတ်ရာ ရွှေ့ပြောင်းပေးထားပြီး ယာယီကယ်ဆယ်ရေးစခန်းတွင် နေရာချပေးထားကြောင်း၊ လေဆင်နှာမောင်း ဖြတ်သန်းတိုက်ခတ်ရာ လမ်းကြောင်း တစ်လျှောက် သစ်ပင်များလဲကျခဲ့သလို သစ်ကိုင်းများလည်း ကျိုးကျခဲ့သည့်အတွက်ကြောင့် လမ်းပိတ်ဆို့မှုလည်း ဖြစ်ပေါ်နေကြောင်း သိရသည်။



"ဝိုက်ကောင်တီကို ဗဟိုပြုပြီးတော့ လေဆင်နှာမောင်းတိုက်ခတ်ခဲ့ပါတယ်။ လေဆင်နှာမောင်း အားကောင်းခဲ့တဲ့အတွက်ကြောင့် လူနေအိမ်များ ပျက်စီးခဲ့ပြီးတော့ ဒေသခံလူနှစ်ဦး သေဆုံးသွားခဲ့ပါတယ်။ လူနေအိမ် ၂၀ ကျော်ပျက်စီးခဲ့ပြီးတော့ မိသားစုပေါင်း ၂၀ ကျော်ကို ဘေးလွတ်ရာရွှေ့ပြောင်းပေးထားရတယ်။ လမ်းမကြီးတချို့ ပိတ်ဆို့မှု ဖြစ်ပေါ်ခဲ့ပါတယ်။ အခြေအနေ တည်ငြိမ်သွားမှသာ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေ ဆောင်ရွက်ပေးသွားပါမယ်" ဟု တက္ကဆက်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ကလက်ခ်က ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# ဆော်ဒီအာရေဗျနိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းပြီး မိုးရေချိန်မြင့်မားသောကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာနိုင်

**ရီယာဒ် မေ ၂၇**

ဆော်ဒီအာရေဗျနိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းနေပြီး မိုးရေချိန် မြင့်မားသည့်အတွက် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း National Centre for Meteorology(NCM)က သတိပေးချက်ထုတ်ပြန်သွားခဲ့ကြောင်း ယနေ့ သတင်းများတွင် ဖော်ပြထားသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုအပြင် လေတိုက်နှုန်းလည်း မြင့်မားနေပြီးတစ်နာရီ ကီလိုမီတာ ၆၀ နှုန်းဖြင့် တိုက်ခတ်နေပြီး မိုးသက်လေပြင်း ကျရောက်သည့် အသွင်ဖြစ်ကြောင်း၊ ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ရဖွယ်ရှိနေသည့် ဒေသများမှာ မက္ကာဒေသ၊ အာဆာဒေသ၊ မက်ဒီနာဒေသနှင့် ကွက်ဆင်မ်ဒေသတို့ ဖြစ်ကြောင်း၊ အလားတူ မြောက်ဘက်ပိုင်းနယ်စပ်ဒေသများတွင် ရေကြီးရေလျှံမှု ဖြစ်ပေါ်လာနိုင်ပြီး ဆော်ဒီအာရေဗျနိုင်ငံ အရှေ့ဘက်ပိုင်းနယ်မြေများတွင် ကုန်းနိမ့်ပိုင်းဒေသတချို့၌ ရေကြီးရေလျှံမှု စတင်နေပြီဖြစ်ကြောင်း NCM က ထုတ်ပြန်သွားခဲ့သည်။

"နေရာအနှံ့အပြားမှာ မိုးသည်းထန်စွာ ရွာသွန်းနေပြီးတော့ လာမဲ့ရက်ပိုင်းအတွင်းမှာ ရေကြီးရေလျှံမှု ဖြစ်ပေါ်လာနိုင်ပါတယ်။ ဒီရက်သတ္တပတ်အတွင်းမှာတော့ နေရာတော်တော်များများ ရေကြီးရေလျှံမှုပြဿနာနဲ့ ရင်ဆိုင်သွားရနိုင်တယ်။ အရှေ့ဘက်ပိုင်းဒေသတွေမှာ ကုန်းနိမ့်ပိုင်းဧရိယာတချို့ ရေကြီးရေလျှံမှု စတင်နေပြီဖြစ်ပါတယ်။ မက္ကာဒေသ၊ အာဆာဒေသ၊ မက်ဒီနာဒေသနဲ့ ကွက်ဆင်မ်ဒေသတိုမှာ မိုးရေချိန်မြင့်မားနေသလို လေတိုက်နှုန်းလဲ မြင့်မားနေပါတယ်။ လေတိုက်နှုန်းကလဲ တစ်နာရီကို ကီလိုမီတာ ၆၀ နှုန်းနဲ့ တိုက်ခတ်နေပြီးတော့ မိုးသက်လေပြင်းကျရောက်တဲ့ အသွင်မျိုး ဖြစ်နေပါတယ်"ဟု National Centre for Meteorology (NCM) မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

ဆော်ဒီအာရေဗျ နိုင်ငံတွင် နှစ်ဦးပိုင်းတွင်လည်း ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ပြီး ဒေသခံတချို့ ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# အိန္ဒိယနိုင်ငံ မဟာရက်ရှ်သရာပြည်နယ်တွင် အပူလှိုင်းဖြတ်သန်းနေသဖြင့် အပူချိန်မြင့်တက်မှု အရေးပေါ်အခြေအနေသတ်မှတ်

**နယူးဒေလီ မေ ၂၇**

အိန္ဒိယနိုင်ငံ မဟာရက်ရှ်သရာ ပြည်နယ် အကိုလာဒေသတွင် အပူလှိုင်း ဖြတ်သန်းနေသဖြင့် အပူချိန်လွန်ကဲကာ အပူချိန် မြင့်တက်မှု အရေးပေါ်အခြေအနေ သတ်မှတ်ထားကြောင်း အိန္ဒိယ မိုးလေဝသညွှန်ကြားရေးဦးစီးဌာန (IMD)က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့ သတင်းများတွင် ဖော်ပြထားသည်။

အပူချိန်သည် ၄၁ ဒသမ ၈ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေသည့်အတွက်ကြောင့် ကျန်းမာရေး လုံခြုံမှုကို ဆိုးဆိုးရွားရွား ထိခိုက်စေနိုင်ကြောင်း၊ အပူချိန်မြင့်တက်မှု ကာလရှည်ကြာသွားနိုင်ပြီး အပူချိန်ပမာဏမှာလည်း ကြိုတင်ခန့်မှန်းချက်အရ အပူချိန်မှာ ၄၆ ဒသမ ၉ ဒီဂရီ စင်တီဂရိတ်ထိ မြင့်တက်သွားနိုင်ကြောင်း IMD က ထုတ်ပြန်သွားခဲ့သည်။

မဟာရက်ရှ်သရာပြည်နယ် တစ်ဝန်း အပူလှိုင်းဖြတ်သန်းနေပါတယ်။ ကြိုတင်ခန့်မှန်းချက်အတိုင်း အပူလှိုင်းဖြတ်သန်းနေခြင်း ဖြစ်ပါတယ်။ အပူလှိုင်းဖြတ်သန်းမှုကြောင့် အကိုလာဒေသမှာ စံချိန်တင် အပူချိန်မြင့်တက်မှုတွေ ဖြစ်ပေါ်နေပါတယ်။ အပူချိန်ပမာဏဟာ ၄၁ ဒသမ ၈ ဒီဂရီ စင်တီဂရိတ်ထိ မြင့်တက်နေပါတယ်။ တောမီးလောင်ကျွမ်းမှုတွေလဲ ဖြစ်ပေါ်လာနိုင်တယ်။ အပူချိန်ပမာဏဟာ ၄၆ ဒသမ ၉ ဒီဂရီ စင်တီဂရိတ်ထိ မြင့်တက်သွားနိုင်တဲ့အတွက်ကြောင့် အပူချိန် မြင့်တက်မှု အရေးပေါ်အဆင့် သတ်မှတ်ထားပါတယ်"ဟု အိန္ဒိယ မိုးလေဝသညွှန်ကြားရေးဦးစီးဌာန (IMD)မှ ပြောရေးဆိုခွင့်ရှိသူ ရှီဗာဂျီနာဂါက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ**
**သာယာလှပ စိမ်းမြမြ**

# စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဂျုံကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး



**စစ်ကိုင်း မေ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဂျုံကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၃၁၀၃၅ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ဂျုံ စိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှစတင် ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံးရာနှုန်း ပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၂၀ ဒသမ ၉၇ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"စစ်ကိုင်းမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဂျုံ ၃၁၀၃၅ ကေထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ဂျုံစိုက်ခင်းတွေ လက်ရှိမှာတော့ ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဂျုံစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တောင်သူတွေအသိပညာပေး ဆွေးနွေးတာတွေ လုပ်တယ်။ ဂျုံအထွက်တိုးအောင် ရေသွင်းပြီး မြေဩဇာကျွေးဖို့ နုန်းသားတွေ၊ ပေါင်းရှင်းဖို့ ဆောင်ရွက်ပေးခဲ့ပါတယ်။ ဂျုံအထွက်တိုးဖို့ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဂျုံများ အားလုံးလျာထားကေ ပြည့်မီအောင်စိုက်ပျိုးနိုင်ရေး၊ ဂျုံများ အထွက်နှုန်း တိုးတက်ကောင်းမွန်စေရေး၊ အရည်အသွေးကောင်း ဂျုံများ စနစ်တကျစိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး စသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဂျုံကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဂျုံကို တိုးချဲ့ စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

# မော်လမြိုင်ကျွန်းမြို့နယ်တွင် ရင်ကွဲသရက်သီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ

**မော်လမြိုင်ကျွန်း မေ ၂၇**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်တွင် ဒေသထွက် ရင်ကွဲသရက်သီးများ ဝယ်ယူအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း မော်လမြိုင်ကျွန်းမြို့နယ်မှ သရက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ဒေသထွက် ရင်ကွဲသရက်သီးများ ဈေးကွက်အတွင်း ယခုနှစ် ဧပြီလတတိယအပတ်မှ ယနေ့ထိ အရောင်းအဝယ်ပြုလုပ်လျက်ရှိပြီး တစ်ရက်လျှင် သရက်သီးအလုံးရေ ၂၅၀၀၀ မှ ၃၅၀၀၀ ထိ ဝယ်ယူမှု အားကောင်းမွန်နေကြောင်း၊ အဆိုပါ သရက်သီး အလုံးရေ ၁၀၀ လျှင် ငွေကျပ် ၂၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

''ဒီဘက်ကနေထွက်တဲ့ သရက်သီးတွေကို အခြားမြို့နယ်တွေက ဝယ်ယူအားများနေတယ်။ လက်ရှိ သရက်သီးအလုံးရေ ၃၅၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ အခု အရောင်းအဝယ်ကောင်းနေတဲ့ သရက်သီးတွေက အရည်အသွေးကောင်းပြီး လတ်ဆတ်ပါတယ်။ အခြားဒေသတွေက ဒီဘက်ကနေတင်ပို့တဲ့ ရင်ကွဲသရက်သီးတွေကို အဝယ်လိုက်နေပါတယ်။ အခုလို ဒေသထွက်ကုန် သရက်သီးတွေ ဝယ်ယူအား ကောင်းလာတော့ သရက်စိုက်ပျိုးတဲ့ တောင်သူတွေ အခွင့်အလမ်း ပိုမိုအဆင်ပြေလာပါတယ်''ဟု မော်လမြိုင်ကျွန်းမြို့နယ်မှ သရက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ဒေသထွက်သရက်သီးများ အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် သရက်စိုက်တောင်သူများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်း အဆင်ပြေလျက် ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**













## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန် ကြေညာခြင်း

ရပ်ကွက်(၄)၊ ဝေ့ခါကျေးရွာ ဆိပ်မူကျေးရွာအုပ်စု၊ ဖားကန့်မြို့၊ ကချင်ပြည်နယ်နေ မောင်ဇော်အောင်မှ GWIHKA STAR အမည်အမှတ်တံဆိပ်ဖြင့် သောက်ရေသန့်ထုတ်လုပ်ရောင်းချရန် စီစဉ်ထားရှိပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝန်းတွင်ရှိသော သောက်ရေသန့်စက်ရုံများမှ အမည်တူရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြေညာချက်ပါသည့် ရက်မှစ၍ (၇)ရက်အတွင်း မောင်ဇော်အောင်ထံသို့ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက သတင်းစာကြေညာချက်နှင့်အတူ အသုံးပြုလိုသော တံဆိပ်အမည်ဖြင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ အမည်ထောက်ခံချက် ဆက်လက်လျှောက်ထားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မောင်ဇော်အောင်(၁/ကမန(နိုင်)၀၅၅၇၃၈)
ရပ်ကွက်(၄)၊ ဝေ့ခါကျေးရွာ ဆိပ်မူကျေးရွာအုပ်စု
ဖားကန့်မြို့၊ ကချင်ပြည်နယ်
09-683889404၊ 09-422654086

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ အကွက်(၄၁၅)N2 ရပ်နေ ဦးကျော်ကျော်နိုင်(၉/အမဇ(နိုင်)၀၀၁၆၉၇)နှင့် ဒေါ်သီတာဝင်း(၉/မနမ(နိုင်)၁၀၇၁၄၇)တို့သည် သက်ဆိုင်ရာတရားရုံးတွင် (၂၁-၄-၂၀၂၆)နေ့တွင် တရားဝင်နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခဲ့ကြသည်။ ထို့နောက် ဦးကျော်ကျော်နိုင်အား ဒေါ်သီတာဝင်းမှ ဝန်ခံကတိပြုစာချုပ်အတိုင်း လက်ရောက်ပေးအပ်ခဲ့ပြီးဖြစ်ပါသဖြင့် ၂၁-၄-၂၀၂၆ ရက်မှစ၍ ဒေါ်သီတာဝင်းပိုင်ဆိုင်သည့် တိုက်၊ မြေနှင့် လက်ဝယ်ပိုင်ဆိုင်သမျှတို့သည် ဒေါ်သီတာဝင်း တစ်ဦးတည်းသာပိုင်ဆိုင်ပြီး ဦးကျော်ကျော်နိုင်နှင့် လုံးဝသက်ဆိုင်ခြင်းမရှိကြောင်းနှင့် ဦးကျော်ကျော်နိုင်နှင့်ပတ်သက်သမျှကိစ္စအဝဝတို့ကို ဒေါ်သီတာဝင်းမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သီတာဝင်း
၉/မနမ(နိုင်)၁၀၇၁၄၇
အကွက်(၄၁၅)၊ N2 ညောင်ကွဲရပ်ကွက်
အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန် ကြေညာခြင်း

အိမ်အမှတ်(၁၄၃)၊ အမှတ်(၃)ရပ်ကွက်၊ ရေတာရှည်မြို့နယ်၊ မြို့လှမြို့၊ ပဲခူးတိုင်းဒေသကြီးနေ ဦးချမ်းငြိမ်းဇော်မှ C&K အမည်အမှတ်တံဆိပ်ဖြင့် သောက်ရေသန့်ထုတ်လုပ်ရောင်းချရန် စီစဉ်ထားရှိပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝန်းတွင်ရှိသော သောက်ရေသန့်စက်ရုံများမှ အမည်တူရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြေညာချက်ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ဦးချမ်းငြိမ်းဇော်ထံသို့ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက သတင်းစာကြေညာချက်နှင့်အတူ အသုံးပြုလိုသော တံဆိပ်အမည်ဖြင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ အမည်ထောက်ခံချက် ဆက်လက်လျှောက်ထားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးချမ်းငြိမ်းဇော်(၇/ရတရ(နိုင်)၁၅၇၉၄၉)
အိမ်အမှတ်(၁၄၃)၊ အမှတ်(၃)ရပ်ကွက်၊
ရေတာရှည်မြို့နယ်၊ မြို့လှမြို့၊ ပဲခူးတိုင်းဒေသကြီး။
09-883555830၊ 09-401467482၊ 09-662814008

**အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်း ရောင်ရှိ ချိန်တွင် ပိတ်ထား ခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## ပျောက်ဆုံးကြောင်း

လယ်ဝေးမြို့၊ အမှတ်(၂)ရပ်ကွက်နေ မဖြိုးပြည့်ပြည့်စိုး (ဘ) ဦးခင်မောင်စိုး(၉/လဝန(နိုင်)၂၀၃၆၆၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-666200019

## ပျောက်ဆုံးကြောင်း

ကုန်ကြမ်းမြို့၊ ချင်စိုက်ထန်ရွာနေ မောင်ကျီဝင်ဆင်း (ဘ) ဦးကျီလောက်ချန်(၁၃/ကကန(နိုင်)၀၀၁၂၀၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-688899931

**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ**
**လိုအပ်သည်ဟု ခံစားနေရပါက**
**သတင်းအချက်အလက်မျှဝေရာစင်တာသို့**
**ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၄) သင်တန်းဖွင့်ပွဲများကို တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်



နေပြည်တော် ဧပြီ ၂၇

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန် ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၄)တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နယ်မြေများရှိ သင်တန်းကျောင်းအသီးသီးသို့ ရောက်ရှိ၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြသည်။ ယနေ့နံနက်ပိုင်းတွင် အဆိုပါ သင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၄) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။

စာမျက်နှာ ၁၈ ကော်လံ ၁ ☆

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၄) သင်တန်းဖွင့်ပွဲများကို တိုင်းစစ်ဌာနချုပ်များရှိ သင်တန်းကျောင်းအသီးသီး၌ ကျင်းပပြုလုပ်စဉ်။

**နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေး တို့အတွက် စစ်ဆင်ရေး တာဝန်များ ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို**

စာမျက်နှာ - ၂၁

**Zurich Classic of New Orleans ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို ဖစ်ဇ်ပက်ထရစ်တို့အတွဲ ဆွတ်ခူး**

စာမျက်နှာ - ၉

# တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်နေသူများကို ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် ဧပြီ ၂၇

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ဆောင်နေကြောင်းသတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးရာ

စာမျက်နှာ ၂၃ ကော်လံ ၁ ❖



တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် တော်ကော့(တွင်း)၌ တရားမဝင်အွန်လိုင်းလောင်းကစားလုပ်ကိုင်သူ တရုတ်နိုင်ငံသားအမျိုးသား ရှစ်ဦး၊ ထိုင်ဝမ်လူမျိုး အမျိုးသမီး တစ်ဦး၊ မြန်မာနိုင်ငံသားအမျိုးသား၂၇ ဦး၊ အမျိုးသမီး ခုနစ်ဦး စုစုပေါင်း ၄၃ ဦးနှင့် အွန်လိုင်းလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများ ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။

ဆင်မင်းဘိလပ်မြေစက်ရုံအုပ်စု
SINMINN CEMENT FACTORY GROUP
SIN MINN
အရည်အသွေးမှာထိပ်ဆင်မင်းတံဆိပ်ဘိလပ်မြေ
ISO 9001 : 2015
CERTIFICATE NO.TH011875
ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၆၅၅၀၅၄၄၃၊ ၀၉ ၆၆၇၅၄၄၄၀၈၊ ၀၉ ၆၆၁၃၆၆၁၄၀
E-Mail : scfg.kyaukse@gmail.com
BEST QUALITY CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘိလပ်မြေ
BEST QUALITY CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ